www.burmeseclassic.com

မိတ်ဆွေစာပေ

# မေမေ့ကို သတိရပါ

နှင့်

## အခြားပုံပြင်များ

မောင်မဟာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့အဓိကအရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်ရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မေမေ့ကိုသတိရပါနှင့်

# အခြားပုံပြင်များ

## မောင်မဟာ

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၄၆၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၄၆၀၈၀၉

တန်ဖိုး - ၃၀၀ ကျပ်

ထုတ်ဝေသည့်ခုနှစ် - ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ။

အဖုံးပန်းချီ - ကံကောင်း

အတွင်းဖလင် - A-7 Group (Asia Plaza)

ထုတ်ဝေသူ - ဦးချစ်ညွှန့် (၀၄၀၀၄)၊
ဇင်ရတနာစာပေ၊ ၂၀၅က/၄-လမ်း
မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကြည်ဝင်း(၀၄၆၁၅)၊
လဲ့လဲ့မှန်ပုံနှိပ်တိုက်၊
၁၅၈၊ ၄၅-လမ်း၊ ဗိုလ်တထောင်၊
ရန်ကုန်။

၃၉၈.၂

မဟာ၊ မောင်

မေမေ့ကိုသတိရပါနှင့်အခြားပုံပြင်များ /
မောင်မဟာ။ - ရန်ကုန်။
ဇင်ရတနာစာပေ၊ ၂၀၀၉။
၁၄၀-စာ ၊ ၁၃ x ၁၉.၄စင်တီ။

(၁) မေမေ့ကိုသတိရပါနှင့်အခြားပုံပြင်များ


BURMESE CLASSIC .com

# မာတိကာ


၁။ ဖိုးသောကြာ ၁

၂။ မေမေ့ကို သတိရပါ ၁၇

၃။ တေးသီချင်းတစ်ပုဒ်ဆိုပေးပါ တေးနတ်သမီး ၂၂

၄။ ပျားတုတ်ခံရသော ဝက်ဝံနှင့် ယုန် ၃၄

၅။ သေတ္တာတစ်လုံး ၃၈

၆။ ပျော်ပျော်ရွှင်ရွှင် ၆၄

၇။ အုံ့ဩစရာတွေပါပဲ ၉၁

၈။ နတ်သမီးနာရီ ၁၀၈

၉။ ကြောင်နှင့်ကြွက် ၁၁၆

၁၀။ မြင့်မောက်သောတောင် သေးကွေးသောရှဉ့် ၁၂၅


www.burmeseclassic.com

www.burmeseclassic.com

# ဖိုးသောကြာ

နေ့တစ်နေ့တွင် အကျွန်ုပ်သည် သောင်ပြင်ပေါ်တွင် လှေငါးစင်းထိုးဆိုက်လာသည်ကို တွေ့မြင်လိုက်ရသည်။ သောင်ပြင် မှာ အကျွန်ုပ် နေထိုင်ရာ ကျွန်း၏တစ်ဖက်တွင် တည်ရှိနေသည်။ အကျွန်ုပ်သည် လှေငါးစင်းကို တွေ့မြင်လိုက်ရ သည့်အတွက် အံ့ အားတသင့် ဖြစ်နေမိသည်။

လှေတစ်စင်းစီတွင် လူပေါင်းလေးယောက်သို့မဟုတ် ခြောက်ယောက်နီးပါးမျှ စီးနင်းလိုက်ပါလာခဲ့သည်ဟူ၍ အကျွန်ုပ် အကြမ်းဖျင်းအားဖြင့် သိရှိလိုက်ပါသည်။ အကျွန်ုပ်အနေဖြင့် လှေ ငါးစင်းပေါ်တွင် စီးရင်းလိုက်ပါလာကြသည့် လူပေါင်းအများ အပြားနှင့် ယှဉ်ပြိုင်တိုက်ခိုက်ရန် မဝံ့လုပေ။ ယင်းကြောင့် အကျွန်ုပ်သည် အကျွန်ုပ်နေထိုင်ရာ ရဲတိုက်ကြီးအတွင်းမှာပင်

www.burmeseclassic.com

www.burmeseclassic.com



နေနေပါသည်။ လေ့ပေါ်မှလူများ ၎င်းတို့၏ အင်အားဖြင့် အကျွန်ုပ်အား လာရောက်တိုက်ခိုက်လိုပါလျှင် အကျွန်ုပ်သည်လည်း ပြန်လည်ခုခံတိုက်ခိုက်ရန် အဆင့်သင့်ပြင်ဆင်ထားရှိ ပါသည်။

သို့ရာတွင် အကျွန်ုပ်နေထိုင်ရာရဲတိုက်ကြီးသို့ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ကြခြင်း မရှိကြပါပေ။ ယင်းကြောင့် အကျွန်ုပ်သည် ရဲတိုက်ကြီးထဲမှ ထွက်လာလိုက်သည်။ အနီးအပါး တွင် တောင်မြင့် တစ်တောင်ရှိနေ၏။ အကျွန်ုပ်သည် တောင်ထပ် ပေါ်သို့ သတိကြီးစွာထားရှိကာ တက်လိုက်သည်။ အကျွန်ုပ်သည် တောင်ထိပ်မှနေ၍ သောင်ပြင်သို့ ကြည့်လိုက်၏။ မြင်ကွင်းသည် ထင်ထင်ရှားရှားဖြစ်သည်။

သောင်ပြင်တွင် လူရိုင်းသုံးဆယ်ခန့်ကို တွေ့လိုက်ရသည်။ ၎င်းတို့အားလုံးသည် မီးပုံတစ်ပုံကို ပတ်လည်ဝိုင်းရံ ကခုန်နေကြသည်။ ၎င်းတို့အားလုံး၏ အကသည် သိမ့်မွေ့ညက်ညောမှု မရှိလှပေ။ ကြမ်းတမ်းကြ၏။

အတန်ကြာမျှ ကခုန်ပြီးသည်နောက် လူရိုင်းအုပ်စုသည် လှေများဆီသို့ ထွက်သွားကြသည်။ ၎င်းနောက် လှေများထဲမှလူနှစ်ယောက်ကို ဆွဲထုတ်ခေါ်ဆောင်လာ၏။ ခေါ်ဆောင်လာသော လူနှစ်ယောက်အနက် လူတစ်ယောက်ကို လူရိုင်းအုပ်စုသည် ချက်ချင်းသတ်ပစ်လိုက်ကြသည်။

လူရိုင်းအုပ်စုသည် သတ်ပစ်လိုက်သည် လူတစ်ယောက်၏ အနီးအပါးတွင် ဝရုန်းသုန်ကားဖြင့် ရှုတ်ရှုတ်ထွေးထွေးမှုဖြစ်နေကြစဉ် တွင် ကျန်ရှိသည့် လူတစ်ယောက်သည် ၎င်းကိုယ်



လွတ်ရုန်း ထွက်ပြေးရန် အခွင့်အလမ်းတစ်ရပ် ရရှိလိုက်သည်။ ၎င်းလူသည် အကျွန်ုပ် နေထိုင်ရာ ရဲတိုက်ကြီးရှိရာသို့ ရှာရှကာ အလွန်လျှင်မြန်စွာ ပြေးထွက် လာသည်ကို အကျွန်ုပ်တွေ့မြင်လိုက်သည်။ ၎င်းလူသည် ရဲတိုက်ကြီး ရှိရာတွင် ပုန်းအောင်းရန် အတွက်ပင် ဖြစ်လေသည်။ ရဲတိုက်ကြီးအနီး အပါးတွင် သစ်ပင်အုပ်စုတစ်အုပ်စုအုံဖွဲ့ ရှိနေပေမည်ဟူ၍လည်း ၎င်းသည် တွေးတော မိမည်ဖြစ်သည်။

အကျွန်ုပ်စိုးရိမ်မိသည်မှာ ထွက်ပြေးလာသော လူကိုလက်ရဖမ်းဆီးရန်အတွက် ၎င်း၏နောက်သို့ လူရိုင်းအုပ်စုဝင်များအားလုံး ထက်ကြပ်မကွာလိုက်လာလိမ့်မည်လားဟူ၍ ဖြစ်သည်။ သို့ရာတွင် အကျွန်ုပ်စိုးရိမ်မိသကဲ့သို့ မဖြစ်ခဲ့ပါလေ၊ ၎င်းလူ၏နောက်သို့ လူရိုင်းအုပ်စုထဲမှ သုံးဦးမျှသာ လိုက်လံဖမ်းဆီးနေသည့်အတွက် ဖြစ်သည်။ ထိုလူသည်ချောင်းတစ်ခုကို လက်ပစ်ကူးကာ ဖြတ်သန်းလိုက်သည်။ ၎င်းအတွက် မည်သည့်အခက်အခဲမျှ မရှိသည့်အသွင် ဖြစ်သည်။ အကျွန်ုပ်အနေဖြင့်လည်း ရှေ့ကထွက်ပြေးနေသည့် သူကတစ်ယောက်၊ နောက်က ထက်ကြပ်မကွာလိုက်လံဖမ်းဆီးနေသည့်သူက သုံးယောက်မျှ အနေအထားဖြစ်ပေါ်နေသည့် မြင်ကွင်းကို ကြည့်ရင်း ဆန္ဒတစ်ခု ဖြစ်ပေါ်လာမိ၏။ ယင်းဆန္ဒမှာ ထွက်ပြေးလာနေသူကို အကူအညီပေးရန်၊ ၎င်း၏အသက်ကို ကယ်ဆယ်လိုက်ရန်ဟူ၍ ဖြစ်သည်။

အကျွန်ုပ်သည် သေနတ်နှစ်လက်ကို ယူဆောင်လိုက်သည်။ ဖြတ်လမ်းတစ်ခုကို ရွေးလိုက်သည်။ ရှေ့ကပြေးနေသည့် လူတစ်ယောက်နှင့် နောက်ကထက်ကြပ်မကွာလိုက်လံဖမ်းဆီး

www.burmeseclassic.com



နေကြသည့် လူရိုင်းသုံးဦးတို့အား အမိုလိုက်နိုင်ရန် အတွက်ဖြစ်သည်။

အကျွန်ုပ်သည် ရှေ့ကပြေးနေသောလူသိရှိစေရန် အသံပြုလိုက်၏။ သို့ရာတွင် ထိုလူသည်အကျွန်ုပ်၏ အသံကြောင့် လန့်ဖြန့်သွားရှာ၏။ အကျွန်ုပ်က ထိုလူအား အကျွန်ုပ်ထံသို့ အရောက် ထွက်ပြေးလာရန် ခေါ်ယူလိုက်သည်။ ထိုအချိန်မှာပင် နောက်က ထက်ကြပ်မကွာလိုက်နေသော လူရိုင်းသုံးဦးတို့သည် ထိုလူ၏အနီးသို့ တစ်ဟုန်းတည်း ပြေးကပ်သွားသည်။ အကျွန်ုပ်သည် အကျွန်ုပ်၏ သေနတ်ဖြင့် ပစ်ခတ်လိုက်ရသည်။

ကျန်ရှိသည့် လူရိုင်းတစ်ဦးသည် ၎င်းတို့၏ လေးနှင့်မြားကို အကျွန်ုပ်ထံသို့ ပစ်မှတ်ထားကာ ပစ်ရန်အတွက် ပြင်ဆင်ချိန်ရွယ်လိုက်ကြသည်။ အကျွန်ုပ်သည် အကျွန်ုပ်၏ သေနတ်ကိုပင် ထပ်မံ၍ အသုံးပြုလိုက်ရပြန်သည်။ လူရိုင်းနှစ်ဦးကို ချိန်ရွယ် ပစ်ခတ်လိုက်သည်၊ ၎င်းတို့ဒဏ်ရာဖြင့်လဲကျသွား ကြပေသည်။

ရှေ့ကပြေးနေသောလူသည် အကျွန်ုပ်၏ သေနတ်ကိုလည်းကောင်း၊ သေနတ်ပြောင်းဝမှ ထွက်ရှိလာသော ယမ်းငွေ့များကို လည်းကောင်း၊ တုန်လှုပ် ချောက်ချားစွာ ရှိနေသည်။ *(၎င်းလူအနေဖြင့် သေနတ်ဖြင့် ပစ်ခတ်လိုက်သည့် မြင်ကွင်းကိုလည်းကောင်း၊ သေနတ်ကိုလည်းကောင်း မတွေ့မမြင်မိခဲ့၊ မကြားမိခဲ့သည့်အတွက်ကြောင့်လည်းကောင်း ကြောက်ရွံ့တုန်လှုပ်နေသည့် တန်ရှိနေခဲ့သည်)*

၎င်းနောက် ထိုလူသည် ငြိမ်သက်စွာရပ်နေလိုက်သည်။ အကျွန်ုပ်သည် ၎င်းအားထပ်မံ၍ အသံပြုခေါ်ဝေါ်လိုက်သည်။ အကျွန်ုပ်၏အနီးသို့လာရောက်ရန် အချက်ပြလိုက်သည်။ ထိုလူသည် အကျွန်ုပ်ရပ်နေသည့်နေရာသို့ အနည်းငယ်မျှ လှမ်းတတ်လာသည်။ ထိုနောက် ထိုလူသည် ရပ်ဆိုင်းနေလိုက်သည်။



အကျွန်ုပ်သည်ယင်းအား တစ်ကြိမ်ထပ်မံခေါ်လိုက်သည်။ အကျွန်ုပ်သည် ယင်းအား ပြုံးပြလိုက်သည်။ နောက်ဆုံးတွင် ယင်းသည် အကျွန်ုပ်၏ အနီးအပါးသို့ တိုးကပ်ရောက်ရှိလာသည်။

ထိုလူသည် ဒူးထောက်လိုက်ပါသည်။ ၎င်းနောက်မြေပြင်ကိုနမ်းလိုက်ပါသည်။ ဆက်လက်၍ ၎င်း၏ ဦးခေါင်းအား အကျွန်ုပ်၏ ခြေဖမိုးပေါ်တွင် တင်ထားလိုက်ပါသည်။ ယင်းအပြင်၎င်းသည် အကျွန်ုပ်၏ခြေထောက်ကို ပင့်မ,လိုက်သည်။ ၎င်း၏ ဦးခေါင်းထက် သို့ အကျွန်ုပ်ခြေထောက်ကို ထားရှိလိုက်ပြန်သည်။ ၎င်း၏ အပြု အမူနှင့် စပ်လျဉ်း၍ ၎င်းကဆိုလိုသည်မှာ ၎င်းသည်အကျွန်ုပ်၏ ကျေးကျွန်အဖြစ်ဖြင့် အစဉ်ဆောင်ရွက်သွားပါတော့မည်ဟူ၍ ဖြစ်သည်။

အကျွန်ုပ်သည် ၎င်းအား မြေပေါ်မှထစေလိုက်ပါသည်။ အကျွန်ုပ်က ၎င်းအား အကျွန်ုပ်သည် မိတ်ဆွေအဖြစ်ဖြင့်သာလျှင် အလိုရှိပါကြောင်းဖြင့် အပြုအမူအားဖြင့် အကျွန်ုပ်က ပြသလိုက်ပါသည်။

ထိုလူသည် အကျွန်ုပ်အား စကားပြောဆိုပါသည်။ သူသုံး နှုန်းပြောဆိုသည့် စကားလုံးများမှာ အလွန်ဖွယ်ရာ ယဉ်ကျေးလှပါသည်။ အကျွန်ုပ်ကိုယ်တိုင်လည်း လူသားတစ်ဦးတစ်ယောက်၏ စကားစမြည်ပြောသံဆိုသံကို နှစ်ပေါင်းများစွာ ကြာမြင့်သည့် တိုင်မကြားသိခဲ့ရခြင်းလည်း ဖြစ်နိုင်ပါသည်။ သို့ရာတွင် ထိုသူသည် မည်သည့်အကြောင်းအရာကို ပြောနေဆိုနေသည်ကို အကျွန်ုပ်မသိရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက သေးဆုံးသွားသော လူရိုင်းသုံးယောက်၏ အလောင်းကို မြေမြှုပ်ပစ်မည်ဟူ၍ အကျွန်ုပ်နားလည်သိရှိစေရန် အရိပ်အခြည်ပြသပါသည်။ ထိုသို့ဖြင့် သေဆုံးသွားသည့် လူရိုင်းသုံးယောက်တို့ကို အခြားမည်သူတစ်ဦးတစ်ယောက်မျှ မတွေ့မမြင်နိုင်ဟူ၍လည်း အကျွန်ုပ်နားလည်လာစေရန် ပြောဆိုပါသည်။

၎င်းနောက် အကျွန်ုပ်သည် ထိုသူအားခေါ်ဆောင်သွားပါသည်။ သို့ရာတွင် အကျွန်ုပ်၏ ရဲတိုက်ကြီးဆီသို့ မဟုတ်ရပါ။ ဂူတစ်ဂူသို့ဖြစ်ပါသည်။ အကျွန်ုပ်သည် ၎င်းအားပေါင်မုန့်နှင့် ချိုမြသော စပျစ်သီးအခြောက်ကို စားသောက်ရန်ပေးလိုက်ပါသည်။ ရေကိုလည်း သောက်ရန်ပေးလိုက်ပါသည်။

အကျွန်ုပ်သည် ၎င်းအိပ်စက်ရန်အတွက် မြေပေါ်မှာပင် ကောက်ရိုးအိပ်ယာခင်းတစ်ခုကို ပြုလုပ်ပေးလိုက်ပါသည်။ ၎င်းနောက် စောင်တစ်ထည်ကိုလည်း ခြုံရန်ပေးလိုက်သည်။ အကျွန်ုပ်သည် ထိုသူအိပ်စက်နေသည့် အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေမိပါသည်။

ထိုသူသည် ရုပ်ရည်အားဖြင့် ပြေပြစ်သူတစ်ဦး ဖြစ်ပါသည်။

ယင်း၏ အသက်သည် နှစ်ဆယ့်ခြောက်နှစ်နီးပါးမျှဖြစ်သည်။ ယင်းမျက်နှာသွင်ပြင်သည် အပြစ်ကင်းစင်သည့်ဟန် ရှိနေသည်။ ယင်း၏ဆံပင်အရောင်အဆင်းသည် မည်းနက်နေပါသည်။ ဆံပင်သည် ရှည်လျားပါသည်။ ယင်းသည်လူမည်းတစ်ဦး မဟုတ်ပါပေ၊ အကြောင်းကား ယင်း၏အသားအရည်သည် လုံးလုံးမည်းနက် မနေပါပေ။ ယင်း၏နှာခေါင်းသည် သေးငယ်ပါသည်။ ယင်း၏ နှုတ်ခမ်းသည် ပါးလွှာပါသည်။ ယင်း၏သွားများသည်



လည်း လှပနေပါသည်။ သွား၏အရောင်အဆင်းသည် ဆင်စွယ်ရောင် ကဲ့သို့ ဖွေးဖွေးနေပါသည်။

အကျွန်ုပ်သည်အကျွန်ုပ်၏ ဆိတ်များမှာ နို့ရည်များကို ညှစ်နေစဉ် ထိုသူသည် အိပ်ပျော်နေရာမှ နိုးထလာပါသည်။ ၎င်းသည် အကျွန်ုပ်ရှိနေသည့်နေရာသို့ ရောက်ရှိလာပါသည်။ ၎င်းက အကျွန်ုပ်၏ကျေးကျွန်တစ်ယောက်သဖွယ် ဆောင်ရွက်လိုပါကြောင်းဖြင့်လည်း အကျွန်ုပ် နားလည်သိရှိရန် လက္ခဏာများဖြင့် ထပ်မံ၍ပြသပါသည်။

အကျွန်ုပ်သည် ထိုသူကိုနားလည်လိုက်ပါသည်။ ထိုသူအား "ဗိုးသောကြာ"ဟူ၍ အမည်ပေးခေါ်ဝေါ်လိုက်သည့် အထိ ဖြစ်ရ၏။ သောကြာနေ့တွင် အကျွန်ုပ်သည် ထိုသူ၏ အသက်ကို ကယ်ဆယ်လိုက်သည့်အတွက် ဖြစ်သည်။

အကျွန်ုပ်သည် ဗိုးသောကြာအား "သခင်"ဟူသည့် စကားလုံး၊ "ဟုတ်ကဲ့"ဟူသည့် စကားလုံး၊ "မဟုတ်ဘူး" ဟူသည့် စကားလုံးအပါအဝင် အခြားစကားလုံးအမြောက် အများကို သင်ကြားပေးပါသည်။

အကျွန်ုပ်က ဗိုးသောကြာအား ဆိတ်နို့ကိုသောက်သုံးနိုင်ပါကြောင်း သို့ရာတွင် လူ၏အသားကို ဘယ်သောအခါမှာမှ ထပ်မံ၍ မစားမသောက်ရန်၊ မလိုက်နာပါက အကျွန်ုပ်ကိုင်ဆောင်ထားသော သေနတ်ဖြင့် ပစ်ခတ်ရလိမ့်မည်ဖြစ်ကြောင်း အစရှိသည်တို့ကို ရှင်းလင်းပြောဆိုလိုက်ပါသည်။

အကျွန်ုပ်သည် ဗိုးသောကြာအတွက် အကျွန်ုပ်ဖြင့် လက်ဖြင့်ချုပ်လုပ်မှုဖြင့် ဝတ်စုံတစ်စုံ ချုပ်လုပ်ပေးလိုက်ပါသည်။ ဗိုးသောကြာ သည် ၎င်းအတွက် ရရှိလာသော ဝတ်စုံနှင့်

www.burmeseclassic.com



စပ်လျဉ်း၍ အလွန်အား ကျေနပ်မှု အသွင်ဖြစ်ပေါ်နေပါသည်။ ယင်းသည် ယခုလာ သော ဝတ်စုံအမျိုးအစားမျိုးကို မည်သည့် အချိန်အခါမှာမှ ဝတ်ဆင်ခဲ့ခြင်း မရှိခဲ့သေးပေ။ ယင်းကြောင့် ဝတ်စုံရရှိလိုက်သည်နှင့်ပင် လိုလားသည့်အသွင်သိသာစွာ ဖြစ်ပေါ်နေပါသည်။

အကျွန်ုပ်သည် ဖိုးသောကြာအား အကျွန်ုပ်နေထိုင်သည့် ရဲတိုက်ကြီးကို ပြသလိုက်ပါသည်။ ဖိုးသောကြာသည် ဦးစွာပထမ ရဲတိုက်ကြီးအတွင်း အကျွန်ုပ်၏အိပ်စက်သည့် နံရံအကွယ်အကွာ အပြင်ဖက်တွင် တသီးတခြားခွဲအိပ်ပါသည်။ စင်စစ်အကျွန်ုပ် သည် ဖိုးသောကြာနှင့် စပ်လျဉ်း၍ လုံးလုံးလျားလျားစိတ်ချဟူ၍ မဖြစ်မိ သေးပါ။ သို့ရာတွင် အကျွန်ုပ်သည် ဖိုးသောကြာအား ကြောက်ရွံ့ခြင်း မဖြစ်မိပါ၊ အကြောင်းမူကား ဖိုးသောကြာသည် အကျွန်ုပ်၏ အပေါ်တွင် သစ္စာရှိသော၊ ချစ်ခင်တွယ်တာသော၊ အလွန်အလုပ် ကြိုးစားဆောင်ရွက်သော အစေအပါးတစ် ယောက်အဖြစ်ဖြင့် ၎င်း ကိုယ်ကို ၎င်းသက်သေထူပြနေသည့် အတွက်ကြောင့် ဖြစ်သည်။

ရက်တို့သည် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့ပါပြီ။ အကျွန်ုပ်သည် ဖိုးသောကြာအပေါ်တွင် ပိုမို၍ခင်တွယ်ခဲ့၊ သဘော ကျစွာဖြစ်မိခဲ့ရပါသည်။ ဖိုးသောကြာသည် လိမ္မာပါသည်။ ထူးချွန် ထက်မြက်မှုရှိပါသည်။ မကြာမီမှာပင် ယင်းသည်စကား ကို ကောင်းစွာ ပြောတတ်ဆိုတတ်လာပါလိမ့်မည်။ ထိုအခါတွင် အကျွန်ုပ်နှင့် ဖိုးသောကြာတို့နှစ်ဦး လုပ်ကိုင်စရာရှိသည်များကို အတူတကွ လုပ်ကြကိုင်ကြပါလျှင် အကျွန်ုပ်တို့နှစ်ဦး၏ဘဝသည် အလွန်သာယာပျော်ရွှင်ဖွယ်ရာကောင်းသောဘဝဟူ၍ ဖြစ်လာ ကြပါလိမ့်မည်။



ဖိုးသောကြာသည် အကျွန်ုပ်ကိုင်ဆောင်သော သေနတ် နှင့်ဆက်စပ်၍ နားလည်သိကျွမ်းမှု မရှိခဲ့ပါ။ အကျွန်ုပ်သည် ဖိုးသောကြာအား ပထမဆုံးအကျွန်ုပ်သည် သေနတ်ဖြင့် ဆိတ် တစ်ကောင်ကို ပစ်ခတ်ပြသလိုက်ပါသည်။ ၎င်းသည် တုန်လှုပ် ချောက်ချားသွားပါသည်။ သေနတ်ကိုကြောက်ရွံ့သည့် အတွက် ကြောင့် ဖြစ်ပါသည်။ တစ်ဆက်တည်း ၎င်းအနေဖြင့် ထင်မှတ် သွားသည်မှာ အကျွန်ုပ်သည် ၎င်းကိုသေနတ်ဖြင့် ပစ်သတ်ရန် ရည်ရွယ်မှုရှိ သည်ဟူ၍ ထင်မှတ်သွားရှာပါသည်။ အကျွန်ုပ်က သေနတ်ဖြင့်ပစ် ခတ်ပြသလိုက်သည့်အတွက် သူ၏ ကိုယ်ခန္ဓာ တွင် ဒဏ်ရာဒဏ်ချက် များရရှိသွားသည်ဟူ၍ ခံစားမိ သည့် အသွင် သူ့ကိုယ်ကိုသူ ပြန်ကြည့်နေရှာပါသည်။

ထို့နောက် ဖိုးသောကြာအား အကျွန်ုပ်ရှိနေသည့် နေရာ သို့ ရောက်ရှိလာပါသည်။ အကျွန်ုပ်၏ရှေ့မှောက်တွင် ဒူးထောက်လိုက်ပါသည်။ အကျွန်ုပ်၏ ဒူးနှစ်ဘက်ကို ဖက်ပွေ့ ထားလိုက်ပါ သည်။ ဆက်လက်၍ ဖိုးသောကြာသည် အကျွန်ုပ် အား စကားများစွာ ပြောဆိုလိုက်ပါသည်။ ယင်းပြောဆိုသည့် စကားများ၏ အနက်အဓိပ္ပာယ်သည် "ကျွန်တော်ကို မသတ်ပစ် လိုက်ပါနဲ့ သခင်ရယ်…" ဟူ၍ ပင်ဖြစ်ပါမည်။

ထို့ကြောင့် အကျွန်ုပ်က ဖိုးသောကြာအား မည်သို့မျှ နာကျင်စွာ ပြုမူလိမ့်မည် မဟုတ်ပါကြောင်း သေနတ်ကို မည်သို့ မည်ပုံကိုင်ဆောင်ပစ်ခတ်မှု ပြုရသည်ကို ဖိုးသောကြာအား မျက်မြင်ကိုယ်တွေ့သိရှိစေလိုသည့်အတွက် ပြသပစ်ခတ်ခြင်း ပင် ဖြစ်ပါ ကြောင်းဖြင့်လည်း ပြောဆိုလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသောကြာသည် သေနတ်ကို အချိန်အားဖြင့်ကြာမြင့်သည်တိုင် မထိမကိုင်ခဲ့ပါ။ ၎င်းအနေဖြင့် သေနတ်သည် အသက်ရှိနေသည်၊ ပစ်ခတ်နိုင်သည်ဟူ၍ ထင်မှတ်နေသည့် အသွင်ဖြစ်ပေါ်နေသည့် ဟန်ရှိ၏။ အခြေအနေအားဖြင့် မည်မျှအထိဆိုသော် ဖိုးသောကြာသည် တစ်ခါတစ်ရံတွင် သေနတ်ကိုပင် တိုင်တည်၍ စကားပြောဆိုမှုပြုနေတတ်ပါသည်။ အဓိပ္ပာယ်အားဖြင့်မူ "ကျွန်တော် ကို အသေမသတ်ပစ်လိုက်ပါနဲ့နော်..."ဟူ၍ပင် ဖြစ်ပေလိမ့်မည် ဖြစ်သည်။

ဖိုးသောကြာသည် ဆိတ်သားကို ဟင်းလျာဖြစ် မည်သို့မည်ပုံ စီမံချက်ပြုတ်ရမည်ကို လေ့လာသင်ကြားသည်။ဆက်လက်၍လည်း ၎င်းက၎င်းအနေဖြင့် လူ၏အသားကို မည်သည့်အခါမှာမှ စားသောက်လိမ့်မည် မဟုတ်ဟူ၍လည်း ထုတ်ဖော်ပြောဆိုသည်။

ညနေတိုင်းတွင် အကျွန်ုပ်နှင့် ဖိုးသောကြာသည် စကားပြောဆိုဖြစ်ကြသည်။ အကျွန်ုပ်က အခြားနိုင်ငံရပ်ခြားများနှင့် ဆက်စပ်သည့်အကြောင်းအရာများကို ဖိုးသောကြာအားပြောပြသည်။နိုင်ငံရပ်ခြားတွင် အကျွန်ုပ်တို့မည်သို့မည်ပုံ နေထိုင် ကြမည်။ မည်သို့မည်ပုံ ကုန်သွယ်မှုပြုကြမည်။ အင်္ဂလန်နိုင်ငံကို မည်သို့ မည်ပုံလေးစားရိုသေမှု ရှိကြရမည် အစရှိသည်တို့ ဖြစ်ကြသည်။

ဖိုးသောကြာသည် အကျွန်ုပ်ထံတွင်ရှိနေသော လှေတစ်စီး ၏ယိုယွင်းပျက်စီးနေသည့် အခြေအနေကို ကြည့်ရှုပါသည်။ အဆိုပါလှေသည် သင်္ဘောတစ်စင်းတွင်ပါရှိသော လှေဖြစ်၏။ တစ်ကြိမ်က သင်္ဘောတစ်စီးက ပိုင်ဆိုင်ခဲ့သည့် လှေဖြစ်၏။ သင်္ဘောနစ်မြုပ် သွားခဲ့သည်အခါတွင် အကျွန်ုပ်သည် အဆိုပါလှေတစ်စင်းဖြင့် လှော်ခတ်ကာ အန္တရာယ်မှ လွတ်မြောက်ခဲ့ရ၏။



ဖိုးသောကြာသည် ပျက်စီးနေသည့်လှေကို ကြည့်ရင်း ငြိမ်သက်စွာရပ်နေ၏။ အချိန်ကြာရှည်ကြာမြင့်စွာ တွေးတောနေသည့် ဟန်လည်းရှိ၏။

"အဲဒီလို လှေအမျိုးအစားဟာ ကျွန်တော်နေတဲ့ အရပ်ကို ရောက်လာဖူးပါတယ်၊ ကျွန်တော်တို့ဟာ ရေနစ်ကြတော့မဲ့ လူဖြူတွေကို ကယ်လိုက်ရပါတယ်၊ လှေထဲမှာ လူဖြူတွေချည်းပဲ၊ လှေနဲ့အပြည့်ပါပဲ..."ဟူ၍ ဖိုးသောကြာက ပြောသည်။ ၎င်းနောက် ၎င်း၏လက်ချောင်းတစ်ချောင်းချင်းစီ အမှတ်အသားပြု၍ လှေထဲတွက်ပါရှိ လာသည့် လူဖြူအရေအတွက်ကို တွက်ဆနေပါသည်။

"အားလုံးလှေထဲမှာ လူဖြူတွေက ဆယ်ခုနစ်နှစ်ယောက်ပါပဲ...အဲဒါသူတို့စီးလာတဲ့ သင်္ဘောက နစ်မြုပ်သွားတယ်လေ၊ အဲဒီညက လေမုန်တိုင်းတိုက်ခတ်နေတဲ့ ညပါပဲ၊ အဲဒီတုန်းက ကျောက်ဆောင်တွေ ပေါ်မှာပဲ ရှိနေပါတယ်။ ကျောက်ဆောင်တွေ ပေါ်ကနေပြီး ကျွန်တော်က မြင်တွေ့နေရတာ၊ အဲဒီလူဖြူတွေက ကျွန်တော်တို့ အရပ်မှာ ရှိနေကြတဲ့ လူသားစားကြသူတွေနဲ့ အေးချမ်းစွာပဲ အတူတူနေ ထိုင်နေကြပါတယ်၊ သူတို့က လူဖြူတွေရဲ့ အသားကို မစားကြ ဘူးလေ။ နေထိုင်ကြတာတော့ အတူတူပါပဲ"ဟူ၍"ဖိုးသောကြာ" ကပြောသည်။

www.burmeseclassic.com



"အဲဒီနောက်ပိုင်းမှာ ကျွန်တော်ဟာ လူမျိုးတွေအပေါ်မှာ ဘယ်နည်းဘယ်ပုံရှုမြင်လာရမယ် အဆက်အဆံပြုရမယ်ဆိုတာ တွေးလာမိပါတယ်၊ သူတို့နဲ့ တစ်နေရာရာကို ထွက်ခွာသွားဖို့ အထိတော့ ကျွန်တော်ဘက်က ဖြစ်ပေါ်လာမိပါတယ်..."

နေ့တစ်နေ့တွင် ဖြစ်သည်။ နေရာမှာကျွန်း၏ အရှေ့ဘက်ခြမ်းတွင် ရှိနေသည့် တောင်ကုန်းတစ်ကုန်း၏ ထိပ်တွင်ဖြစ်သည်။ ဖိုးသောကြာသည်နှင့် အကျွန်ုပ်တို့နှစ်ဦး တောင်ကုန်းထိပ်ပေါ်တွင် ရှိနေကြသည်။ ဖိုးသောကြာသည် ပင်လယ်ပြင်ကို ဖြတ်သန်းကာ ကုန်းမြေတွေ့ မြင်နိုင်မည်နေရာဆီသို့ မှန်းဆစွာ ငေးမောကြည့်ရှု နေသည်။

ထိုအခိုက် ဖိုးသောကြာသည် ရုတ်တရက် ခုန်ပေါက်လိုက်ပါသည်။ ၎င်းနောက်ပျော်ရွှင်စွာ ဆက်လက်၍ ကခုန်နေသည်။

"အို...ပျော်လိုက်တာ၊ ဝမ်းသာလိုက်တာ၊ ကျွန်တော်နေခဲ့တဲ့ ကျွန်တော်နိုင်ငံကို လှမ်းမြင်ရပြီ၊ ကျွန်တော် နေထိုင်ခဲ့တဲ့ နေရာကိုတွေ့ပြီ၊ ကျွန်တော်ရဲ့ နေရာမှာ ကျွန်တော်ပျော်ရမယ်လေ..."ဟု၍"ဖိုးသောကြာ"က မြူးထူးစွာ ပြောသည်။

"မင်းနေခဲ့တဲ့ နေရာမှာ မင်းကဘာလုပ်အုံးမှာလဲ..."

အကျွန်ုပ်က ဖိုးသောကြာကို မေးခွန်းထုတ်လိုက်ပါသည်။

"လူတွေရဲ့ အသားကို စားနေအုံးမှာလား..."

"မစားပါဘူး၊ မစားပါဘူး..."

ဖိုးသောကြာက ပြောလိုက်သည်။

"ကျွန်တော်က ကျွန်တော်နေခဲ့တဲ့ နေရာကိုပြန်ရောက်ရင် အဲဒီမှာရှိနေတဲ့ သူတွေကိုပြောမှာပေါ့၊ ကောင်းကောင်းမွန်မွန်နေကြ ထိုင်ကြဖို့၊ ဘုရားသခင်ထံတော်မှာ ဆုမွန်ကောင်းတောင်းကြဖို့၊ ပြီးတော့ အဲဒီလူတွေကို ပြောင်းသီးနှံစားဖို့၊ ပေါင်မုန့်စားဖို့၊ တိရစ္ဆာန်အသားကိုပဲ စားကြဖို့၊ နို့သောက်ကြဖို့၊ ပြီးတော့ လူသားအချင်းချင်းရဲ့ အသားကိုထပ်ပြီး မစားမသောက်ကြဖို့ အဲဒါတွေ ကျွန်တော်ပြောမယ်..."

"အဲဒီလိုဆို အဲဒီက လူတွေက မင်းကိုသတ်ဖြတ်ပစ်လိုက် မှာပေါ့..."

အကျွန်ုပ်က ပြောလိုက်ပါသည်။

"မဟုတ်ဘူး..."

ဖိုးသောကြာက ပြန်လည်ပြောဆို၏။

"သူတို့တစ်တွေက ကျွန်တော်ကို မသတ်ဖြတ်ကြပါဘူး။ သူတို့ဟာ မေတ္တာစိတ်ထားရှိကြဖို့ကို စိတ်ဝင်စားနေကြပါပြီ အဆင့်ရှိနေကြပါပြီ..."

ထို့နောက် ဖိုးသောကြာက ယင်းနေထိုင်ခဲ့သည် နေရာသို့ အကျွန်ုပ်အား လိုက်ခဲ့ပါရန်နှင့် အကျွန်ုပ်လိုက် ပါခဲ့ပါလျှင် ယင်း၏ နေရာဒေသသို့ ယင်းပြန်လိမ့်မည်ဖြစ်ပါ ကြောင်းဖြင့် ပြောဆို၏။

"ကျုပ်က လိုက်ရမယ်..."

အကျွန်ုပ်က ဖိုးသောကြာလို့ ပြောလိုက်ပါသည်။

"ဘာကြောင့်လဲ၊ အဲဒီကလူတွေက ကျုပ်ကိုစားပစ်လိုက်ကြမှာပေါ့..."

"မစားပါဘူး မစားပါဘူး..."

ဖိုးသောကြာက ပြောဆိုလိုက်ပါသည်။

"သူတို့က သခင်ကို မစားပစ်ရအောင် ကျွန်တော်က သူတို့တစ်တွေကို တားဆီးလိုက်မှာပဲ ဖြစ်ပါတယ်၊ သူတို့တွေက

သခင်ကိုအများကြီးချစ်ခင်လာအောင် ကျွန်တော်က လုပ်ပေးမှာဖြစ်ပါတယ်၊ ကျွန်တော်တို့နေရာဒေသမှာ ကျွန်တော်နဲ့ သခင်နဲ့ အတူတူရှိနေစေချင်ပါတယ်၊ ကျွန်တော်ဖိုးသောကြာတစ်ယောက်ထီးထီးကြီးရှိမနေစေချင်ပါဘူး။ သခင်တစ်ယောက်ထီးတည်းလဲ ရှိမနေစေချင်ပါဘူး...''

''ကျုပ်က ဖိုးသောကြာတို့နေတဲ့ နေရာမှာ ဘာအလုပ်လုပ်နေရမှာလဲ...''

အကျွန်ုပ်က မေးမြန်းလိုက်သည်။

''သခင်ဟာ ကောင်းမွန်တဲ့အလုပ်တွေ အများကြီးပဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်လေ၊ သခင်ဟာ ကျွန်တော်ကို ကောင်းမွန်လာအောင် သင်ကြားပေးခဲ့ပါတယ်တဲ့ ဒီလိုပဲ ကျွန်တော်တို့နေရာမှာ နေနေကြတဲ့ သူတွေကိုလဲ ကောင်းမွန်လာအောင် သခင်ကသင်ကြားပေးပါ...''

''မဟုတ်သေးဘူး၊ မဟုတ်သေးဘူး ဖိုးသောကြာ...''

အကျွန်ုပ်က ပြောဆိုလိုက်ပါသည်။

''ကျုပ်မပါပဲနဲ့ ဖိုးသောကြာရဲ့နေရာကို ဖိုးသောကြာတစ်ယောက်တည်းပဲ ပြန်သွားပါ...''

အကျွန်ုပ်စကားအဆုံး အခိုက်အတန့်အတွင်းတွင် ဖိုးသောကြာထံ၌ အခက်အခဲ အကြပ်အတည်းရှိနေသည့် ပုံပန်းဖြစ်ပေါ်လာသည်။ ထိုနောက် ဖိုးသောကြာသည် ပုဆိန်များထဲမှ ပုဆိန်တစ်လက်ကို ဆွဲယူလိုက်ပါသည်။ အဆိုပါ ပုဆိန်သည် ဖိုးသောကြာကိုင်ခွဲနေကြ နေ့စဉ်သုံးနေကြ ပုဆိန်တစ်လက်ဖြစ်၏။ ဖိုးသောကြာသည် ပုဆိန်ကို အကျွန်ုပ်အား ပေးသည်။

''အဲဒီပုဆိန်နဲ့ ကျုပ်က ဘာလုပ်ရမှာလဲ ဖိုးသောကြာ''



အကျွန်ုပ်က မေးမြန်းလိုက်ပါသည်။ အကျွန်ုပ်၏ စိတ်ထဲတွင်လည်း ဝေခွဲမရဖြစ်သွားမိပါသည်။

''ပုဆိန်ကို ယူလိုက်ပါသခင်၊ အဲဒီပုဆိန်နဲ့ ကျွန်တော်ကို ခုတ်လိုက်ပါ...''

ဖိုးသောကြာက ပြောသည်။

''ဘာဖြစ်လို့လဲ...''

''ဘာဖြစ်လို့လဲဆိုတော့...''

ဖိုးသောကြာက ပြောသည်။

''သခင်ဟာ ကျွန်တော်ကို ရှုးသွပ်စေအောင်၊ ဒေါသထွက်ရှိစေအောင် လုပ်နေတာပဲ မဟုတ်လား၊ ကျွန်တော်ဘာလုပ်ရမှာလဲ သခင်၊ ကျွန်တော်ကို သခင်ဟာ ဟိုအဝေးကြီးကို ပို့လွှတ်နေတာပဲ မဟုတ်လား၊ ပုဆိန်ကိုယူပါ သခင် ကျွန်တော်ကို ပုဆိန်နဲ့ ခုတ်ချလိုက်ပါတော့၊ ကျွန်တော်ကို အဝေးကြီးကို မလွှတ်လိုက်ပါနဲ့ သခင်ရယ်...''

အကျွန်ုပ်သည် ဖိုးသောကြာ၏ မျက်လုံးအိမ်အတွင်းတွင် မျက်ရည်စများကို တွေ့မြင်လိုက်မိသည်။ အကျွန်ုပ်သည် ဖိုးသောကြာကို ကတိပေးလိုက်ပါသည်။ အကျွန်ုပ်သည် ဖိုးသောကြာကို အဝေးတစ်နေရာသို့ မပို့မလွှတ်ဟူသည် ကတိပင်ဖြစ်၏။

ယင်းကြောင့် အကျွန်ုပ်နှင့် ဖိုးသောကြာတို့ နှစ်ဦးသည် ထိုအချိန်မှစတင်၍ အရွယ်အစားအားဖြင့် ကြီးမားသော လှေတစ်စင်းကို ဖော်ဆောင်ပြုလုပ်ကြပါသည်။ အဆိုပါလှေကြီးဖြင့် အကျွန်ုပ်နှင့်ဖိုးသောကြာနှစ်ဦး အတူတကွ မခွဲမခွာခရီးထွက်ကြရန် အတွက်ဖြစ်၏။

ဖိုးသောကြာသည် လှေကြီးပြုလုပ်ရန် အလိုရှိသောအခါ

www.burmeseclassic.com



သော အမျိုးအစားအားဖြင့် ကောင်းမွန်သည့် သစ်ပင်အမျိုးအစား ကို မကြာမြင့်မီက တွေ့ရှိလာပါသည်။ အချိန်အားဖြင့် တစ်လ မျှအကြာတွင် လှေကြီးတစ်စင်း ဖော်ဆောင်ပြုလုပ်ပြီးစီးပြီး ဖြစ် သည်။ ရှေ့လာမည့် ရက်သတ္တပတ်နှစ်ပတ်အတွင်းတွင် အကျွန်ုပ် နှင့်ဖိုးသောကြာတို့နှစ်ဦး လှေကြီးဖြင့် ခရီးနှင်ကြမည် ဖြစ်သည်။

အကျွန်ုပ်သည် ဖိုးသောကြာအား အကျွန်ုပ်တို့ အသုံးပြုကြမည့် လှေကြီးနှင့်စပ်လျဉ်း၍ မည်သို့မည်ပုံရွက်ကို လွှင့်ရမည်၊ တက်ကို အသုံးပြုရမည်အစရှိသည့် လိုအပ်ချက်တို့ကို သင်ကြားပေးပါသည်။ ဖိုးသောကြာအား လှေကြီးတစ်စင်းကို မည်သို့မည်ပုံ ထိန်းသိမ်းဆောင်ရွက်ပေးရမည်ကို သိရှိစေလို၍လည်း ဖြစ်သည်။ ဖိုးသောကြာအနေဖြင့်မူ ရွက်လွှင့်သည့် လှေအမျိုးအစားတစ်စင်း ကို မည်သည့်အခါမှ အသုံးပြုခဲ့ခြင်း မရှိခဲ့ရှာပေ။

မကြာမီအချိန် အတောအတွင်းမှာပင် ဖိုးသောကြာသည် လှေကြီးကို ရွက်လွှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို ကျွမ်းကျင် စွာ သိရှိသွားခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ဖိုးသောကြာ ခမျာ လှေတစ်စင်းတွင်လိုအပ်သည့် ခရီးလမ်းညွှန်အိမ်မြှောင် တစ်ခုကို မည်သို့မည်ပုံ အသုံးပြုရမည်ကိုမူ အလျဉ်းနားမလည် ရှာပါပေ။

***

# မေမေ့ကို သတိရပါ

ဟိုး...ရှေးရှေးက ဖြစ်သည်။ နေ၊ လနှင့်လေတို့သုံးဦးသည် ၎င်းတို့၏ ဦးလေးနှင့် အဒေါ်တို့ တည်ခင်းကျွေးမွေးသော ညစာစားပွဲ သို့သွားရောက်ကြသည်။ ဦးလေးဖြစ်သူမှာ ဦးမိုးကြိုးဖြစ်သည်။ အဒေါ် ဖြစ်သူမှာ ဒေါ်လျှပ်စီးဖြစ်သည်။

နေ၊ လနှင့်လေတို့ အသီးသီးသည် နေအိမ်မှမထွက်ခွါလာမီ မိခင်ကြီးအား နှုတ်ဆက်ခဲ့ကြသည်။ မိခင်ကြီးသည် ဒေါ်ကြယ်ပွင့်ဖြစ် သည်။ ၎င်းတို့သုံးဦးသည် မဲမှောင်နေသော အမိုးခုံးခုံးနေရာကို ဖြတ်ကျော်လာခဲ့ကြသည်။ နက်မှိုင်းသော ဂူကြီးတစ်ဂူသို့ ရှေ့ရှုထွက် ခွါလာကြခြင်းဖြစ်သည်။ အဆိုပါ ဂူကြီးအတောင်းတွင် ဦးလေးနှင့် အဒေါ် ဦးမိုးကြိုးနှင့် ဒေါ်လျှပ်စီးတို့ နေထိုင်ကြသည်။ ညစာကို ဂူကြီးအတွင်း၌ ကျင်းပခြင်းဖြစ်သည်။ ညစာစားပွဲသို့ နေ၊ လနှင့်လေတို့နှင့်အတူ

www.burmeseclassic.com



အခြားသူများကိုလည်း ဖိတ်ကြားသည်။ ညစာစားပွဲသို့ ဖိတ်ကြား ထားသူများ အားလုံးပျော်ရွှင်စွာ ရောက်ရှိလာကြသည်။

နေ၊ လှနှင့်လေတို့ သုံးဦးအနက် နေနှင့်လေတို့သည် တည်ခင်းကျွေးမွေးသော အစားအစာများကို အလွန်လောဘကြီးစွာ စားသုံးကြသည်။ ၎င်းတို့နှစ်ဦး၏ ဦးခေါင်းသည် ၎င်းတို့ အစားအစာများထည့် စားသော ပန်းကန်ပြားများအပေါ်သို့ ထိုးစိုက်ကျနေသည် အစားအစာများကို တဝတပြဲစားသောက်ကြသည်။ ပြင်ဆင်ထားရှိသော ပန်းကန် ပြားများ ခွက်များအတွင်းမှ အစားအစာများ အမျိုးအစားအားလုံးကို တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး စားကြသည်။

နေနှင့်လေတို့သည် ညစာစားပွဲသို့ တက်ရောက် စားသောက်ကြစဉ် မည်သည်ကိုမျှ မတွေးမတောကြပေ၊ ၎င်းတို့၏ ရှေ့တွင် အစီအရီရှိနေကြသည့် အစားအစာများကို အကုန်အစင် စားသောက်ရန်အတွက်သာလျှင် စိတ်မောနေကြသည်။

သို့ရာတွင် လသည် ညစာစားသုံးနေစဉ်မှာပင် နေအိမ်တွင် ကျန်ရစ်ခဲ့ရှာသည်။ မိခင်ကြီးခေါ်ကြယ်ပွင့်ကို သတိရရှိနေ၏။ ၎င်းစားသုံးသည့် အရသာရှိလှသော အစားအစာအမျိုးအစားတိုင်းကို အပုံတစ်ပုံကြစီမျှ သိမ်းဆည်းထားရှိလိုက်၏။ မိခင်ကြီး ခေါ်ကြယ်ပွင့် စားသုံးရန်အတွက် ဖြစ်သည်။

ညစာစားပွဲပြီးဆုံးသွားသည်။ နေ လနှင့်လေတို့ သုံးဦးစလုံး နေအိမ်သို့ ပြန်လာခဲ့ကြသည်။

''ကလေးတို့ရေ မေမေစားဖို့များ ညစာစားပွဲက ဘာအစားအစာများ ယူလာခဲ့ကြသေးသလဲ''



မိခင်ကြီးခေါ်ကြယ်ပွင့်က နေ၊ လနှင့်လေတို့ သုံးဦးစလုံးကို မေးလိုက်သည်။

''ကျွန်တော်တော့ မေမေအတွက် အစာအစားကိုမျှ မယူ လာခဲ့မိဘူး''

''နေ''ကပြောသည်။

''ကျွန်တော်တော့ ကျွန်တော်သူငယ်ချင်းတွေနဲ့ အတူတူ ညစာကိုပဲ ပျော်ပျော်ပါးပါးစားသုံးလိုက်တာပါပဲ မေမေ၊ အဲဒီတော့ မေမေအတွက် ကျွန်တော် မယူယမိခဲ့ဘူး''

''ကျွန်တော်...ကျွန်တော်လဲ မေမေအတွက် ညစာစားပွဲက ဘာအစားအစာမှ မယူလာခဲ့ပါဘူး''

''လေ''ကပြောသည်။

''မေမေရယ် ပြင်ဆင်ထည့်ထားတဲ့ ခွက်တွေပန်းကန်ပြားတွေထဲက အစားအစာတွေ အားလုံးကိုဘယ်လိုလုပ်ပြီးများ တစ်ပုံစီ တစ်ပုံစီ တစ်ခုစီ မေမေအတွက် ယူလာလို့ရပါမလဲ မေမေရယ်...''

ထိုအချိန်တွင် ''လ''သည် ယင်း၏မိခင်ကြီးရှေ့မှောက်သို့ တိုးထွက်လာသည်။

''မေမေ ပန်းကန်ပြားလေးတစ်ချပ် သမီးကိုယူပေးပါနော်၊ ဒီမှာကြည့်ပါ မေမေ...''ဟုပြောလိုက်သည်။

''လ''သည် ၎င်း၏လက်နှစ်ဖက်ကို ဖြန့်လိုက်သည်။ ၎င်းနောက်၎င်း၏လက်နှစ်ဘက်ထဲမှ အသီးအနှံနှင့် ကိတ်မုန့်များကို ပန်းကန်ပြားထဲသို့ ထည့်လိုက်သည်။ ယင်းအသီးအနှံနှင့် ကိတ်မုန့်များမှာ ''လ''သည် ၎င်း၏မိခင်ကြီးစားသောက်ရန် ညစာ စားပွဲမှ ယူဆောင်လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက် မိခင်ကြီးဒေါ်ကြယ်ပွင့်သည် “နေ”ဖက်သို့ လှည့်လိုက်ကာ...

“မင်းဟာ အိမ်မှာ ကျန်နေရစ်ခဲ့တဲ့ မေမေကို မေ့ထားရစ်ခဲ့တယ်၊ မင်းက ညစာစားပွဲမှာ တစ်ကိုယ်ကောင်း ဆန်ဆန် ပျော်နေရွှင်နေခဲ့တယ်၊ အဲဒါဟာ မင်းရဲ့အပြစ်ပဲ၊ အဲဒါကြောင့် မင်းဟာ အမြဲတမ်း ပူပြင်းပြီး ယင်းပူပြင်းနေရမယ်၊ အရှိန် ပြင်းပြင်းနဲ့ကို ပူပြင်းနေရမယ် မင်းရဲ့အရှိန်အဝါဟာ ပူလောင်နေတော့ လူတွေ အားလုံးဟာ မင်းကိုမုန်းတီး နေကြလိမ့်မယ်၊ အေးနေထွက်လာပြီးဆိုရင် ပူတော့လူတွေဟာ သူတို့ ရဲ့ခေါင်းတွေကို နေရောင်မထိုး ရအောင် မကျရောက်ရအောင် ဆောင်းစရာတွေနဲ့ ဆောင်းကြမယ်၊ ဖုံးအုပ်ထားကြမယ်၊ ပြီးတော့ နေရောင်မထိုးနိုင်တဲ့ အရိပ်ရနိုင်မဲ့နေရာတွေကို ရှာကြမယ်၊ အရိပ်ထဲမှာ နေနေကြမယ်...အဲ့ဒါပဲ...”ဟူ၍ ပြောလိုက်သည်။

“နေ”သည် ပူပြင်းပါသည်။ နေသည် ဖော်ပြပါ အကြောင်း၊ ကြောင့် ယနေ့အထိတိုင် ပူပြင်းနေရခြင်း ဖြစ်သည်။

ထိုနောက် မိခင်ကြီးဒေါ်ကြယ်ပွင့်သည် “လေ”ဖက်သို့ လှည့်လိုက်ကာ...

“မင်းလဲပဲ မင်းညစာသွားစားနေတုံးအိမ်မှာ ကျန်ရစ်ခဲ့တဲ့ မေမေကို သတိကို မရတော့ဘူး။ ညစာစားပွဲမှာ မင်းပျော်ဖို့ ပါးဖို့ပဲ မင်းသတိရနေလို့ပဲ ဖြစ်တယ်၊ အဲဒါဟာ မင်းရဲ့အပြစ်ပဲ မင်းဟာ“လေ”ဆိုတော့ လေတိုက်ခတ်ပြီ၊ ယင်းတိုက်ခတ်မယ် ပြင်းပြင်းထန်ထန် တိုက်ခတ်နေရမယ်၊ မင်းဟာ သပ္ပတွေကို ဘိုက်ခတ်မယ်၊ မှုန့်ခွတွေကို တိုက်ခတ်မယ် လူတွေဟာ မင်းကို



ရွံမုန်းလာကြမယ်၊ အဲဒါကြောင့် လေတိုက်ခတ်နေပြီးဆိုရင် လူတွေ ဟာ လေအကွယ်အကာရတဲ့ တောင်ကုန်းတွေရှိရာကို သွားကြမယ်...”ဟူ၍ ပြောလိုက်သည်။

“လေ”သည်တေ့ရမ်းတိုက်ခတ်ပါသည်။ ယင်း အကြောင်းရင်းကြောင့် ယနေ့ထိတိုင် တေ့ရမ်းတိုက်ခတ်နေ ရခြင်းလည်း ဖြစ်ပါသည်။

ထိုနောက် မိခင်ကြီးဒေါ်ကြယ်ပွင့်သည် သမီးဖြစ်သူ “လ” အား...

“သမီးကတော့ ညစာစားပွဲမှာ သမီးဟာ ပျော်ပျော်ရွှင်ရွှင် နဲ့ စားနေသောက်နေရပေမဲ့လို့ မေမေကိုတော့ သမီးဟာ သတိရ နေတယ်၊ အဲဒီတော့ မေမေဆီက ကောင်းကျိုးမြူ မေးတာကို သမီးရရှိမှာပဲ ဖြစ်တယ်။ လရောင်ဟာ နူးညံ့တယ်၊ အေးမြတယ်၊ ငွေရောင်ရွှန်းလက်တယ်၊ အဲဒါကြောင့် လူတွေ အားလုံးဟာ လမင်းကြီး ရွှန်းရွှန်းပပ ပြည့်ပြည့်ဝဝကြီးသာနေမယ်ဆိုရင် ကျေနပ်နှစ်သက်ကြတယ်၊ လူတွေဟာ လရောင် ဖြာဆင်းကျနေမဲ့နေရာတွေ ကို ရှာဖွေသွားကြမယ်၊ လရောင် အောက်မှာ နေနေကြမယ်၊ လရောင်ကို ချစ်ကြတယ်၊ လသာ ဆောင်ကြတယ်၊ သူတို့တစ်တွေ အားလုံးဟာ သမီး“လ”ကို ကောင်းချီးပေးကြလိမ့်မယ်...”ဟူ၍ ပြောလိုက်သည်။

ယင်းအခြေအနေကြောင့်“လ”သည် ယနေ့အထိတိုင် အေးမြသည့် အငွေ့အသက်ရှိနေရခြင်း ဖြစ်သည်။ ဝင်းပနေရခြင်း ဖြစ်သည်။ ငင်းအပြင် ချစ်ဖွယ်ကောင်းစွာလှပ နေရခြင်းလည်း ဖြစ်ပါသည်။

***

www.burmeseclassic.com

www.burmeseclassic.com

# ဗေဒသီချင်းတစ်ပုဒ်ဆိုပေးပါ
## ဗေးနုတ်သမီး

"ဂျင်မီ"သည် ညဦးအမှောင်ကို ထိတ်လန့်ကြောက်ရွံ့ပါသည်။ ညစဉ်ညတိုင်း ဂျင်မီ၏အမေသည် ဂျင်မီကို အိပ်ခန်းထဲတွင်ထားခဲ့ပြီး အိပ်ခန်းမီးကိုပိတ်ပစ်ပါသည်။ ၎င်းနောက် ဂျင်မီ၏အမေ သည် ၎င်း၏ အိပ်ခန်းသို့ ပြန်သွားလေ့ရှိပါသည်။

အိပ်ခန်းထဲတွင် တစ်ယောက်တည်းကျန်ရစ်သော ဂျင်မီသည် ၎င်းအတွက်သီးသန့်ထားရှိပေးသော ကြောင်အိမ်မှာ လည်းကောင်း၊ ၎င်း၏အိပ်ရာအောက်ဘက်မှလည်းကောင်း၊ ပြတင်းပေါက်အပြင်ဘက်မှ လည်းကောင်း၊ ထူးခြားသောအသံများလွင့်ပျံ့လာ နေသည်ကို ကြားနေရ ကြောင်း ထင်မှတ်နေမိသည်။

"သား အိပ်ရာဝင်ချိန်မှာ အင်မတန်သာယာတဲ့ သီချင်းသံမလေး နားမထောင်ချင်ဘူးလား..."



တစ်နေ့သောအခါတွင် အမေက ဂျင်မီကိုမေးလာသည်။

"ကျွန်တော် ဖေဖေ၊ မေမေနဲ့အတူတူအိပ်ရတာကိုပဲ ပိုပြီး ကြိုက်ပါတယ်"ဟူ၍ ဂျင်မီက ညည်းတွားပြီး ပြောသည်။

"ကျွန်တော် တစ်ယောက်တည်းမအိပ်ချင်ဘူး အမေ။ ပြီးတော့ ကျွန်တော်အိပ်ခန်း မှောင်မည်းနေတာကိုလည်း ကျွန်တော်မကြိုက်ဘူး"

ဂျင်မီ၏အမေသည် ပြုံးလိုက်ပါသည်။

"သား ညဘက်မှာအိပ်ပျော်ဖို့ ဖေဖေရော၊ မေမေရော သားကို တစ်ခုခုပေးမယ်"ဟု ဂျင်မီ၏အမေက ပြောလိုက်သည်။

ရက်သတ္တတစ်ပတ်ခန့်အကြာတွင် ဖေဖေနှင့်မေမေက လှပ သော သေတ္တာကြီးတစ်လုံးကို ဂျင်မီအား လက်ဆောင်အဖြစ် ပေးလာ သည်။ လက်ဆောင်သေတ္တာကြီးနှင့် စပ်လျဉ်း၍ ဂျင်မီသည် လွန်ကဲစွာ စိတ်လှုပ်ရှားနေမိသည်။

ဂျင်မီသည် သေတ္တာကြီး၏ အပေါ်ပိုင်းကို ခွာပစ်လိုက်သည်။ သေတ္တာကြီး၏ အတွင်းတွင် သေတ္တာတစ်လုံးကို ဂျင်မီ ထပ်မံ၍တွေ့ရှိသည်။ သေတ္တာ၏အရောင်မှာ တောက်ပပေါ်လွင်သည့် အနက်ရောင်ဖြစ်သည်။ လှည့်ဖွင့်ရန်သော့တစ်ချောင်းလည်း သေတ္တာ၏အပေါ်ပိုင်းတွင် ပါရှိသည်ကို တွေ့ရသည်။

"တူရိယာသေတ္တာလေးတစ်လုံးပါလား"

ဂျင်မီစိတ်ပျော်ရွှင်သွားသည်။ ၎င်းနောက် ဂျင်မီသည် သေတ္တာ ၏ အဖုံးကို ဖွင့်လိုက်သည်။ သာယာသောတေးသံ လွင့်ပျံ့ထွက်ပေါ်လာသည်။


www.burmeseclassic.com

www.burmeseclassic.com



''ဟာ ဒါမျိုးကို ကျွန်တော်လိုချင်နေတာ'' ဂျင်မီ သူ့အာသာ သူ ပြောလိုက်သည်။

''ကျွန်တော် ညဘက်အိပ်ရာဝင်တဲ့အခါမှာ သာယာတဲ့ တေးသံကို သိပ်ကြားချင်နေတာ''

ထို့နေ့ညတွင် အမေသည် ဂျင်မီကိုနှုတ်ဆက်ကာ အိပ်ခန်းမီး ပိတ်၍ ထွက်ခွာသွားသည့်အချိန်တွင် ဂျင်မီသည် တူရိယာသေတ္တာကို ဖွင့်လိုက်ပါသည်။ တေးသံထွက်ပေါ်လာ သည်။

အမေက ဂျင်မီကို တေးသံသာဖြင့် အိပ်ပျော်သွားစေရန် ထားခဲ့ခြင်းဖြစ်သည်။ တေးသံသာကို ကြားရသည့်အခါ ဂျင်မီ အလွန်ပျော်ရွှင်သွားပါသည်။ တေးသံထက် ပိုမိုသာယာ နာပျော် ဖွယ်ကောင်းသောအသံ မရှိတော့ပေ။ ဂျင်မီအိပ်ပျော်သွားပါ သည်။

ထို့နေ့ညမှစတင်၍ ညပေါင်းများစွာတိုင် ဂျင်မီသည် တေးသံကို နားထောင်၍ အိပ်ရာဝင်ခဲ့သည်။ သို့သော် ညပေါင်း အတန်ကြာသည့်အခါ ဂျင်မီသည် ညအိပ်ရာဝင်ကြားနေကျ တေးသံကို ငြီးငွေ့လာသည်။ သူနားထဲတွင် မစွဲတော့ပေ။

''တစ်ညတစ်မျိုး ဖွင့်နားထောင်လို့ရတဲ့ တူရိယာ သေတ္တာမျိုးပဲ လိုချင်လိုက်တာ''

ဂျင်မီ တောင့်တောင့်တတဖြစ်လာသည်။ ဂျင်မီသည် အမေ့ကို တူရိယာသေတ္တာနောက်တစ်လုံး၊ နောက်တစ်မျိုး ပူဆာသည်။ အခြား အမျိုးအစား တူရိယာသေတ္တာမျိုး မရှိတော့ဟူ၍ ဂျင်မီ၏အမေက ပြောလိုက်သည်။



ထိုနေ့ညတွင်လည်း ဂျင်မီသည် တူရိယာသေတ္တာကို အခါတိုင်း ကဲ့သို့ဖွင့်ကာ နားထောင်သည်။ ကြားနေကျတေးသံသာ ပဲ ဖြစ် သည်။ ဂျင်မီမပျော်တော့ပါ။ ဂျင်မီသက်ပြင်းချလိုက်သည်။ ဂျင်မီ ငြီးငွေ့သည်။

''တူရိယာသေတ္တာကလေးရယ်၊ တခြားသံစဉ်တွေ တခြား တေးသံသာတွေကိုပဲ ငါက နားထောင်ချင်နေတာ အဲဒီတခြား သံစဉ်တွေ တေးသံသာတွေကို ဖွင့်ပြပေးပါလား တူရိယာသေတ္တာ ကလေးရယ်''

''ညစဉ်ညတိုင်း တစ်ညတစ်မျိုး တေးသံသာတွေကို နားထောင်ချင်နေရှာတဲ့ လူကလေးရယ်''ဟူ၍ ပြတင်းပေါက် အပြင် ဘက်မှ အသံတစ်သံ တိုးညင်းစွာ ထွက်ပေါ်လာသည်။

''ဘယ်သူလဲ၊ ဘယ်သူလဲပြောနေတာလဲ'' ဂျင်မီက ပြော ပြောဆိုဆို အိပ်နေရာမှ အိပ်ရာပေါ် ထထိုင်လိုက်သည်။ သူဟိုဟို သည်သည် ကြည့်သည်။ မည်သူတစ်ဦးတစ်ယောက် ကိုမျှ မမြင်တွေ့ရပေ။

''ကျုပ်ဟာ လူကလေးလိုချင်နေတဲ့ တူရိယာသေတ္တာက လေးကို ဖြည့်ဆည်းပေးနိုင်တဲ့ သတ္တဝါကြီး တစ်ကောင်ပါ''

အသံက ဆက်လက်၍ ထွက်ပေါ်နေသည်။ ဂျင်မီကြား နေရသည်။

''အိပ်ရာပေါ်ကဆင်းလိုက်ပါလား၊ လိုက်ကြည့်လိုက် လေ''

ဂျင်မီသည် အိပ်ရာပေါ်ကဆင်းလိုက်သည်။ ပြတင်း ပေါက်ဆီသို့ သွားလိုက်သည်။ အပြင်သို့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်အပြင်ဘက်တွင် သတ္တဝါကြီးတစ်ကောင်ကို ဂျင်မီ ထင်ရှားစွာတွေ့မြင်လိုက်ရသည်။ အလွန်ထူးခြားဆန်းကြယ် သောပုံပန်းရှိသည့် သတ္တဝါကြီးတစ်ကောင် ဖြစ်နေသည်။

သတ္တဝါကြီး၏ အရပ်အမြင့်က အလွန်ပုနိမ့်သည်။ သို့သော် ကိုယ်လုံးကိုယ်ပေါက်က ကြီးမားသည်။ ဝဖိုင့်သည်။ နားရွက်အစုံ၏ ပုံပန်းမှာ ရှည်ရှည်ချွန်ချွန်ဖြစ်သည်။ အမွေးအမှင်က ထူထူဖြစ်သည်။ မျက်လုံးအစုံသည် ကြီးမားသည်။ အရောင်သည် အစိမ်းရောင်ဖြစ်သည်။

''အသင်က ဘယ်သူများပါလဲ''ဂျင်မီက မေးလိုက်သည်။

''ကျုပ်လား...ကျုပ်ဟာ သတ္တဝါကြီးတစ်ကောင်ပဲပေါ့။ ဒါပေမဲ့ လူကလေးရဲ့ဆန္ဒဖြစ်ပွားပေါ် ပေါက်နေတာကို စိတ်ဝင်စား နေတဲ့ သူပဲပေါ့''

သတ္တဝါကြီးက ပြန်လည်ဖြေကြားသည်။

''မတွေ့လား လူကလေး ဒီမှာ သေတ္တာတစ်လုံး၊ အဲဒီသေတ္တာဟာ လူကလေး တမ်းတမ်းတတဖြစ်နေတဲ့ သေတ္တာအမျိုးအစားပါပဲ။ အဲဒီသေတ္တာက လူကလေးက သီချင်း နားထောင်ချင်တဲ့ အချိန်တိုင်း သီချင်းတစ်ပုဒ်နဲ့ တစ်ပုဒ် မထပ်စေရအောင် သီချင်းဆိုပြမယ်။ လူကလေးကို ဖျော်ဖြေပေးမယ်။ ''အို'' ဂျင်မီအာမေဋိတ်ပြုလိုက်သည်။ အံ့အားတသင့် လည်းဖြစ်သွားသည်။ အသစ်ကလေးကို မူလတူရိယာ သေတ္တာအဟောင်းနှင့်အတူ စားပွဲပေါ်တွင် ယှဉ်တွဲထားရှိလိုက်သည်။





''ကျွန်တော်ကို သီချင်းတစ်ပုဒ်ဆိုပြပါ''ဂျင်မီက သေတ္တာအသစ်ကလေးကို ပြောလိုက်သည်။

ဂျင်မီစကားအဆုံးသည်နှင့် သေတ္တာအသစ်ကလေးထဲမှာ သီချင်းသံထွက်ပေါ်လာသည်။ သီချင်းကောင်းတစ်ပုဒ်လည်း ဖြစ်သည်။ သီချင်းစာသားသည်လည်း ပြေပြစ်သည်။ ဂျင်မီအမေနှင့် အဖေပေးထားခဲ့သော တူရိယာသေတ္တာထဲက သီချင်း၊ တီးလုံးသံ စဉ်နှင့် တခြားစီဖြစ်သည်။

ဂျင်မီသည် သီချင်းနားထောင်ရင်း အိပ်ရာထဲသို့သွားရောက်ကာ အိပ်လိုက်ချင်သည့် ဆန္ဒဖြစ်လာသည်။

နောက်တစ်နေ့ညသို့ ဆက်လက်ရောက်ရှိလာသည်။

''ကျွန်တော်ကို သီချင်းတစ်ပုဒ်ဆိုပြပါ''ဂျင်မီက သေတ္တာအသစ်လေးကို ပြောလိုက်သည်။ ချက်ချင်းပင် သီချင်းသံလွင့်ပျံ့ ထွက်ပေါ်လာသည်။ အခြားသီချင်း အမျိုးအစားများနှင့်မတူ အလွန်ကွဲပြားခြားနားသော သီချင်းတစ်ပုဒ်ပဲ ဖြစ်သည်။

တတိယညသို့ ဆက်လက်၍ရောက်ရှိလာသည်။ အလား တူပင် ဖြစ်သည်။ ဂျင်မီသည် အလွန်နာပျော်ဖွယ်ရှိသော သီချင်းတစ်ပုဒ်ကို နားထောင်ရင်း အိပ်ပျော်သွားပါသည်။ သီချင်းသံသည်လည်း တိုးတိတ်သွားပါသည်။

''ဘာဖြစ်လို့များ သီချင်းသံက ရပ်ဆိုင်းသွားရတာလဲ''

ဂျင်မီက အိပ်နေရာမှ နိုးနိုးချင်း သေတ္တာအသစ်ကလေးကို မေးလိုက်သည်။ သေတ္တာအသစ်ကလေးကိုလည်း စူးစိုက်စွာကြည့်သည်။ ၎င်းနောက် ဂျင်မီသည် သော့တစ်စုံတစ်ရာကို တွေ့လိုတွေ့ငြား သေတ္တာအသစ်ကလေး၏ ပတ်ပတ်လည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။ သို့ရာတွင် ဂျင်မီသည် မည်သည့်သော အမျိုးအစားကိုမျှ မတွေ့ရှိပေ။

"ကျွန်တော် မျှော်လင့်ပါတယ်။ သေတ္တာအသစ်ကလေးကတော့ ရှုတ်ယှင်းချက်မဖြစ်ပေါ် နေပါဘူးလို့" ဂျင်မီက ပြောလိုက်သည်။

"တေးနတ်သမီးလေး ဘာမှမဖြစ်ပါဘူး" သေတ္တာ အသစ်ကလေးက ပြန်ကြားပြောဆိုသည်။

"အခု တေးနတ်သမီးလေး အလွန် ဆာလောင်နေပါတယ်။ ကျေးဇူးပြုပြီး တေးနတ်သမီးလေးကို စားစရာနည်းနည်းလောက် ပေးနိုင်ပါသလား"

သေတ္တာအသစ်ကလေး ပြန်ကြားပြောဆိုလိုက်သည့် စကားသံကို ကြားလိုက်ရသည့်အခိုက်တွင် ဂျင်မီသည် တုန်လှုပ်ချောက်ချားသွားသည်။

သေတ္တာအသစ်ကလေးက အမှန်တကယ်သူ့ကို ရည်ရွယ် စကားပြောဆိုနေပါကလားဟု၍ ဂျင်မီတစ်ယောက် သိရှိလိုက်သည်။

ဂျင်မီသည် သေတ္တာအသစ်ကလေး၏အဖုံးကို ဖွင့်လိုက်သည်။ စင်စစ် ဂျင်မီသည် သတ္တဝါကြီး မှာကြားခဲ့သောစကားကို မေ့မေ့လျော့လျော့ဖြစ်ကာ သေတ္တာအသစ်ကလေး၏အဖုံးကို ဖွင့်လိုက်ခြင်းပဲ ဖြစ်သည်။ သတ္တဝါကြီးက သေတ္တာလေးကို ဂျင်မီသို့ ပေးအပ်ခဲ့စဉ်က သတ္တဝါကြီးက သေတ္တာအသစ်ကလေးကို မည်သည့်နည်းနှင့်မျှ ဖွင့်မကြည့်ပါနှင့်ဟု တားမြစ်ပြောဆိုခဲ့သည် မဟုတ်လား။



ဂျင်မီသည် သေတ္တာအသစ်ကလေး၏အဖုံးပွင့်သွားသည်နှင့် အတွင်းသို့ ကြည့်လိုက်သည်။ ဂျင်မီအံ့အားတသင့်ဖြစ်သွားရသည်။ သေတ္တာအသစ်ကလေး၏ ထောင့်တစ်ထောင့်တွင် အရွယ်မမာယအားဖြင့် အလွန်သေးငယ်သော နတ်သမီးကလေးတစ်ပါးကို တွေ့ရသည်။ ယင်းနတ်သမီးကလေးသည် တေးဆိုသော နတ်သမီးလေးဖြစ်ပါသည်။ ဂျင်မီကို သေတ္တာအသစ်ကလေး၏ အတွင်းမှနေ၍ တေးသီချင်းသီဆိုပြသော နတ်သမီးကလေးပဲ ဖြစ်ပါသည်။

"အသင်ဟာ ဘယ်သူများပါလဲ" ဂျင်မီကမေးသည်။

"တေးနတ်သမီးပါ။ နာမည်က "တင်ကလီ" လို့ခေါ်ပါတယ်။ တေးနတ်သမီးကလေးတွေဟာ တေးသီချင်းသီဆိုကြရာ အသံအလွန်ပဲကောင်းကြပါတယ်ရှင့်၊ တေးနတ်သမီးတို့ကို သီချင်းဆိုပေးပါလို့ ပြောလာတဲ့သူ၊ ဘယ်သူကိုမဆို တေးနတ်သမီးတို့က တေးသီချင်းဆိုပြပါတယ်"

တေးနတ်သမီးကလေးက ပြန်လည်ဖြေကြားသည်။

"အသင်တို့ တေးနတ်သမီးကလေးတွေအားလုံးဟာ အခု လိုပဲ သေတ္တာတွေထဲမှာ နေနေကြပါသလား"

ဂျင်မီက ဆက်လက်၍မေးသည်။

"မဟုတ်ရပါဘူး လူကလေး" တေးနတ်သမီး "တင်ကလီ" က ပြန်လည်ရှင်းပြသည်။ သို့ရာတွင် တေးနတ်သမီးသည် ပြန်လည်ရှင်းလင်းပြစဉ်တွင် ကြေကွဲဝမ်းနည်းနေသည့် အနေအထား ဖြစ်ပေါ်နေသည်ကို ဂျင်မီတွေ့မြင်ရသည်။

"တေးနတ်သမီးကို သတ္တဝါကြီးက ဖမ်းထားလိုက်ပြီး အဲဒီသေတ္တာကလေးထဲမှာ ပိတ်လှောင်ထားလိုက်ပါတယ်။ လူ

www.burmeseclassic.com

www.burmeseclassic.com



ကလေးဟာ အခုတေးနုတ်သမီးကို ပိတ်လှောင်ထားတဲ့ သေတ္တာအသစ် ကလေးရဲ့ ပိုင်ရှင်ဖြစ်နေတာရယ်၊ ပြီးတော့ အရှင်သခင်ဖြစ်လာတာရယ်၊ အဲဒါတွေအတွက် တေးနုတ်သမီး သိပ်ကိုဝမ်းသာမိတာပဲ။ တေးနုတ်သမီးလေးက လူကလေးကို ဝမ်းသာစွာ သီချင်းဆိုပြပါ မယ်။ ဒါပေမဲ့ လူကလေးက တေးနုတ်သမီးလေးကိုတော့ စားစရာ နည်းနည်းပါးပါး ကျွေးရမယ်နော်၊ ဆာလို့ပါ"

ဂျင်မီသည် တေးနုတ်သမီး"တင်ကလီ"၏စကားကို ကြားသိရသည့်အခါ အလွန်ကြေကွဲသွားမိသည်။ ဂျင်မီသည် တေးနုတ်သမီးစားသောက်ရန် ပေါင်မုန့်နှင့်နို့ကို ပြင်ဆင်ယူခဲ့သည်။

တေးနုတ်သမီးသည် ပေါင်မုန့်နှင့်နို့ကို မြိန်ရှက်စွာ စားသောက်သည်။

"တေးနုတ်သမီးဟာ သူ့အဖေ အမေနဲ့ ခွဲခွာခဲ့ရပြီး သေတ္တာအသစ်ကလေးထဲမှာ ပိတ်လှောင်ခံနေရတာ ဘယ်လောက်များ စိတ်ညစ်နေလိမ့်မလဲနော်"ဟူ၍ ဂျင်မီသည် တေးနုတ်သမီး ပေါင်မုန့်နှင့်နို့ စားသောက်နေသည့် အခြေအနေကိုကြည့်ရင်း တွေးနေမိသည်။

တေးနုတ်သမီး စားသောက်ပြီးစီးသည့်အခါတွင်. . .

"တေးနုတ်သမီးကလေးရယ်၊ သေတ္တာအသစ်ကလေးထဲမှာဆက်လက်ပြီး အပိတ်အလှောင်ခံနေဖို့ မလိုအပ်တော့ပါဘူးလေ။ ကိုယ်မိသားစုရှိရာ၊ ကိုယ်အိမ်ရှိရာကို ပြန်သွားပါတော့"ဟူ၍ ဂျင်မီကပြောသည်။

"အဲဒါအမှန်ပဲလား လူကလေး"တေးနုတ်သမီးက ဝမ်းမြောက်ဝမ်းသာမေးသည်။





"တေးနုတ်သမီး သေတ္တာအသစ်ကလေးထဲမှာ အပိတ်လှောင်ခံနေရတာကို လွတ်ငြိမ်းခွင့်ပေးလိုက်တာ အမှန်အကန်ပဲလားကွယ်။ ပြောပါ လူကလေး"

"အမှန်အကန်ပါပဲ. . .အမှန်အကန်ပါပဲ"ဂျင်မီက ပြောသည်။

"ကျေးဇူးတင်ပါတယ် လူကလေး"တေးနုတ်သမီးသည် အော်ဟစ်ပြောဆိုသည်။ ၎င်းနောက် ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ ဆင်းသွားသည်။

"နှုတ်ဆက်ခဲ့ပါတယ် လူကလေး။ နှုတ်ဆက်ခဲ့ပါတယ်။ လူကလေးရဲ့ ကြင်နာမှုကို တေးနုတ်သမီး ဘယ်တော့မှ မမေ့ပါဘူးနော်"

ဂျင်မီသည် ယင်း၏အိပ်ရာသို့ ဝမ်းနည်းကြေကွဲစွာ ပြန်လာသည်။ ၎င်းသည် အဖေနှင့်အမေပေးခဲ့သော တူရိယာသေတ္တာဟောင်းမှ တေးသံကိုဖွင့်၍ နားမထောင်တော့ပေ။ အကြောင်းမှာကား ယင်းသံစဉ်နှင့် နှိုင်းယှဉ်လျှင် သာယာဖွယ်ရှိမည်မဟုတ်သည့်အတွက် ဖြစ်သည်။

ဂျင်မီသည် အိပ်ပျော်သွားပါသည်။ ဂျင်မီအိပ်မက်မက်ပါသည်။ အိပ်မက်ထဲမှာ လွန်ခဲ့သောညများက တေးနုတ်သမီး "တင်ကလီ"သီဆိုခဲ့သော အလွန်ထူးခြားဆန်းပြားသည့် တေးသီချင်းများနှင့် စပ်လျဉ်း၍ပဲဖြစ်သည်။

ရက်ပေါင်းများစွာ ကျော်လွန်ကုန်ဆုံးခဲ့ပြီးသည့် ညတစ်ညတွင် ဖြစ်သည်။ ဂျင်မီသည် အိပ်ပျော်လုဆဲဆဲရှိနေသည့် တွင်

www.burmeseclassic.com

www.burmeseclassic.com



ယင်း၏ အိပ်ခန်းပြတင်းပေါက်မှ အလွန်နှစ်သက်သာယာဖွယ်ကောင်းသော သီချင်းသံ လွင့်ပျံ့ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။ သီချင်းသံသည် တေးနတ်သမီး "တင်ကလီ" သီဆိုသော သီချင်းသံပဲ ဖြစ်သည်။

'တင်ကလီ...တင်ကလီ..." ဂျင်မီသည် ပျော်ရွှင်စွာ အော်ဟစ်လိုက်သည်။

"တေးနတ်သမီး တင်ကလီပဲနော်"

"ဟုတ်ပါတယ် လူကလေး။ တေးနတ်သမီး တင်ကလီပါပဲ"

တင်ကလီကပြောသည်။ ၎င်းနောက်တင်ကလီသည် ဂျင် မီ၏အိပ်ရာဘေးရှိ စားပွဲပေါ်သို့ လှမ်းတက်လိုက်ပါသည်။

"လူကလေးဟာ တစ်ခါတစ်ရံမှာ လူကလေးဆီကိုလာပြီး တေးနတ်သမီး သီချင်းလာဆိုပေးတာကို မျှော်လင့်နေလိမ့်မယ်လို့ ထင်မိပါတယ်။ လူကလေးဆီကို တေးနတ်သမီးလေး ညတိုင်း မလာနိုင်ဘူးကွဲ့။ ဒါပေမဲ့ တေးနတ်သမီးလာနိုင်တဲ့အခါ လူကလေးဆီကို လာခဲ့ပါ့မယ်"

"အို ကျွန်တော်လေ တေးနတ်သမီးသီဆိုတဲ့ တေးသီချင်းသံကို ကြားရတာ နှစ်သက်ပါတယ်"

ဂျင်မီက ပြုံးရွှင်စွာပြောသည်။

"တေးနတ်သမီးလေးရယ်၊ ကျေးဇူးပြုပြီး တတ်နိုင်သလောက် ကျွန်တော့်ဆီ မကြာမကြာလာခဲ့ပါလားဗျာ"



ထို့နေ့ ထိုအချိန်မှစတင်၍ ဂျင်မီနှင့် တေးနတ်သမီး "တင်ကလီ"တို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ခင်မင်တွယ်တာခဲ့ကြ သည်။ တစ်ဦးအပေါ်တစ်ဦး သူငယ်ချင်းကောင်းများ ဖြစ်ကြသည်။

ဆက်လက်၍လည်း ဂျင်မီသည် ညဉ့်အမှောင်ထဲတွင် အိပ်ခန်းထဲ၌ တစ်ယောက်တည်း အိပ်စက်ရန် မကြောက်ရွံ့တော့ပါလေ။

★★★

www.burmeseclassic.com

www.burmeseclassic.com

# ပျားတုတ်ခံရသော ဝက်ဝံနှင့် ယုန်

နေသာသော နေ့တစ်နေ့တွင် ဖြစ်သည်။ ဝက်ဝံကြီးတစ်ကောင်နှင့် ယုန်တစ်ကောင်တို့သည် သစ်ပင်ကြီးတစ်ပင်အောက်တွင် တစ် ကောင်နှင့်တစ်ကောင် သူထက်သူ ဝင့်ဝါစွာ စကားအခြေအတင် ပြောဆိုလျက် ရှိနေကြသည်။ သစ်ပင်ကြီးပေါ်တွင် ကြီးမားသော ပျားအုံတစ်အုပ် ရှိနေသည်။ ဝက်ဝံကြီးသည်လည်းကောင်း၊ ယုန် သည်လည်းကောင်း သစ်ပင်ပေါ်က ပျားအုံကြီးကို မြင်တွေ့ကြသည်။

"ဟိုမှာ ပျားအုံကြီး ပျားအုံကြီး"

ယုန်က အော်အော်ဟစ်ဟစ် ပြောဆိုလိုက်သည်။

"ဟုတ်တယ်ဟေ့ ပျားအုံကြီးကွ ပျားအုံကြီး"

ဝက်ဝံကြီးက အားရပါးရ ပြောလိုက်သည်။ ထို့နောက် ဝက်ဝံကြီးက တစ်စုံတစ်ခုကို အလျင်စလို သတိရမိလိုက်သည် ဟန်ဖြင့်–



"ဟေ့ ယုန်ချာတိတ်၊ ငါ ပျားအုံကို သစ်ပင်ပေါ်တက်ပြီး သွားယူလိုက်မယ်။ မင်းသစ်ပင်အောက်က စောင့်နေ" ဟုဝက်ဝံကြီးက ယုန်ကို ပြောဆိုသည်။

"ဘာ"

ယုန်မှာသည် ဝက်ဝံကြီး၏ စကားကြောင့် ရုတ်တရက် ဒေါသတကြီး ဖြစ်သွားသည်။

"ခင်ဗျားက ဘာဖြစ်လို့ သစ်ပင်ပေါ်က ပျားအုံကို သွား ယူချင်ရတာလဲ"

ယုန်က ဝက်ဝံကြီးကို အလျင်စလိုဖြင့် မေးခွန်းထုတ်လိုက်သည်။

"မင်းက ငါ့ကို မေးရသေးတယ် ဟုတ်လား ယုန်ချာတိတ် ဟား ဟား ဟား"

ဝက်ဝံကြီးက ရယ်မောပြောဆိုလိုက်သည်။

"အံ့ပါကွာ အံ့ပါ ရှင်းနေတာကို ရှုပ်အောင် လုပ်လိုက်ပြန်ပြီ။ ဒီမှာ ယုန်ချာတိတ်ကလေးရဲ့၊ ငါက မင်းထက် ကိုယ်လုံးကိုယ်ပေါက် ကြီးတယ်ကွ။ အရပ်ကလည်း မင်းထက်ရှည်တယ်။ အဲဒီ အရည်အချင်းတွေအရ ပျားအုံကို ငါ ဖူးမယ်။ ငါပဲ ပျားအုံကို ရထိုက်တယ်။ ပြီးတော့ အခု ငါ ဆာနေပြီကွ"

"ကျုပ်လည်း ဆာနေတာပေါ့ဗျ"

ယုန်က အလျင်စလို ဝင်ပြောလိုက်သည်။

"အို ဗျာ ပျားအုံကို ကျုပ်နဲ့ခင်ဗျား ဘယ်သူက သစ်ပင်ပေါ်တက်ယူနိုင်မလဲ။ တက်ယူနိုင်တဲ့သူ ပျားအုံကို ယူတာပေါ့ဗျာ ဘယ်နှယ့်လဲ"

www.burmeseclassic.com

www.burmeseclassic.com



"စိန်လိုက်ကွာ"

ဝက်ဝံကြီးက သဘောတူလိုက်သည်။ ပြီးတော့ သစ်ပင်ပေါ်က ပျားအုံကြီးကို မော့ကြည့်လိုက်သည်။ စားချင်သည့်စိတ်ဖြင့် သွားရည် တမြားမြား ဖြစ်လာသည်။

"ဟား ဟား ဟား"

ယုန်က ရယ်သွမ်းသွေးလိုက်သည်။

"ခင်ဗျား ကိုယ်လုံးကိုယ်ပေါက်ကြီးနဲ့များဗျာ သစ်ပင်ပေါ်တတ်ပြီး ပျားအုံကို ယူဦးမတဲ့။ တန်ရာတန်ရာ လုပ်စမ်းပါ ဝက်ဝံကြီး။ တော်တော်ကြာ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်တော့မှာပဲဗျာ သနားတယ်"

"ဘာ"

ယုန်လိုအကောင်မျိုးက သူ့ကို မလောက်လေး မလောက် စားသည့် ပုံပန်းဖြင့် ချိုးချိုးဖဲ့ဖဲ့ ပြောလိုက်၍ ဝက်ဝံကြီး ဒေါသ တကြီး ဖြစ်သွားသည်။ ဝက်ဝံကြီး သူ့ဒေါသကို သူ မထိန်းနိုင်။ အသံကျယ်လောင် စူးရှစွာ အော်ဟစ်လိုက်သည်။ သူ့အော်သံသည် ပတ်ဝန်းကျင်သို့ သိသာစွာ လွင့်ပျံ့သွားသည်။

သစ်ပင်ကြီးသည်လည်း ဝက်ဝံကြီး၏ အော်ဟစ်သံကြောင့် လန့်ဖျပ်သွားသည်။ သစ်ပင်ကြီးပေါ်က ပျားအုံကြီးသည်လည်း လန့်ဖျပ်သွားသည်။ ပျားအုံကြီးအတွင်းနှင့် အပြင်တွင် အုံဖွဲ့ရှိနေသော ပျားများသည်လည်း လန့်ဖျပ်သွားကြသည်။

ပျားများက သူတို့ကို ယှဉ်ပြိုင်လာမည့် ရန်သူရောက်ရှိနေပြီဟူ၍ သိရှိလိုက်သည်။ ပျားအုံကြီးကို မထိခိုက်စေရန် ညီညွတ်စွာ ကာကွယ်ရမည်ဟူ၍လည်း သိရှိလိုက်ကြသည်။



ပျားများအား လုံး ပျားအုံကြီးပေါ်က တစ်ဟုန်တည်း တစ်ပြိုင်တည်း ထွက်လိုက်ကြသည်။ သစ်ပင်ကြီးအောက်တွင် ရှိနေသော ဝက်ဝံကြီးနှင့် ယုန်ကို ချက်ချင်း မြင်တွေ့လိုက်သည်။

"ရန်သူဟေ့ ရန်သူ"

ပျားများက အချင်းချင်း အသိပေးကြ၏။ အချို့ပျားများက ဝက်ဝံကြီးထံသို့ တူရှုပြု၍လည်းကောင်း၊ ယုန်ထံသို့ တူရှုပြု၍ လည်းကောင်း ထိုးနှက် တိုက်ခိုက်ရန် ရောက်ရှိသွားကြသည်။

"တုတ်ပြီ ပျားတွေ တုတ်ပြီ အမယ်လေးလေ"

ဝက်ဝံကြီးနှင့် ယုန်တို့သည် အော်ဟစ်ရင်းဖြင့် တကွဲတပြားစီ ဦးတည်ရာသို့ ထွက်ပြေးသွားကြလေသည်။

★★★

www.burmeseclassic.com

www.burmeseclassic.com

# သေတ္တာတစ်လုံး

စစ်သည်တော် တစ်ယောက်သည် လမ်းမကြီးပေါ်တွင် ချီတက်သည့်ဟန်ဖြင့် လျှောက်လာနေ၏။ ဘယ်ညာ ... ဘယ်ညာဟူ၍ဖြစ်သည်။ ၎င်း၏ကျောကုန်းထက်ပေါ်တွင် သိုင်းထားသော အိတ်ကြီးတစ်အိတ် ရှိနေ၏။ ဓားတစ်လက်သည် ၎င်း၏ ဘေးဘက်တွင် ရှိနေ၏။ စစ်သည်တော်သည် စစ်ပွဲပေါင်းများစွာတွင် တိုက်ခိုက်ရန် စစ်ထွက်ခဲ့ပြီးပြီဖြစ်သည်။ ယခု ၎င်းသည် စစ်ပွဲမှ ပြန်လာခဲ့သည့် စစ်ပြန်တစ်ဦးဖြစ်သည်။

စစ်သည်တော်သည် လမ်းခုလတ်တွင် စုန်းမတစ်ယောက်ကိုတွေ့သည်။ စုန်းမသည် အလွန်အကျည်းတန်သည်။

''ကောင်းသော ညနေခင်းပါရှင့်''

စုန်းမက စစ်သည်တော်အား စတင်၍ နှုတ်ဆက်သည်။



''စစ်သည်တော်ရဲ့ဓားက အလွန်လှပတဲ့ ဓားတစ်လက်ပါလားကွယ်။ ပြီးတော့ စစ်သည်တော် သယ်ပိုးလာတဲ့ ကျောပိုးအိတ်ကလဲ ကြီးမားနေလိုက်တာနော်၊ စစ်သည်တော်ဟာ အင်မတန် သေသပ်တဲ့ ကျနနေတဲ့ စစ်သည်တော်တစ်ယောက်ပါပဲ။ စစ်သည်တော်လိုချင်သလောက် ငွေတွေကိုလဲ များများကြီးရရှိလာပါလိမ့်မယ်''

''ကျေးဇူးတင်ပါတယ်ခင်ဗျာ ...''ဟု စစ်သည်တော်က ပြန်လည်ပြောဆိုသည်။

''ဟိုမှာ သစ်ပင်ကြီးတွေ့ရဲ့လား ...''

စုန်းမက ပြောလိုက်သည်။ အနီးအပါးရှိ သစ်ပင်တစ်ပင်ကို လက်ဖြင့် ပြသလိုက်သည်။

''ကောင်းပြီ၊ အဲဒီ သစ်ပင်ထဲမှာ သစ်ခေါင်းကြီး ရှိနေတယ်။ စစ်သည်တော်ဟာ သစ်ပင်ထိပ်ဖျားအထိ တက်ပါ၊ အခေါက်တစ်ပေါက်ကို တွေ့ရပါလိမ့်မယ်။ အဲဒီအပေါက်ကနေ သစ်ခေါင်းအတွင်းထဲကို တောက်လျှောက်ဆင်းသွားပါ၊ ကျွန်မ စစ်သည်တော်ရဲ့ကိုယ်ကို ကြိုးတစ်ချောင်းနဲ့ ချည်ထားပေးလိုက်ပါမယ်၊ စစ်သည်တော်က သစ်ခေါင်းပေါက်အပေါ်ကို ပြန်တက်ချင်လို့ ကျွန်မကို ခေါ်လိုက်မယ်ဆိုရင် ကျွန်မ ကြိုးကို ဆွဲတင်လိုက်ပါ့မယ်''

စုန်းမက ပြည့်စုံစွာ ပြောဆိုလိုက်သည်။ ၎င်း၏ဆန္ဒက စစ်သည်တော်ကို သစ်ပင်အခေါင်းပေါက် အဆုံးအထိတိုင် ဆင်းသွားစေချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါပြီ၊ ကျုပ်က သစ်ပင်အခေါင်းပေါက် အဆုံးအထိ ဆင်းသွားပါပြီတဲ့ဗျာ ဘာဖြစ်သွားမှာမို့လဲ''

စစ်သည်တော်က မေးခွန်းထုတ်လိုက်သည်။

''ငွေတွေ ရလာမှာပေါ့ရှင့်''

စုန်းမက ပြန်ဖြေသည်။

''စစ်သည်တော် သစ်ပင်အောက်ခြေ အဆုံးအထိလဲ ရောက်ရော စစ်သည်တော်ဟာ ကြီးမားကျယ်ပြန့်တဲ့ ခန်းမဆောင်တစ်ဆောင်ကို တွေ့ရလိမ့်မယ်။ အဲဒီအခန်းထဲမှာ မီးခွက်ပေါင်းသုံးရာကျော်ကျော်ကို ထွန်းညှိလိုက်ပါ။ ပြီးတော့ တံခါးပေါက်သုံးပေါက်ကို တွေ့လိမ့်မယ်။ စစ်သည်တော်က တံခါးပေါက်တွေကို ဖွင့်နိုင်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သော့တံနဲ့သော့အိမ် အတူတူ ရှိနေကြလို့ပဲ ဖြစ်ပါတယ်။

စစ်သည်တော်ဟာ ပထမအခန်းထဲကို ရောက်သွားရင် အခန်းရဲ့အလယ် ကြမ်းပြင်ပေါ်မှာ ငွေသေတ္တာကြီးတစ်လုံးကို တွေ့ရပါလိမ့်မယ်။ အဲဒီငွေသေတ္တာကြီးရဲ့အပေါ်မှာ ခွေးတစ်ကောင်ထိုင်လျက်အနေအထားနဲ့ တွေ့ရအုံးမယ်။ အဲဒီခွေးရဲ့မျက်လုံးတွေဟာ အကြီးကြီးပါပဲ။ ဘယ်လောက်များလဲဆိုရင် လက်ဖက်ရည်ခွက်တွေလောက် ရှိနေကြမယ်။ ဒါပေမယ့် စစ်သည်တော် အဲဒီသေတ္တာပေါ်က ခွေးကို ဂရုစိုက်မနေစမ်းနဲ့။

ကျွန်မ, စစ်သည်တော်ကို ကျွန်မစီရင်ပြုလုပ်ထားတဲ့ ကိုယ်အရှေ့ဖုံးအဝတ်စတစ်စ ပေးလိုက်ပါ့မယ်။ အဲဒီအဝတ်စကို ယူပြီး ခွေးအနားကို တိုးကပ်သွားပါ၊ ခွေးကို ဖမ်းကိုင်လိုက်ပါ။ ပြီးတော့ အဝတ်စနဲ့ခွေးကို အုပ်ချလိုက်ပါ။ ပြီးတော့မှ ငွေသေတ္တာ





ကြီးကို ဖွင့်လိုက်ပါ။ အဲဒီငွေသေတ္တာကြီးထဲက ပဲနီပြားတွေဘယ်လောက် သယ်ယူနိုင်သလဲ သယ်နိုင်သလောက်ယူလိုက်ပါ၊ သေတ္တာထဲမှာ ပဲနီပြားအများကြီးရှိနေတယ်။

စစ်သည်တော် ပဲနီပြားတွေထက် ငွေပြားတွေကို ပိုမိုနှစ်သက်ပါတယ်ဆိုရင်လဲ နောက်အခန်းတစ်ခန်းကို ဆက်သွားလိုက်စမ်းပါ။ အဲဒီမှာလဲ ငွေသေတ္တာကြီးကိုတွေ့မှာပဲ ငွေသေတ္တာပေါ်မှာ ခွေးတစ်ကောင်တက်ထိုင်နေတာကို တွေ့မှာပါ။ အဲဒီ ခွေးရဲ့မျက်လုံးတွေဟာလဲ အတိုင်းအတာအားဖြင့် ရေတံခါးကိုတွန်းတဲ့ ဘီးကြီးတွေလောက်ရှိပါတယ်။ ဒါပေမယ့် အဲဒီခွေးကိုလဲ ရှင်ဂရုမပြုနေစမ်းပါနဲ့၊ ကျွန်မပေးလိုက်တဲ့ ကိုယ်အရှေ့ဖုံးအဝတ်စနဲ့ပဲ ခွေးကို အုပ်ချလိုက်ပါနော်။ ပြီးတော့ ငွေသေတ္တာကြီးကိုဖွင့် ငွေတွေ ဘယ်လောက်သယ်နိုင်၊ယူနိုင်သလဲ သယ်နိုင်သလောက်သယ်၊ ယူနိုင်သလောက်ယူ။

တကယ်လို့ စစ်သည်တော်က ရွှေတွေကိုပဲ ယူချင်တယ်ဆိုရင်တော့ တတိယမြောက်အခန်းကို ရှင်သွားပါ။ ရွှေတွေထည့်ထားတဲ့ သေတ္တာကြီးတစ်လုံးကို ရှင်တွေ့မှာပါ။ အဲဒီသေတ္တာကြီးပေါ်မှာလဲ ခွေးတစ်ကောင် တက်ထိုင်နေတာကို ရှင်တွေ့ရအုံးမှာပါ။ ခွေးရဲ့မျက်လုံးတွေကတော့ ဘုရားရှစ်ခိုးကျောင်း မျှော်စင်မှာ တပ်ဆင်ထားတဲ့ အရွယ်အစားကြီးမားတဲ့ နာရီကြီးလောက် ရှိတယ်ရှင့်၊ ကျွန်မ ပြောနေတာတွေကို ရှင် ယုံကြည်ပါနော်။ အဲဒီရွှေသေတ္တာပေါ်က ခွေးဟာ ခွေးဆိုးရှင့် ခွေးဆိုး၊ ဒါပေမယ့် အဲဒီခွေးကိုလဲ စစ်သည်တော် ဂရုပြုနေစရာ မဟုတ်ပါဘူး။ အဲဒီခွေးကို ကျွန်မပေးထားတဲ့ ကိုယ်အရှေ့ဖုံးအဝတ်စနဲ့ပဲ ဖုံးအုပ်



www.burmeseclassic.com

www.burmeseclassic.com



သိုက်ပါ။ အဲဒီခွေးဆိုးဟာ ရှင့်ကို မကိုက်တော့ဘူး။ အဲဒီအချိန်မှာ ရွှေတွေ ယူလိုက်ပေတော့ ယူနိုင်သလောက်ယူပေါ့၊ ဘယ်လောက် ယူနိုင်သလဲ ယူပေါ့''

''ဒီအလုပ်က မကောင်းတဲ့အလုပ်ရယ်လို့တော့ မဟုတ်ပါဘူး''

စစ်သည်တော်က ပြောသည်။

''ဒါပေမယ့် ဒီအလုပ်ကို လုပ်လို့ ကျုပ်က ခင်ဗျားကို ဘာပြန်ပေးရမှာတဲ့လဲ''

''ကျွန်မက စစ်သည်တော်ဆီက ပဲနီပြားတစ်ချပ်လောက်တောင် အလိုမရှိပါဘူးရှင့်''

စုန်းမကပြောသည်။

''ဒါပေမယ့် ကျွန်မလိုချင်တာ တစ်ခုရှိတယ်၊ အဲဒါက တော့ ဟောင်းမြင်းနေတဲ့ လောင်စာဖြည့်သေတ္တာကလေးတစ်လုံးပါပဲ၊ သစ်ပင်အခေါင်းအောက်ဆုံးကို စစ်သည်တော်ရောက်ရင် အဲဒီလောင်စာဖြည့် သေတ္တာကလေးတစ်လုံးကို ယူလာခဲ့ပေးပါနော်။ ကျွန်မရဲ့ကဖွားဖွားဟာ အဲဒီနေရာကို လွန်ခဲ့တဲ့အချိန်တစ်ချိန်က ရောက်ခဲ့တယ်လေ၊ သေတ္တာကလေးက ကျန်နေရစ်ခဲ့လေရဲ့''

''ကောင်းပြီလေ ...''

စစ်သည်တော်က ပြောလိုက်သည်။

''ကျုပ်ကိုသာ ကြိုးနဲ့ချည်ပေးလိုက်တော့''

''ဒီမှာကြိုးရှင့် ...''

စုန်းမက ပြောသည်။



''ပြီးတော့ အဝတ်စ ...''

ထို့နောက် စစ်သည်တော်သည် သစ်ပင်ထက်သို့ တက်လိုက်သည်။ သစ်ခေါင်းပေါက်ထဲသို့ သက်ဆင်းလိုက်သည်။ ဆက် လက်၍ ဆင်းသည်။ နောက်ဆုံး စုန်းမပြောခဲ့သည့်အတိုင်း ကြီး မားကျယ်ပြန့်သော အခန်းတစ်ခန်းအတွင်းသို့ ရောက်ရှိသွား၏။ မီးခွက်ပေါင်း ရာပေါင်းများစွာ ထွန်းညှိလျက်ရှိနေသည်။

စစ်သည်တော်သည် ပထမဆုံးအခန်းတစ်ခန်းတံခါးကို ဖွင့်လှစ်လိုက်သည်။

''အို ...''

စစ်သည်တော်သည် အံ့အားတသင့်ဖြစ်သွား၏။ ခွေးတစ်ကောင်သည် ၎င်းအား စူးစိုက်ကြည့်ရှုနေသည်ကို တွေ့လိုက်သည့်အတွက်ဖြစ်သည်။ မှန်ပါသည်။ ခွေး၏မျက်လုံးအစုံသည် အကျယ်အပြန့်အားဖြင့် လက်ဖက်ရည်ခွက်ကဲ့သို့ ကြီးမားပါသည်။

''ခွေးကလေး လှပတဲ့ ခွေးကလေးတစ်ကောင်''

စစ်သည်တော်က ခွေးကို ကြည့်ရှုပြောဆိုသည်။ ၎င်းနောက် စုန်းမပြောဆိုထားသည့်အတိုင်း ခွေးကို အဝတ်စဖြင့် ဖုံးအုပ်လိုက်သည်။ ၎င်းနောက် စစ်သားသည် ငွေသေတ္တာကြီးထဲမှ ပဲနီပြားများကို အိတ်များအတွင်းသို့ ဝင်ဆန့်နိုင်သမျှ ထည့်ယူလိုက်သည်။

၎င်းနောက် စစ်သည်တော်သည် ငွေသေတ္တာကြီး၏ တံခါးရွက်ကိုပိတ်လိုက်သည်။ ခွေးကိုလည်း ငွေသေတ္တာကြီး၏ အပေါ်သို့ ပြန်လည်၍ နေရာတကျထားရှိလိုက်သည်။ ၎င်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ရှက်၍ ပြီးစီးသော် စစ်သည်တော်သည် အခြားအခန်းတစ်ခန်းသို့ ဆက်လက်၍သွားသည်။ သေတ္တာကြီးကိုလည်းတွေ့သည်။ သေတ္တာပေါ်တွင် ခွေးတစ်ကောင်ရှိနေသည်ကိုလည်း တွေ့မြင်ရသည်။ ခွေး၏မျက်လုံးအစုံသည်လည်း ရေတံခါးကိုတွန်းသည့် ဘီးကြီး၏အတိုင်းအတာနှင့်အညီ ကြီးမားမှုရှိနေပါသည်။

''ခွေးကလေး အကျွန်ုပ်ကို စိုးစိုက်ကြည့်မနေရင်ကောင်းပါလိမ့်မယ်''

စစ်သည်တော်က ပြောလိုက်သည်။

''သို့မဟုတ်ပါက ခွေးကလေး၏မျက်လုံးထဲမှ မျက်ရည်များ ထွက်ရှိလာပါလိမ့်မယ်''

ထို့နောက် စစ်သည်တော်သည် ခွေးကို အဝတ်စဖြင့် ဖုံးအုပ်လိုက်သည်။ ငွေသေတ္တာကိုဖွင့်လှစ်လိုက်သည်။ ငွေသေတ္တာအတွင်းတွင် ငွေများအပြည့်အသိပ် ရှိနေသည့်အခြေအနေကို စစ်သည်တော်က တွေ့လိုက်ရသည်။ ၎င်းသည် ၎င်း၏အင်္ကျီအိတ်များနှင့် ကျောပိုးအိတ်ထဲမှ ပဲနီပြားများကို လွှင့်ပစ်လိုက်သည်။ ငွေသားများကို ပြန်ထည့်သည်။

စစ်သည်တော်သည် တတိယမြောက်အခန်းသို့ ဆက်လက်၍သွားသည်။ ရွှေသေတ္တာပေါ်တွင် ခွေးတစ်ကောင်ရှိနေသည်။ အမှန်တကယ်ပင် ကြောက်မက်ဖွယ်ရာကောင်းနေတော့သည်။ ခွေး၏မျက်လုံးအစုံသည် ဘုရားရှစ်ခိုးကျောင်း မျှော်စင်ပေါ်တွင် တပ်ဆင်ထားသည့် ကြီးမားသော အရွယ်အစားရှိသည့် နာရီကြီးကဲ့သို့နှယ် အရွယ်အစားညီမျှနေပါသည်။

''ကောင်းသော ညနေခင်းပါ ...''



စစ်သည်တော်သည် ခွေးကို နှုတ်ဆက်ပြော ပြောလိုက်သည်။ ၎င်းသည် အရင့်အရင်က ခွေးအမျိုးအစားများစွာကို မြင်တွေ့ခဲ့ဖူးသော်လည်း ရွှေသေတ္တာပေါ်တွင် ရှိနေသော ခွေးအမျိုးအစားကိုမူ မြင်တွေ့ဖူးခဲ့ခြင်း အလျဉ်းမရှိပေ။ စစ်သည်တော်သည် ခေတ္တမျှ စောင့်ဆိုင်းနေပြီးမှ ရွှေသေတ္တာပေါ်က ခွေးကို ကြမ်းပြင်ပေါ်သို့ ချထားလိုက်သည်။ ထို့နောက် ရွှေသေတ္တာကို ဖွင့်လှစ်လိုက်သည်။

''အို ... ရွှေအစိုင်အခဲတွေပါလား။ အဲဒီရွှေတွေနဲ့ဆိုရင် မြို့တစ်မြို့လုံးကိုတောင် အပိုင်ဝယ်နိုင်ပါတယ်။ အမှန်တကယ်ကြီးမားတဲ့ ရွှေမြင်ကွင်းမြင်ကွက်တစ်ခုပါလား''

စစ်သည်တော်သည် အံ့အားတသင့် ဖြစ်သွားသည်။ ထို့နောက် အင်္ကျီအိတ်နှင့် ကျောပိုးအိတ်အတွင်း အပြည့်အသိပ်ထည့်ယူလာခဲ့သော ငွေသားများကို သွန်ပစ်လိုက်တော့သည်။ ဆက်လက်၍ ရွှေများကို အင်္ကျီအိတ်နှင့် ကျောပိုးအိတ်အတွင်းသို့ ပြန်လည်၍ ထည့်သွင်းသည်။ ၎င်းသည် ၎င်းထံတွင် ရှိနေသော အိတ်များသာမက ၎င်းဆောင်းထားသည့် ဦးထုပ်အတွင်းတွင်လည်း ရွှေတုံးများကိုထည့်သည်။ ယင်းအပြင် စီးထားသော ဖိနပ်အတွင်းတွင်လည်း အလားတူထည့်သည်။စစ်သည်တော်သည် လမ်းလျှောက်ရာမှာပင် အခက်အခဲဖြစ်သွားသည်။

''ကဲ ... ဟေ့၊ စုန်းမရေ ကျုပ်ကို အပေါ်ကို ဆွဲတင်လိုက်ပေတော့''

စစ်သည်တော်က စုန်းမသိရှိရန် ပြောလိုက်သည်။

''ဟို ... သေတ္တာကလေးတစ်လုံးရော ပါခဲ့သလား''

www.burmeseclassic.com

www.burmeseclassic.com



စုန်းမက သတိပေးလိုက်သည့်နှယ် ပြောလိုက်သည်။

"ဟုတ်ပါရဲ့"

စစ်သည်တော်က သတိရစွာပြောလိုက်သည်။

"ကျုပ် အဲဒီသေတ္တာကလေးကို ယူလာဖို့မေ့နေတယ်။ ကျုပ်ပြန်ယူလိုက်ပါ့မယ်"

စစ်သည်တော်သည် ခန်းမဆောင်ကြီးအတွင်းသို့ ပြန်လည်၍ ဝင်ရောက်လိုက်သည်။ သေတ္တာကလေးကို ပြန်လည်ယူလိုက်သည်။ စုန်းမသည် စစ်သည်တော်ကို ကြိုးဖြင့် ဆွဲတင်လိုက်သည်။ စစ်သည်တော်သည် လိုက်ပါသွားရင်း ၎င်း၏ အင်္ကျီအိတ်၊ ကျောပိုးအိတ်၊ ဦးထုပ်နှင့် ဖိနပ်များအတွင်းသို့ တစ်ကြိမ်စောင်းငဲ့ကြည့်ရှုလိုက်ပြန်သည်။ ရွှေများအပြည့်အသိပ် ဖြစ်နေကြသည်။

"အဲဒီသေတ္တာကလေးကို ခင်ဗျားက ဘာဖြစ်လို့ သဲကြီးမဲကြီး ဖြစ်နေရတာလဲ၊ ဘာလုပ်ဖို့လဲ"

စစ်သည်တော်က စုန်းမနှင့် ပြန်လည်တွေ့ဆုံပြီးပြီးချင်း မေးလိုက်သည်။

"ဒီသေတ္တာကလေးဟာ ရှင်နဲ့တော့ မသက်ဆိုင်ပါဘူး"

စုန်းမက ပြောသည်။

"ရှင့်မှာ ရတနာတွေ အများကြီးပဲ ရနေပြီးပြီပဲ၊ အခု ကျွန်မကို အဲဒီသေတ္တာကလေး ပြန်ပေးပါ"

"ခင်ဗျားက အဲဒီသေတ္တာကလေးအကြောင်းကို သိလို့လား"

စစ်သည်တော်က မေးလိုက်သည်။



"အဲဒီသေတ္တာကလေးနဲ့ ခင်ဗျား ဘာလုပ်မယ်ဆိုတာ ကျုပ်ကို ချက်ချင်းပြောပါ၊ မပြောရင် ကျုပ်က ဓားဆွဲထုတ်ပြီး ခင်ဗျားရဲ့ဦးခေါင်းကို ဖြတ်ပစ်လိုက်မယ်"

"အဲဒီသေတ္တာကလေးအကြောင်း ကျွန်မ မပြောနိုင်ဘူး"

စုန်းမက ငြင်းဆန်ပြောဆိုသည်။

စစ်သည်တော်သည် စုန်းမ၏ ဦးခေါင်းကို ဖြတ်လိုက်သည်။ ၎င်းနောက် စစ်သည်တော်သည် ၎င်းထံတွင် ရှိနေသော ရတနာပစ္စည်းများကို အဝတ်စအတွင်း ထည့်သွင်း၍ ထုတ်ပိုးလိုက်သည်။ ရတနာအထုပ်တစ်ထုပ် ဖြစ်သွားသည်။ ၎င်းနောက် သေတ္တာကလေးကိုလည်း အိတ်အတွင်းသို့ ထည့်သွင်းထားလိုက်သည်။ ထို့နောက် စစ်သည်တော်သည် မြို့သို့သွားသည်။

အလွန်လှပသော မြို့တစ်မြို့ဖြစ်သည်။ စစ်သည်တော်သည် မြို့သို့ရောက်ရှိပြီး နေထိုင်ရန်သင့်လျော် ကောင်းမွန်သော တည်းခိုခန်းကို ရှာဖွေသည်။ တည်းခိုခန်းကိုတွေ့ရှိ၏။ ၎င်းနောက် နေထိုင်ရန်အကောင်းဆုံး အခန်းတစ်ခန်းကို ရရှိရန်ဆောင်ရွက်သည်။ ယခု စစ်သည်တော်သည် အလွန်ချမ်းသာကြွယ်ဝသွားသည်။ ၎င်းထံတွင် ငွေကြေးအမြောက်အများ ရှိနေသည်။

အခန်းစောင့်သည် စစ်သည်တော်၏ ဘွတ်ဖိနပ်ကို သန့်ရှင်းရေးပြုလုပ်ပေးသည်။ ၎င်းက ချမ်းသာကြွယ်ဝသော လူကြီးလူကောင်းတစ်ယောက်ထံတွင် ဟောင်းနွမ်းချို့ယွင်းနေသော ဘွတ်ဖိနပ်တစ်ရံ ကို အသုံးပြုစီးနင်းနေသည်မှာ အံ့အားသင့်စရာပေပဲဟု၍တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှာပင် စစ်သည်တော်သည် အလွန်သပ်ရပ်ကောင်းမွန်သော ဘွတ်ဖိနပ်တစ်ရံနှင့် လှပတင့်တယ်သောအဝတ်အစားများကို ဝယ်ယူခဲ့၏။ ယခုမူ စစ်သည်တော်သည် အလွန်ခန့်ညားသည့် လူကြီးလူကောင်းတစ်ယောက် ဖြစ်နေပြီဖြစ်သည်။ လူအများက ၎င်းအား မြို့အတွင်းတွင်ရှိနေသော လှပတင့်တယ်သည့် အရာဝတ္ထုပစ္စည်းများကို လိုက်လံကြည့်ရှုပါရန် ပြောဆိုသည်။ ယင်းအပြင် မြို့အတွင်း၌ ရုပ်ရည်အသွင်အပြင်အားဖြင့် အလွန်လှပချောမောသည့် မင်းသမီးတစ်ပါး ရှိနေပါကြောင်း၊ ဘုရင်၏သမီးတော်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောဆိုအသိပေးကြသည်။

''အဲဒီဘုရင့်သမီးတော်ကို ဘယ်နေရာမှာ မြင်တွေ့ရမှာလဲ''

စစ်သည်တော်က မေးသည်။

''ဘုရင့်သမီးတော်ကာစံမြန်းရာ ကြေးနီရဲတိုက်သို့ ဘုရင်မှတစ်ပါး အခြားသူများ အဝင်အထွက် ခွင့်ပြုချက်မပေးပေ။ အကြောင်းမှုကား ဘုရင့်သမီးတော်သည် အညတြ စစ်သည်တော်တစ်ဦးနှင့် လက်ထပ်ဖြစ်လိမ့်မည် ဟူသည့် အပြောအဆိုများ ဖြစ်ပေါ်လျက်ရှိနေသည့်အတွက် ဖြစ်သည်။ ဘုရင်ကြီးအနေဖြင့်မူ သဘောတူညီမှုမရှိပေ။

''ကျုပ် အဲဒီမင်းသမီးကလေးနဲ့ တွေ့ချင်လှသဗျာ''

စစ်သည်တော်က ပြောဆိုသည်။ သို့ရာတွင် ဘုရင့်သမီးစံမြန်းရာနေရာသို့ အရောက်အပေါက်ရှိရန်အတွက်မူ မတတ်စွမ်းနိုင်ကြပါပေ။





စစ်သည်တော်သည် မြို့အတွင်းတွင် ရှိနေသော ကပွဲရုံများသို့ သွားရောက်သည်၊ ဘုရင့်ဥယျာဉ်တော်သို့လည်း ရောက်ရှိသည်၊ ဆင်းရဲနွမ်းပါးသောသူများသို့လည်း ငွေကြေးအမြောက်အများ စွန့်ကြဲပေးကမ်းသည်။

စစ်သည်တော်သည် ၎င်းအနေဖြင့် ဖြတ်သန်းလွန်မြောက်ခဲ့သော နေ့ရက်များစွာကို အမှတ်တရ ရှိလာသည်။ ဥကမ္ဘာကြီးအတွင်းတွင် ပဲနီတစ်ပဲနီမျှ မရှိပါပဲလျက် နေထိုင်ခဲ့ရသည့်ရက်သည် မည်မျှကြေကွဲဖွယ်ရာ ဖြစ်ရသည်ကိုလည်း ၎င်းသည် ထပ်မံ၍ သတိရရှိလာပြန်သည်။

ယခုမူ စစ်သည်တော်သည် ချမ်းသာကြွယ်ဝစွာ နေထိုင်နိုင်ပြီးဖြစ်သည်။ ၎င်းထံတွင် လှပသော အဝတ်အစားများသည်လည်း ရှိနေကြသည်။ မိတ်ဆွေအပေါင်းအသင်းများသည်လည်း အမြောက်အများ ရှိနေကြပါသည်။

ယင်း၏ မိတ်ဆွေ အပေါင်းအသင်းများက ၎င်းအား အလွန် သာလွန်ထားခြားသော လူတစ်ယောက်ဖြစ်ပါကြောင်း၊ အမှန်တကယ်ပင် လူကြီးလူကောင်းတစ်ယောက် ဖြစ်နေပါကြောင်း စသည်စသည်ဖြင့် ပြောဆိုကြသည်။ စစ်သည်တော် အနေဖြင့်မူ ယင်းအပေါ် ထိုသို့နှယ် ပြောလာဆိုလာကြသည်ကို စိတ်ပါဝင်စားမှု မရှိလှပေ၊ မည်သို့မျှလည်း ခံစားမှု မဖြစ်ပေါ်ခဲ့ပါပေ။

သူ့အနေဖြင့် ပေးကမ်းကျွေးမွေးမှုများအတွက် ငွေကြေးသုံးစွဲမှု ကုန်ကျမှုများစွာရှိခဲ့ပြီး၊ တစ်ဖက်မှလည်း သုံးစွဲကုန်ကျခံခဲ့ရသည့် ငွေကြေးအတွက် ပြန်လည်၍ ဝင်လာသည့်ငွေကြေးဟူ၍ အလျဉ်းမရှိခဲ့ပါပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် သူ့ထံတွင် ငွေကြေးပြတ်လတ်ကုန်ခမ်းသွားခဲ့၏။ ငွေအဲ့ားဖြင့် နှစ်ပဲနိမျှသာ လက်ဝယ်ကျန်ရှိခဲ့၏။ သူ ဆင်းရဲနွမ်းပါးသည့် အခြေအနေသို့ သက်ဆင်းကျရောက်သွားသည်။

သူ မူလနေထိုင်ခဲ့သည့် ခန်းနားကျယ်ဝန်းသော အခန်းများ ကို ပြန်လည်၍ အပ်နှံလိုက်ရသည်။ အဆောက်အအုံ၏ အပေါ်ဆုံး ရှိ ကျဉ်းမြောင်းသေးငယ်သော အခန်းသို့ ရွှေ့ပြောင်း နေထိုင်ခဲ့ရ၏။ ၎င်းစီးသော ဘွတ်ဖိနပ်ကို ၎င်းဘာသာ တိုက်ချွတ် သန့်ရှင်းရ၏။ ယခင်ရက်များဆီက ၎င်းထံသို့ ဝင်ထွက်ရောက်ရှိကြသော၊ စကားပြောဆိုလာကြသော အပေါင်းအသင်းများသည်လည်း တစ်ဦးတစ်ယောက်မျှ ၎င်းထံသို့ မလာမရောက်ကြတော့ပေ။ ၎င်းအား ရှောင်ဖယ်နေကြသည်။

အမှောင်ကျရောက်စပြုလာသော ညနေခင်းတစ်ခုတွင် ဖြစ်ပါသည်။ သူသည် ဖယောင်းတိုင်မျှကိုပင် ဝယ်ယူနိုင်သည့် ငွေကြေး သူ့ထံတွင် မရှိတော့ပါပေ။

သူသည် ရုတ်တရက် ဖယောင်းတိုင်အတို တစ်တိုင် သေတ္တာကလေးအတွင်း၌ ထည့်သွင်းကျန်ရှိနေသည့်အဖြစ်ကို သတိရရှိလာသည်။ ထိုဖယောင်းတိုင်မှာ သူ သစ်ခေါင်းအတွင်းသို့ သက်ဆင်းသည့်အချိန်နှင့်၊ သစ်ခေါင်းအတွင်းမှ ပြင်ပသို့ ပြန်လည်၍ ထွက်ခွာသည့်အချိန်၊ အလင်းရောင်ရရှိရန်အလို့ငှါ စုန်းမက ၎င်းအားပေးထားခဲ့သည့် ဖယောင်းတိုင်ဖြစ်သည်။ ထွန်းညှိထားရှိခဲ့ပြီး တစ်ဝက်တစ်ပိုင်း ကျန်ရှိနေခဲ့၍ သေတ္တာကလေး



အတွင်း ထည့်သွင်းထားရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုတစ်ဝက် တစ်ပိုင်းမျှ ကျန်ရှိနေသည့် ဖယောင်းတိုင်ကို ယခု သူဖြတ်ကနဲသတိရရှိလာခြင်းဖြစ်သည်။

ဦးစွာ သူသည် သူယူလာခဲ့သော သေတ္တာကလေးကို ရှာဖွေသည်။ ၎င်းနောက် ဖယောင်းတိုင်အတိုအစကို ရှာသည်။ မီးထွန်းညှိရန် ကျောက်ခဲများကို ပွတ်တိုက်လိုက်သည်။ မီးပွင့်သွားသည်။ သေတ္တာကလေး၏တံခါးသည် မီးလင်းလက်သွားသည့်အရှိန်ဖြင့် ပွင့်သွားပါသည်။ ခွေးတစ်ကောင် ထွက်ပေါ်လာ၏။ ခွေး၏မျက်လုံးအစုံသည် လက်ဖက်ရည်ခွက်များကဲ့သို့ ကြီးမားသည်။ သူသည် ယခုကဲ့သို့ ခွေးအမျိုးအစားကို သစ်ခေါင်းအောက်ခြေရှိ ရတနာသေတ္တာများ အပေါ်တွင် တွေ့မြင်ခဲ့ပြီးပြီဖြစ်သည်။

''ဘာအမိန့်များ ပေးခင်ပါသလဲ ... သခင် ...''

ခွေးက ၎င်း၏ရှေ့တွင်သေ မတ်မတ်ရပ်စွာဖြင့် မေးလိုက်သည်။

''ဘယ်လိုများပါလိမ့်''

စစ်သည်တော်သည် မေးမေးပြောပြောပြုသည်။

''ကောင်းပြီ၊ လုပတဲ့သေတ္တာကလေးရယ်၊ တကယ်လို့များ ကျုပ်အလိုရှိတဲ့ ဆန္ဒအတိုင်း ဖြည့်စွမ်းပေးနိုင်မယ်ဆိုရင် ကျုပ်အခု ငွေနည်းနည်းလိုချင်တယ်၊ ယူခဲ့ပေးပါ''

သူသည် ခွေးကိုလည်း သတ်မှတ်ပြောလိုက်သည်။ ခွေးသည် တစ်နေရာသို့ ထွက်သွားသည်။ မကြာမြင့်ပါပေ။ ခွေးသည် ပြန်လာသည်။ ကြီးမားသော အိတ်တစ်အိတ်ကို ပါးစပ်ဖြင့် ကိုက်ချီလာခဲ့၏။ အိတ်အတွင်း၌ ငွေများပါရှိလာ၏။ မှ

ယခုမူ စစ်သည်တော်သည် သေတ္တာကလေး၏ အစွမ်းသတ္တိကို သိရှိသွားခဲ့သည်။ သူသည် လောင်စာပစ္စည်းအမျိုးအစားများဖြင့် မီးပွင့်လင်းလက်လာသည့်အခါတွင် ခွေးတစ်ကောင်ပေါ်ပေါက်လာ၏။ အကယ်၍သူသည် မီးပွင့်လင်းလက်လာရန် တစ်ကြိမ်မျှ ဆောင်ရွက်ခဲ့ပါက ပဲနီပြားများကို စောင့်ထိန်းရသည့် ခွေးတစ်ကောင် ပေါ်ပေါက်လာသည်၊ နှစ်ကြိမ်ဆိုပါမူ ငွေသေတ္တာစောင့်ရသည့် ခွေးပေါ်ပေါက်လာမည်ဖြစ်သည်။ သုံးကြိမ်ဆိုပါမူ ရွှေသေတ္တာစောင့်ရသည့် ခွေးက အမိန့်နာခံမှုပြုလာမည်ဖြစ်သည်။

သူသည် ငွေကြေးများ ပေါများစွာ လက်ခံရရှိလာသည်။ ကျဉ်းမြောင်းသေးငယ်သော အခန်းကို စွန့်လွှတ်လိုက်သည်။ ခမ်းနားကျယ်ဝန်းသော အခန်းများသို့ ပြန်လည်၍ ပြောင်းရွှေ့နေထိုင်လာသည်။ လှပသော အဝတ်အစား အမျိုးအစားများကိုလည်း ဝယ်ယူဝတ်ဆင်လာနိုင်သည်။

ယခင်က သူ့အား ရှောင်ဖယ်ခဲ့ကြသော အပေါင်းအသင်းများသည်လည်း သူ့ထံသို့ ပြန်လည်၍ချဉ်းကပ် ရောက်ရှိလာခဲ့ကြသည်။ ချစ်ခင်လေးစားသည့်အသွင် ပြသလာကြသည်။

"ဘယ်သူတစ်ဦးတစ်ယောက်ကမှ ငါ့ကို ဘုရင့်သမီးတော်ကလေးကို မြင်တွေ့လာဖို့ မဆောင်ရွက်ပေးနိုင်ကြဘူး။ အဲဒါ အလွန်ထူးခြားတာပဲ၊ လူတွေအားလုံးပြောကြတာကတော့ ဘုရင့်သမီးတော်ကလေးဟာ အလွန်လှပ ချောမွေ့တယ်ဆိုပဲ၊ အကာအရံများ နိုင်ခန့်စွာ လုံခြုံအောင် စီမံထားတဲ့ ကြေးနီရဲတိုက်ကြီးရဲ့ အတွင်းထဲမှာ မင်းသမီးလေးက နေနေရတော့လူတွေနဲ့ ဘယ်လိုမှ အထိအတွေ့ အဆက်အဆံရှိနေမှာမှ မဟုတ်တာ။ ငါ ဘုရင့်သမီးတော်ကလေးနဲ့ မတွေ့နိုင်ဘူးတဲ့လား၊ ငါ့ရဲ့ သေတ္တာကလေး ဘယ်မှာလဲ ..."စသည်ဖြင့် အဆက်မြှုတ်တွေးနေမိလေသည်။

၎င်းသည် မီးလင်းလက်လာရန် မီးခတ်ပစ္စည်းဖြင့် ခတ်လိုက်သည်။ ခွေးတစ်ကောင် ရုတ်ခြည်းပေါ်လာသည်။ ခွေး၏ မျက်လုံးအစုံသည် လက်ဖက်ရည်ခွက်များကဲ့သို့ ကျယ်ဝန်းကြီးမားပါသည်။

"ဒီည သန်းခေါင်ယံမှာ ကျုပ်ဟာ ဘုရင့်သမီးတော်ကလေးနဲ့ ခဏကလေးလောက်ပဲဖြစ်ဖြစ် တွေ့ချင်တယ်ဗျာ။ အဲဒီစိတ် ကျုပ်မှာ ဖြစ်နေတယ်"

သူသည် သူ့ထံတွင် ဖြစ်ပေါ်နေသည့် ဆန္ဒကို ဖွင့်ဟပြောပြသည်။ ခွေးသည် သူ့ရှေ့မှောက်မှ ချက်ချင်း ထွက်သွားသည်။ မကြာမြင့်လိုက်ပါပေ၊ ခွေးသည် ၎င်းထံသို့ ပြန်လည်ရောက်ရှိလာသည်။ ဘုရင့်သမီးတော်ကလေးသည်လည်း ပါရှိလာ၏။ ခွေးကျောကုန်းထက်ပေါ်တွင် အိပ်မောကျစွာ လိုက်ပါလာခဲ့ခြင်းဖြစ်ပါသည်။

ဘုရင့်သမီးတော်ကလေးသည် ချစ်ခင်ဖွယ်ရာဖြစ်၏။ သူသည် အိပ်မောကျနေသော မင်းသမီးကလေးကို မွှေးမွှေးမှပေးလိုက်ပါပေ၊ သူသည် မှန်ကန်ရဲဝံ့သော စစ်သည်တော်ကောင်းတစ်ယောက် ပီသစွာ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်စွမ်း ရှိခဲ့၏။

ခွေးသည် မူလက ခေါ်ဆောင်လာခဲ့သည့်အတိုင်း ဘုရင့်သမီးတော်ကလေးကို ကြေးနီရဲတိုက်ဆီသို့ ပြန်လည်၍ ပို့ဆောင်

www.burmeseclassic.com



လိုက်သည်။ နောက်တစ်နေ့ နံနက်ခင်းသို့ ရောက်ရှိခဲ့သည်။ လက်ဖက်ရည်ပွဲတွင် ဘုရင်၊ မိဖုရားနှင့် သမီးတော်ကလေးတို့ သည်။ လက်ဖက်ရည်သုံးဆောင်နေကြသည်။ ထိုအခိုက် ဘုရင့် သမီးတော်ကလေးက ၎င်းသည် ညက အိပ်မက်မြင်မက်ခဲ့ပါ ကြောင်း၊ သူသည် ခွေးတစ်ကောင်၏ ကျောကုန်းထက်ပေါ်တွင် လိုက်ပါသွားခဲ့ရပါကြောင်း၊ စစ်သည်တော်တစ်ယောက်နှင့်လည်း တွေ့ဆုံခဲ့ရပါကြောင်းဖြင့် ပြန်လည်ပြောဆိုသည်။

"တကယ်ပဲလားကွယ်၊ အင်မတန်လှပတဲ့ ပုံပြင်ကလေး တစ်ပုဒ်ပါပဲ"ဟု မိဖုရားက ပြောသည်။ ထို့နောက် ဘုရင်ကြီးနှင့် မိဖုရားတို့က မင်းသမီးကလေး ညဉ့်အချိန် အိပ်စက်နေသည့်အခိုက် တွင် မင်းသမီးကလေး၏ အိပ်ယာအခင်းအကျင်း အနီးအပါးတွင် အသက်ကြီးရင့်သော အမျိုးသမီး အစောင့်အရှောက်တစ်ဦးအား တာဝန်ချထား၏။ အိပ်စက်နေသည့် အချိန်တွင် မင်းသမီး ကလေး အား ကြည့်ရှုစောင့်ရှောက်ထားရန်အတွက် ဖြစ်သည်။ မင်းသမီးကလေး မြင်မက်ခဲ့သော အိပ်မက်သည် အမှန်တကယ် အိပ်မက် အစစ်အမှန်တစ်ခု ဖြစ်ခဲ့လေသလား၊ သို့တည်းမဟုတ် အပြစ် အပျက်အမှန်တကယ် ဖြစ်ခဲ့လေသလား အစရှိသည့် အနေအထား ကို စောင့်ဆိုင်းကြည့်ရှုရန်အတွက်လည်း ဖြစ်ပါသည်။

စစ်သည်တော်သည် ဘုရင့်သမီးတော်ကလေးကို ထပ်မံ၍ ကြည့်ရှုရန် တောင့်တ.လာပြန်သည်။ ယင်းကြောင်း ၎င်းသည် ဘုရင့်သမီးတော်ကလေးကို ခေါ်ဆောင်လာရန် ခွေးကို တစ်ဖန် လွှတ်လိုက်ရပြန်သည်။ ခွေးသည် ဘုရင့်သမီးတော်ကလေးကို ကျောကုန်းထက်ပေါ်တွင် တင်ဆောင်၍ ခေါ်လာနိုင်ခဲ့သည်။





သို့ရာတွင် ဘုရင့်သမီးတော်ကလေးကို စောင့်ကြပ်ရန် တာဝန်ချထားခံရသော အသက်ကြီးအမျိုးသမီးသည် မင်းသမီး ကလေး ဆောင်ကြဉ်းခံလိုက်ရကြောင်း သိရှိလိုက်သည်။ ၎င်း သည် နှင်းလျှောစီးဖိနပ်ကို စီး၍ မင်းသမီးကလေးကို ခေါ်ဆောင် သွားသည့် ခွေး၏နောက်ပါးမှ ထက်ကြပ်မကွာလိုက်သည်။ မင်းသမီးလေးကို တင်ဆောင်သွားသော ခွေးသည်လည်း ရှေ့မှ နေ၍ အစွမ်းကုန်ပြေးသည်။ ၎င်းနောက် ကြီးမားသော အိမ်ကြီး တစ်အိမ်အတွင်းသို့ ခွေးသည် မင်းသမီးကလေးနှင့်အတူ ဝင်သွား ခဲ့ကြသည်ကို နောက်မှ ပြေးလွှားလိုက်ပါလာသည့် အသက်ကြီး အမျိုးသမီးက တွေ့သည်။

အမျိုးသမီးသည် နေအိမ်ကို ပြန်လည်ရှာဖွေရာတွင် လွယ်ကူစွာ တွေ့ရှိနိုင်ရန်အတွက် မြေဖြူခဲတစ်ချောင်းဖြင့် နေအိမ် တံခါးပေါ်တွင် ကြက်ခြေခတ်အမှတ်အသားတစ်ခုကို အရွယ်အစား ကြီးမားစွာ ရေးခြစ်မှတ်သားလိုက်သည်။ အမျိုးသမီးသည် ကြေး နီ ရဲတိုက်သို့ ပြန်သွား၏။ ၎င်းနောက် အိပ်စက်လိုက်လေသည်။ မကြာမီမှာပင် ခွေးသည်လည်း ဘုရင့်သမီးတော်ကလေးကို ကြေး နီ ရဲတိုက်သို့ ပြန်လည်၍ပို့ဆောင်သည်။

ခွေးသည် စစ်သည်တော်၏ နေအိမ်သို့ တာဝန်ကျေပွန် စွာ ပြန်လာသည်။ စစ်သည်တော်၏ အိမ်တံခါးရွက်ပေါ်တွင် ကြီးမားသော အရွယ်အစားရှိသည့် ကြက်ခြေခတ်အမှတ်အသား တစ်ခုကို ခွေးသည် တွေ့မြင်လိုက်၏။ ခွေးသည် မြေဖြူတစ်ချောင်း ကို ယူသည်၊ ထို့နောက် မြို့အတွင်းတွင် ရှိနေကြသော အဆောက်



www.burmeseclassic.com

www.burmeseclassic.com



အအုံများ၏ တံခါးရွက်တိုင်းအပေါ်တွင် ကြက်ခြေခတ် အမှတ်အသားတစ်ခုကို အရွယ်အစားကြီးမားစွာ ရေးခြစ်မှတ်သားထားလိုက်သည်။ မင်းသမီးကလေးအား စောင့်ရှောက်ရန် တာဝန်ချထားခံရသည့် အမျိုးသမီးကြီး ရှာဖွေမတွေ့ရန်ဖြစ်သည်။

နောက်တစ်နေ့သို့ ကူးပြောင်းခဲ့သည်။ နံနက်ပိုင်းတွင်ဖြစ်သည်။ ဘုရင်၊ မိဖုရား၊ မင်းသမီးအား စောင့်ကြည့်တာဝန်ချထားခံရသည့် သက်ကြီးအမျိုးသမီးနှင့် အိမ်တော်မှ အရာရှိများအားလုံးတို့သည် မနေ့ညက မင်းသမီးလေးရောက်ရှိခဲ့သည့် အဆောက်အအုံသို့ စစ်ဆေးကြည့်ရှုရန် ရောက်ရှိလာကြသည်။

''လွယ်ကူစွာ ရှာဖွေတွေ့ရှိနိုင်ပါတယ် အရှင်မင်းကြီး၊ အဲဒီအဆောက်အအုံ တံခါးပေါ်မှာ ကျွန်တော်မကိုယ်တိုင် မြေဖြူခဲနဲ့ ကြက်ခြေခတ်ကို ထင်သာမြင်သာအောင် အရွယ်အစားကြီးကြီး ရေးခြစ်မှတ်သားထားခဲ့ပါတယ် အရှင်မင်းကြီး''

တာဝန်ချထားခံရသည့် သက်ကြီးအမျိုးသမီးက ထပ်လောင်း လျှောက်ထားသည်။

''ကောင်းလေစွ၊ စေ့စပ်သေချာပေစွ''

ဘုရင်ကြီးက ကျေနပ်စွာဖြင့် တာဝန်ချထားခံရသည့် သက်ကြီးအမျိုးသမီးကို ချီးမွမ်းစကားဆိုသည်။

''ဟောဒီမှာ ကြက်ခြေခတ်''

ဘုရင်ကြီးက အားပါးတရပြောသည်။ အခန်းတံခါးပေါ်တွင် အဖြူရောင် ကြက်ခြေခတ်သည် ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင် ...





''မဟုတ်သေးဘူး အရှင်မင်းကြီး၊ ဟောဒီတံခါးပေါ်မှာလဲ အဖြူရောင် ကြက်ခြေခတ်''

မိဖုရားကြီးက တံခါးတစ်ခုကို ညွှန်ပြပြောဆိုသည်။ တံခါးမျက်နှာပြင်တွင် အဖြူရောင်ကြက်ခြေခတ်တစ်ခု။

''ဟာ ... ဟောဒီ တံခါးပေါ်မှာလဲ ကြက်ခြေခတ်''

''ဟိုတံခါးပေါ်မှာလဲ ကြက်ခြေခတ်ပါပဲလား ...''

''ကြက်ခြေခတ်တွေ၊ ကြက်ခြေခတ်တွေ ...''

အဆောက်အအုံ အခန်းတံခါးများအားလုံးတွင် မြေဖြူခဲဖြင့် ရေးသားထားသော ကြက်ခြေခတ်များ၊ အမှတ်သမားများ။

ဘုရင့်သမီးတော်အား ခေါ်ဆောင်သွားခဲ့ပြီး မည်သည့်နေရာ မည်သည့်အခန်းတွင် ထားရှိခဲ့သည်ကို မသိရှိနိုင်ဖြစ်ရသည်။ ဘုရင်ကြီးနှင့် နောက်လိုက်နောက်ပါများအားလုံး ပြန်ခဲ့ကြရသည်။ ဆက်လက်၍ အဆောက်အအုံ အခန်းများအားလုံး၏ တံခါးများကို လိုက်လံကြည့်ရှုနေပါလျှင်လည်း အဖြူရောင် ကြက်ခြေခတ်များပဲ တွေ့ကြရပေဦးမည်။

သို့ရာတွင် မိဖုရားသည် လိမ္မာပါးနပ်သော အမျိုးသမီးတစ်ဦးဖြစ်သည်။ မိဖုရားသည် ရွှေကတ်ကျေးဖြင့် ပိုးစ,အပိုင်းအစများ ညှပ်လိုက်သည်။ ၎င်းနောက် ပိုးစ အပိုင်းအစဖြင့် အိတ်တစ်အိတ် ချုပ်သည်။ အိတ်သည် အရွယ်အစားအားဖြင့် သေးငယ်ပါသည်။ ချုပ်လုပ်ရာတွင် လုပ်သော အိတ်ကလေးတစ်အိတ် ဖြစ်လာသည်။ အိတ်ထဲသို့ ဂျုံအမှုန့်များ ထည့်၍ချုပ်လိုက်သည်။ ၎င်းနောက်ဂျုံအိတ်အသေးကို မင်းသမီး၏ ကျောဘုန်းထက်ပေါ်တွင် မြဲမြံစွာ ချိတ်ဆွဲထားရှိလိုက်သည်။ ပြီးမှ ဂျုံ



www.burmeseclassic.com

www.burmeseclassic.com



အိတ်၏ အောက်ခြေတွင် အပေါက်အသေး တစ်ပေါက် ဖေါက်ထားလိုက်သည်။ ဂျုံအိတ်အောက်တွင်း အပေါက်အသေးရှိနေ၍ အတွင်းမှ ဂျုံမှုန့်များ လမ်းတစ်လျှောက်တွင် နည်းနည်းစီ ဖိတ်စင်သွားမည်ဖြစ်သည်။ ဤနည်းဖြင့် မင်းသမီးအား ခေါ်ဆောင်သွားရာလမ်းကြောင်းကို ဂျုံအမှုန့်များဖြင့် အမှတ်အသားပြုသွားနိုင်သည်ပဲဖြစ်သည်။

ညဦးအချိန်သို့ ရောက်ရှိလာပြီဖြစ်သည်။ ခွေးသည် ကြေးနီ ရဲတိုက်သို့ ရောက်ရှိလာသည်။ မင်းသမီးအား ကျောကုန်းထက်ပေါ်တွင် တင်ဆောင်၍ စစ်သည်တော်ရှိရာသို့ ခေါ်ဆောင်ခဲ့သည်။ စစ်သည်တော်သည် ဘုရင့်သမီးတော်အား နှစ်သက်မြတ်နိုးနေပြီဖြစ်သည်။ သူသည် မင်းသားတစ်ပါးအဖြစ်သို့ ရောက်ရှိရန်တောင့်တသည်။ သို့မှသာ ဘုရင့်သမီးတော်ကို လက်ထပ်နိုင်မည်ဖြစ်သည်။

ဘုရင့်သမီးတော် စံမြန်းရာ ရဲတိုက်မှ စစ်သည်တော်နေထိုင်ရာ အဆောက်အအုံသို့ ဦးတည်သော လမ်းတစ်လျှောက်တွင် ဂျုံအမှုန့်များ ကျကျန်ရစ်ခဲ့သည့် အနေအထားကို ဘုရင့်သမီးတော်ကို ခေါ်ဆောင်လာသော ခွေးသည် အလျှဉ်းမသိရှိပါပေ။

နောက်တစ်နေ့ နံနက်သို့ ကူးပြောင်း ရောက်ရှိခဲ့သည်။ ဘုရင်နှင့် မိဖုရားသည် ယင်းတို့၏သမီးတော် မည်သည့်အဆောက်အအုံ မည်သည့်အခန်းသို့ ရောက်ရှိသွားခဲ့သည်ကို ဂျုံအမှုန့်များကျဆင်းခဲ့သည့် အနေအထားအပေါ် ခြေရာကောက်နိုင်ခဲ့သည်။ နောက်ဆုံးတွင် စစ်သည်တော်ကို တွေ့ရှိသွားခဲ့သည်။ အကျဉ်းချထားလိုက်သည်။ အကျဉ်းအခန်းသည် မှောင်မဲနေ၏။





"မနက်ဖြန်ကျရင် မောင်မင်းကို ကြိုးပေးသတ်လိမ့်မယ်"

စစ်သည်တော်အား အကျဉ်းချထားအပြီးတွင် ဘုရင်ကြီး၏ အမှုထမ်းများက ပြောဆိုကြသည်။ စစ်သည်တော်အနေဖြင့် ရုတ်တရက် လွတ်မြောက်ရန် လမ်းစမမြင်မတွေ့နိုင် ဖြစ်ရသည်။ သေတ္တာကလေးသည်လည်း တည်းခိုနေထိုင်ရာ အခန်းအတွင်းတွင် ကျန်ရစ်ခဲ့ပြီးဖြစ်သည်။

နောက်တစ်နေ့ နံနက်ပိုင်းတွင်ဖြစ်သည်။ စစ်သည်တော်သည် ယင်းအား အကျဉ်းချထားရာ အခန်း၏ သေးငယ်ကျဉ်းမြောင်းသော အပေါက်မှတစ်ဆင့် ပြင်ပသို့ ကြည့်ရှုလိုက်သည်။ လူစုလူအုပ်များသည် မြို့ထဲမှ ထွက်လာကြသည်။ စစ်သည်တော်အား ကြိုးပေးသည်ကို ကြည့်ကြရန်အတွက်ဖြစ်သည်။

စစ်သည်တော်သည် ဗုံတီးသံများကို ကြားရသည်။ တပ်ဖွဲ့များ ချီတက်နေကြသည်ကိုလည်း မြင်တွေ့သည်။ လူတိုင်းသည် တပ်ဖွဲ့များ ချီတက်လာကြသည့် အခြေအနေကို အပြေးအလွှား လိုက်လံကြည့်ရှုကြသည်။

ထိုသို့ကြည့်ရှုကြသည့် သူများတွင် ဖိနပ်ချုပ်သမား၏ သားဖြစ်သူ လူငယ်တစ်ယောက်သည်လည်း အပါအဝင်ဖြစ်သည်။ လူငယ်သည် တပ်ဖွဲ့ကို အပြေးအလွှားလိုက်ကြည့်သည်။ ယင်း၏ ဖိနပ်တစ်ဖက်သည် ကျွတ်ထွက်လွင့်စင်သွားရသည်အထိ ဖြစ်၏။ မည်မျှဆိုသော် ဖိနပ်သည် စစ်သည်တော်ပြင်ပသို့ ကြည့်ရှုနေသော သေးငယ်ကျဉ်းမြောင်းသည့် အပေါက်၏နံရံသို့ ရောက်ရှိသည်အထိ လွင့်စင်သွားသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"လူကလေးရယ် အဲဒီလောက်ပဲ အလျှဉ်စလိုဖြစ်နေစရာ မလိုအပ်ပါဘူးလေ"

ဟူ၍ စစ်သည်တော်က လူငယ်ကလေးသို့ ပြောလိုက်သည်။

"ဒီနေရာမှာ ဦးရှိနေသရွေ့ သူတို့အပြစ်ပေးစီရင်ဖို့ဆိုတာ မလုပ်သေးပါဘူးလေ။ လူကလေးက စိတ်ထဲမှာ ဦးအတွက် လုပ်ပေးချင်တဲ့စိတ်ရှိမယ်ဆိုရင် ဦးရဲ့သေတ္တာသေးသေးတစ်လုံး ကျန်နေရစ်ခဲ့လေရဲ့ အဲဒီသေတ္တာကလေးကို ဦးအတွက် လူကလေး သွားယူပေးပါလား၊ ဦးက လူကလေးကို သေတ္တာကလေးသွားယူပေးတဲ့အတွက် လေးသျှိလင် ဆုချမှာပါ၊ လူကလေးရဲ့ ခြေထောက်နှစ်ဖက်ဟာ ဘယ်လောက်ကြီးများ မြန်မြန်ဆန်ဆန်သွားနိုင်သလဲ၊ သွားပေးစမ်းပါ လူကလေး ..."

ဖိနပ်ချုပ်သမား၏ သားကလေးသည် ယင်းအား စစ်သည်တော်က လေးသျှိလင်ဆုချမည်ဆို၍ ပျော်သွားသည်။ လေးသျှိလင် ရရှိလာမည်ဖြစ်သည့်အတွက် ဖိနပ်ချုပ်သမား၏ သားကျေနပ်သွားသည်။ သူသည် စစ်သည်တော် ပြောပြသည့်နေရာသို့ အလျှင်အမြန် သွားရောက်သည်။ သေတ္တာကလေးကို စစ်သည်တော်ထံသို့ ယူဆောင်လာခဲ့၏။ စစ်သည်တော်သို့ အချိန်မီ ပေးနိုင်ခဲ့သည်။ စစ်သည်တော်သည် သေတ္တာကလေးကို ပြန်လည် ရရှိပြီးဖြစ်၏။

မြို့ပြင်တွင် ကြီးမားသောအရွယ်အစားရှိသည့် ကြိုးစင်တစ်စင်ကို အသင့်ပြင်ဆင်ထားရှိသည်။ နံရံများဖြင့် အကာအရံပြုထားသည်။ တပ်ဖွဲ့ဝင်များနှင့် မြို့သူမြို့သားပေါင်းများစွာသည် ကြိုးစင် အနီးအပါးတွင် ဝိုင်းရံစွာရှိနေကြသည်။ ဘုရင်နှင့် မိဖုရားတို့သည် တရားသူကြီးများ တာဝန်ရှိသူများနှင့် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

သတ်မှတ်သည့် အချိန်ရောက်ရှိသည့်အခါတွင် စစ်သည်တော်၏ လည်ပင်းထက်သို့ ကြိုးကွင်းကို စွပ်ချလိုက်သည်။ ထိုအခိုက်မှာပင် စစ်သည်တော်သည် တစ်စုံတစ်ခုကို သတိရရှိလာသည်။ ကြိုးပေးခံရမည့်သူသည် နောက်ဆုံးအနေဖြင့် ၎င်းထံတွင်ဖြစ်ပေါ်လာသည့် အပြစ်ကင်းစင်သော ဆန္ဒတစ်ခုကို ထုတ်ဖော် တောင်းခံခွင့်ရှိခြင်းနှင့် ထိုဆန္ဒပြည့်ဝစေရန်အတွက်လည်း ဖြည့်ဆည်းပေးခဲ့ကြသည့် အစဉ်အလာရှိခဲ့ခြင်းပင် ဖြစ်သည်ဟူ၍ပင် ဖြစ်သည်။

ယင်းကြောင့် စစ်သည်တော်သည်လည်း ၎င်း ကြိုးပေးမခံရသေးမီ ၎င်း၏နောက်ဆုံးဆန္ဒကို လိုက်လျော၊ ခွင့်ပြုရန် တောင်းခံ၏။ ဘုရင်ကြီးသည် စစ်သည်တော်၏ နောက်ဆုံးဆန္ဒကို လိုက်လျောရန် သဘောတူညီလိုက်သည်။

ထို့ကြောင့် စစ်သည်တော်သည် သေတ္တာကလေးကို ယူလိုက်၏။ မီးပွင့်သွားစေရန် မီးခတ်လိုက်၏။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်အထိ မီးခတ်လိုက်၏။ ခွေးသုံးကောင် ရုတ်ခြည်းထွက်ပေါ်လာသည်။ ခွေးတစ်ကောင်၏ မျက်လုံးအစုံသည် လက်ဖက်ရည်ခွက်ကဲ့သို့ ကြီးမားကျယ်ပြန့်သည်။ အခြားခွေးတစ်ကောင်၏ မျက်လုံးအစုံသည် ရေတံခါးကိုတွန်းသည့် ဘီးကြီးများ၏ အရွယ်အစားနှင့် အညီဖြစ်၏။ ကျန်ရှိသည့် ခွေးတစ်ကောင်၏

www.burmeseclassic.com



မျက်လုံးအစုံ အရွယ်အစားသည် ဘုရားရှစ်ခိုးကျောင်း မျှော်စင်ပေါ်တွင် တပ်ဆင်ထားသော ကြီးမားသော နာရီနှယ်ဖြစ်သည်။

"ကျုပ်ကို ကူညီကြပါ၊ ဒါမှ ကျုပ် ကြိုးပေးသတ်ဖြတ်မခံရမှာ... "ဟူ၍ စစ်သည်တော်က ပြောလိုက်သည်။

ခွေးများသည် တရားသူကြီးများနှင့် တာဝန်ရှိသူများဆီသို့ ရှေ့ရှုသွားကြပြီး ခြေထောက်များကို ဖမ်းဆွဲကိုက်ခဲကြသည်။ နှာခေါင်းများအထိ ကိုက်ခဲသည်။

ထိုသူများကို လေထဲသို့ ထိုးကော်ပစ်မြှောက်လိုက်ကြသည်။ လေထဲမှ မြေထက်သို့ အရှိန်ပြင်းထန်စွာ ကျကြသည်။ ဒဏ်ရာပြင်းထန်စွာ ဖြစ်ပေါ်သွားကြသည်။

"မကိုက်နေကြနဲ့၊ ရပ်လိုက်၊ ဒါ ငါ့အမိန့်"

ဘုရင်ကြီးက ပြောလိုက်သည်။ သို့ရာတွင် အရွယ်အစားကြီးမားသော ခွေးတစ်ကောင်သည် ဘုရင်ကြီးအား ဆွဲဟပ်လိုက်သည်။ အလားတူ မိဖုရားကြီးကိုလည်း ဆွဲဟပ်သည်။ ၎င်းတို့ကိုလည်း အခြားသူများကဲ့သို့ လေယဲသို့ ပစ်မြှောက်လိုက်သည်။

"စစ်သည်တော်ကောင်းကြီး သင်ဟာ အကျွန်ုပ်တို့အားလုံးရဲ့ ဘုရင်မင်းမြတ်ကြီးပါ လှပချောမောတဲ့ မင်းသမီးကလေးကို လက်ထပ်ယူလိုက်ပါတော့"

မြို့သူမြို့သားများက စစ်သည်တော် ကြားသိရန် အော်ဟစ် ပြောဆိုလိုက်ကြသည်။ ၎င်းနောက် မြို့သူမြို့သားများသည် စစ်သည်တော်အား ကြိုးစင်ပေါ်မှ ဆင်းသက်လာစေပြီး ဘုရင်ကြီး၏ တန်ဆာဆင်ထားသည့် ရထားထက်ပေါ်သို့ တင်ဆောင်



ပေးလိုက်သည်။ ခွေးသုံးကောင်သည် ရထားနောက်မှ လိုက်ပါသွားကြသည်။

မင်းသမီးကလေးသည် ကြေးနီရဲတိုက်မှ ထွက်ခွာလာခဲ့ရ၏။ ဘုရင်မ ဖြစ်လာ၏။ မင်းသမီးကလေးသည် ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်ကို နှစ်သက်သဘောကျသွားသည်။ စစ်သည်တော်နှင့် မင်းသမီးကလေးတို့၏ လက်ထက်မင်္ဂလာပွဲကို ရက်ပေါင်းရှစ်ရက်တိုင်တိုင် ကြာမြင့်စွာ ကျင်းပ၏။

www.burmeseclassic.com

www.burmeseclassic.com

# ပျော်ပျော်ရွှင်ရွှင်

ဟိုးရှေးရှေးအချိန်က ဘုရင်ကြီးတစ်ပါးရှိခဲ့သည်။ ၎င်းသည် အလွန်ထိုင်းမှိုင်းသော ဘုရင်ကြီးဖြစ်သည်။ ရဲတိုက်တစ်တိုက်တွင် နေထိုင်၏။ ရဲတိုက်သည်လည်း ထိုင်းမှိုင်းညည်းငွေ့ဖွယ်ရာကောင်းသည့် ရဲတိုက်ဖြစ်သည်။

ရဲတိုက်ကို အုတ်နံရံများဖြင့် အကာအရံပြုထား၏။ အုတ်နံရံများသည် အလွန် ထူထပ်ကြသည်။ ပြတင်းပေါက်များလည်း ရှိကြပါသည်။ သို့ရာတွင် ယင်းပြတင်းပေါက်များသည် အရွယ်အစားအားဖြင့် အလွန်သေးငယ်ကြပါသည်။ မည်သည့်အခါမှာမှ ဖွင့်လှစ်ထားခြင်းမရှိပေ။

ထင်းရှူးတောအုပ်တစ်အုပ်ရှိသည်။ ယင်းထင်းရှူးတောအုပ်သည် ရဲတိုက်ကို သုံးဘက်သုံးတန်မှနေ၍ အကာအရံပြုထား





ဖြန့်သည်။ ရဲတိုက်၏ အရှေ့ဘက်တံခါးနှင့် အလွန်နီးကပ်စွာ ပေါက်ရောက်နေကြသော ထင်းရှူးပင်များလည်း ရှိကြသည်။ ရဲတိုက်၏ ဘက်သုံးဘက်ကို ထင်းရှူးတောအုပ်သည် ကာဆီးထားခဲ့ပြီး ကျန်ရှိသည့် ဘက်တစ်ဘက်တွင်မူ ချုံပိတ်ပေါင်းတစ်ခု ရှိသည်။ ချုံပိတ်ပေါင်းသည် ရှည်ရှည်မြင့်မြင့်မဟုတ်ပေ။ မီးဖိုတံခါးဘက်မှ ဖြန့်ကျက်ဖောက်လုပ်ထားသည့် လမ်းတစ်လမ်းရှိသည်။ လမ်းသည် ကျယ်ပြန့်လှပါသည်။ အဆိုပါလမ်းသည် မြို့တစ်မြို့တည်ရှိရာနေရာသို့ ဦးတည်နေပါသည်။ မြို့နှင့်ရဲတိုက် တည်ရှိရာနေရာသည် မဝေးမကွာလှပါပေ။

ဘုရင်သည် ရဲတိုက်အတွင်းတွင် တစ်နေ့လုံး နေထိုင်လျှက်ရှိပါသည်။ ရဲတိုက်၏ ပတ်လည်တွင်ရှိနေသည့် ညိုမှောင်သော ထင်းရှူးတောအုပ်ကိုသာ ထိုင်ကြည့်နေပါသည်။ ဘုရင်သည် အမြဲတစေ အထီးကျန်စွာ ရှိနေပါသည်။ အမြဲတစေလည်း ဝမ်းနည်းပူဆွေးသည့် ပုံပန်းများ ဖြစ်ပေါ်နေပါသည်။

ဘဏ္ဍာစိုး၊ မှူးမတ်များနှင့် အမျိုးသမီးအစောင့်အကြပ်များသည် ရဲတိုက်၏ မျက်နှာချင်းဆိုင်ရှိ အခန်းများတွင် နေထိုင်ကြသည်။ သူတို့အားလုံးသည်လည်း သောကစိတ်ဝင်ကာ ကြေကွဲစွာ ရှိနေကြပါသည်။

ရဲတိုက်နှင့် ရဲတိုက်၏အဆက်အစပ်နေရာများရှိ ဘုရင်မှသည် အိမ်တော်ဝန်ထမ်းများအားလုံးသည် ပူပင်သောကခံစားနေကြရသည်။ သို့ရာတွင် မီးဖိုဆောင် တာဝန်ကျအမျိုးသမီးတစ်ဦးတည်းသာလျှင် အမှန်တကယ် ပျော်ရွှင်ကျေနပ်စွာ ရှိနေသောလူတစ်ယောက် ဖြစ်နေခဲ့ပါသည်။ တစ်နည်းအားဖြင့် ရဲတိုက်



www.burmeseclassic.com

www.burmeseclassic.com



တစ်တိုက်လုံးတွင် ရှိနေကြသည့်သူများတွင် မီးဖိုဆောင်တာဝန်ကျ ဝန်ထမ်း အမျိုးသမီးတစ်ဦးသာလျှင် ပျော်ရွှင်နေသူတစ်ဦး ဖြစ်နေပါသည်။

မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးသည် မီးဖိုဆောင် တံခါးအနီးတွင်ထိုင်ကာ အလုပ်များလုပ်ကိုင်လေ့ ရှိသည်။ မကြာခဏလည်း မီးဖိုဆောင်မှ သက်ဆင်းကာ မြို့ဆီသို့ ဦးတည်ဖောက်လုပ်ထားသည့် လမ်းကြောင်းအတိုင်း မြို့သို့သွားရောက်သည်။ မြို့အတွင်းတွင် ဖြစ်ပေါ်နေသော သတင်းများကို နားစွင့်သည်။

ပြေိုလ၏ လုပသော နံနက်ခင်းအချိန်တွင် ဖြစ်သည်။ သူစိမ်းနှစ်ဦးတို့သည် မြို့အတွင်းမှ ဘုရင့်ရဲတိုက်ရှိရာသို့ ဖောက်လုပ်ထားသော လမ်းကြောင်းအတိုင်း ရောက်ရှိလာသည်။ ရောက်ရှိလာသည်ဆိုရာတွင်လည်း သက်တောင့်သက်သာစွာ လမ်းလျှောက်လာခြင်းမဟုတ်ကြပေ၊ ပြေးပြေးလွှားလွှား ရောက်ရှိလာကြခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် တောက်ပသော အဝါရောင် အဆင်းရှိသည့် အဝတ်အစားကို ဝတ်ဆင်ထားကြ၏။

ဝင်စစ်ရဲတိုက်သို့ လာကြရာတွင် ရဲတိုက်၏ အရှေ့ပေါက်မှ ရဲတိုက်အတွင်းသို့ ဝင်ရောက်ကြရမည်ဖြစ်သည်။ ယခုမူ ထိုသို့မဟုတ်ပေ။ မီးဖိုဆောင်သို့ ဦးတည်ကာ သူစိမ်းနှစ်ဦး ရောက်ရှိလာကြခြင်းဖြစ်သည်။ မီးဖိုဆောင်အနီးအပါးသို့ ခုန်ဆွခုန်ဆွဖြင့် ရောက်ရှိလာကြခြင်းဖြစ်သည်။ သူစိမ်းနှစ်ဦးအတက် သူစိမ်းတစ်ဦးသည် မီးဖိုတံခါးရွက်တွင် တပ်ဆင်ထားသည့် တံခါးဘုတုံးပေါ်သို့ ခုန်တက်လိုက်သည်။ တံခါးလက်ကိုင်ပေါ်သို့ တက်ရောက်





လိုက်သည်။ ၎င်းနောက် သူစိမ်းနှစ်ဦးတို့သည် မီးဖိုဆောင်တံခါးရွက်ကို အားရှိပါးရှိ တွန်းတိုက်ကြသည်။

"ဘယ်သူတွေလဲ ..."

မီးဖိုဆောင်တာဝန်ကျ အမျိုးသမီးက မေးလိုက်သည်။ ၎င်းသည် မီးဖိုတံခါးနှင့် မနီးမဝေးတွင် ဖိနပ်များကို သန့်ရှင်းရေးပြုလုပ်နေသည်။

"ဘာလိုချင်လို့လဲ ..."

"ကျွန်တော့်နာမည်က ဟီကာမိုရီပါ ..."

သူစိမ်းနှစ်ဦးအနက် တံခါးလက်ကိုင်ပေါ်သို့ တက်ရောက် နေသော သူစိမ်းတစ်ဦးက မီးဖိုဆောင်အမျိုးသမီး၏ အမေးကို ဖြေကြားလိုက်သည်။

"ကျွန်တော့်နာမည်က ဟက်ကာမိုရီ"

သူစိမ်းတစ်ဦးက သူ့အမည်ကို ပြောလိုက်သည်။ ၎င်းသည် တံခါးဘုတုံးပေါ်သို့ တက်ရောက်ကာ ကျွမ်းထိုးမှောက်ခုံ လုပ်ပြနေသည်။

"ကျွန်တော်တို့နှစ်ယောက်စလုံး ဘုရင်ကြီးနဲ့ တွေ့ချင်လို့ပါ"

"ဟီကာမိုရီ"နှင့် "ဟက်ကာမိုရီ"တို့ နှစ်ဦးစလုံး မီးဖိုဆောင်တာဝန်ကျ အမျိုးသမီးသို့ ပြိုင်တူဖြေကြားလိုက်ကြသည်။ ၎င်းတို့နှစ်ဦးသည် တံခါးရွက်ပေါ်သို့တက်လိုက်၊ တံခါးရွက်ပေါ်မှ ပြန်ဆင်းလိုက် ပြုနေကြသည်။ ထိုသို့ပြုနေကြရာတွင်လည်း အားကုန်အင်ကုန် စိတ်ရှိလက်ရှိ ပြုနေကြခြင်းဖြစ်သည်။ မီးဖိုဆောင် တာဝန်ကျအမျိုးသမီးသည် ယခုကဲ့သို့သော သူစိမ်းနှစ်ဦး

www.burmeseclassic.com



၏ အပြုအမူနှင့် စပ်လျဉ်း၍ မြင်တွေ့ခဲ့ဖူးခြင်းမရှိပေ။ သူမသည် အံ့အားတသင့်လည်း ဖြစ်နေရသည်။ သူမသည် ဟက်ဟက်ပက်ပက်လည်း ရယ်မောလိုက်မိသည်။

"ကောင်းပြီ၊ ရှင်တို့နှစ်ယောက် ဒီနေရာမှာရှိနေတဲ့ အတိုင်း ဆိုရင် ဘုရင်ကြီးကို တွေ့မြင်ကြရမှာ မဟုတ်ဘူး၊ ရှေ့ဘက်မှာရှိနေ တဲ့ တံခါးပေါက်ဆီကို သွားကြပါ။ အဲဒီက ရဲတိုက်အထဲကို ဝင်ကြပါ"ဟူ၍ မီးဖိုဆောင် တာဝန်ကျအမျိုးသမီးသည် ပြောလည်း ပြော ရယ်လည်းရယ်နေလိုက်သည်။

"ကျွန်တော်တို့ အရှေ့ဖက်တံခါးပေါက်ဆီကို မသွားချင်ကြလို့ပါ"

သူစိမ်းနှစ်ယောက်က ပြန်လည်ပြောဆိုသည်။

"ကျွန်တော်တို့နှစ်ယောက် ဒီနေရာမှာပဲ ရှိနေတော့ ဒီနေရာမှာပဲ နေချင်ပါတယ်။ ဒီနေရာကပဲ ဘုရင်ကြီးကို တွေ့ပါ့မယ်"

သူစိမ်းနှစ်ယောက်တို့သည် ပြောလည်းပြော မီးဖိုတံခါးရွက်အပေါ်သို့တက်လိုက်ပြန်ဆင်း ပြန်လျှောချလိုက်ဖြင့် စောစောပိုင်းကထက် ပိုမိုမြန်ဆန်စွာ ပြုနေကြသည်။ အတက်အဆင်းအကြိမ်များနေ၍ အညိုရောင်တံခါးရွက် သစ်သားပေါ်မှာပင် အစက်အပြောက်များ ထင်ကျန်ရစ်နေကြသည်။

မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးသည်လည်း စောစောပိုင်းကထက်ပင် ပိုမို ပျော်ရွှင်ရယ်မောနေမိပြန်သည်။ အမျိုးသမီး၏ ရယ်မောသံသည် စားဖိုမှူးက ပြန်လည်၍ သတိထားမိလိုက်



သည်အထိ ဆွဲဆောင်မှု ရှိခဲ့သည်။ စားဖိုမှူးသည် ဘုရင်ကြီးအနှစ်သက်ဆုံးဖြစ်သည့် ဆီးသီးကိုဟင်းလျာအဖြစ် ချက်ပြုတ်နေရ၍ အလုပ်များနေရသည်။ ထိုအခြေအနေမှာပင် မီးဖိုဆောင်တာဝန်ကျ အမျိုးသမီး၏ ရယ်မောသံကို စားဖိုမှူးသည် ကြားသိရသည်။

"ဘာဖြစ်တာလဲ"

စားဖိုမှူးက မေးလိုက်သည်။

"သူစိမ်းနှစ်ယောက်ပါရှင့် သူတို့က တစ်ယောက်က "ဟီကာမိုရီ"တဲ့၊ ကျန်တစ်ယောက်က "ဟက်ကာမိုရီ"တဲ့၊ အခု သူတို့နှစ်ယောက်ဟာ မီးဖိုဆောင် တံခါးနားမှာရှိနေကြပါတယ်။ သူတို့က ဘုရင်ကြီးကို တွေ့ချင်ကြလို့ပါတဲ့ရှင်"

မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးက စားဖိုမှူးကို ပြန်လည်၍ ပြောဆိုသည်။

"သူတို့နှစ်ယောက်က ဘာဖြစ်လို့ ရှေ့တံခါးပေါက်ဆီကို မသွားကြတာလဲ"

"သူတို့နှစ်ယောက်က အဲဒီ ရှေ့တံခါးပေါက်ဆီကို မသွားချင်ကြလို့တဲ့"

မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးက ကောက်ကာငင်ကာ ပြောသည်။ စားဖိုမှူးသည်လည်း အံ့ဩသွားမိသည်။ စားဖိုမှူးသည် လက်ထဲတွင် ယောက်မတစ်ချောင်း ကိုင်ဆောင်နေရာကပင် သူစိမ်းနှစ်ဦး ရှိနေရာသို့ အပြေးအလွှား သွားသည်။ သူသည်လည်း သူစိမ်းနှစ်ယောက်ကို တွေ့ချင်နေသည်။ ထိုအချိန်အထိတိုင်အောင်ပဲ သူစိမ်းနှစ်ဦးတို့သည် မီးဖိုတံခါးရွက်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပြေးပြေးဆင်းဆင်း ပြုနေကြဆဲဖြစ်သည်။ စားဖိုမှူးသည် သူစိမ်းနှစ်ယောက်ကို မြင်တွေ့မိသည်နှင့် သူသည် မချုပ်တည်းနိုင်စွာ အော်ဟစ်ရယ်မောလိုက်မိသည်။

"မင်းတို့ငါ့ကို ရွှင်ပြအောင် လုပ်ပေးကြတာပါပဲ"

စားဖိုမှူးက ပြောပြောဆိုဆို ယူဆောင်လာသော သစ်သား ယောက်မကို မြှောက်လိုက်သည်။ ဆက်လက်၍ ယောက်မကို လေထဲသို့ ဝှေ့ရမ်းပြလိုက်သည်။

ထိုအချိန်မှာပင် အမျိုးသားအစေအပါးတစ်ဦးသည် မီးဖိုဆောင်သို့ ရောက်ရှိလာခဲ့၏။ ယင်းသည် ဘုရင်ကြီး စားသုံးရန် ဆီးသီးကို လာရောက်ယူဆောင်ခြင်းဖြစ်သည်။ ယင်းသည်လည်း ဝမ်းနည်းပူဆွေးစွာရှိနေသော လူငယ်တစ်ဦးဖြစ်သည်။ သူ၏ ဆံပင်များသည် ထောင်ထောင်မတ်မတ် ဖြစ်နေကြသည်။

အမျိုးသား အစေအပါးသည် မီးဖိုဆောင်သို့ ရောက်ရှိသည့်အခါတွင် စားဖိုမှူးကို မြင်တွေ့လိုက်သည်။ ထိုအချိန်က စားဖိုမှူးသည် သစ်သားယောက်မကို လေထဲသို့ဝှေ့ရမ်းရင်း အူလှိုက်သည်းလှိုက် ရယ်ရယ်မောမော ပြုနေသည်ကို မြင်တွေ့ရသည်။ အမျိုးသား အစေအပါးသည် အမြဲတစေ ပူဆွေးသောက ရောက်ရှိနေသည့်အသွင် ရှိနေခဲ့သည့် စားဖိုမှူး၏ ရယ်မောရွှင်ပြစွာ ပြောင်းလဲဖြစ်ပေါ်နေသည့် ဟန်ပန်ကို အံ့အားတသင့် ဖြစ်နေ၏။ အစေအပါးသည် ရောက်ရှိနေသည့် နေရာမှာပင်ရပ်တန့်ရင်း၊ စားဖိုမှူးကို တွေတွေကြီးစူးစိုက်ကြည့်နေမိသည်။ သူ အမှန်တကယ် အံ့ဩစွာရှိနေခြင်းဖြစ်သည်။

"ဘာဖြစ်တာလဲဗျာ"



အမျိုးသားအစေအပါးက မေးမြန်းလိုက်သည်။

"ဟီကာမိုရီနဲ့ ဟက်ကာမိုရီနှစ်ယောက်ပေါ့"ဟူ၍ စားဖိုမှူးက ပြောပြောဆိုဆို ၎င်း၏လက်ထဲမှ သစ်သားယောက်မကို မြင့်သည်ထက်မြင့်အောင် လှုပ်ရမ်းပြလိုက်သည်။ ၎င်းနောက် ရယ်မောလိုက်လေသည်။

"အဲဒီ ဟီကာမိုရီနဲ့ ဟက်ကာမိုရီတို့ နှစ်ယောက်ဟာ မီးဖိုတံခါးရှက်ပေါ်မှာ၊ သူတို့နှစ်ယောက်စလုံးက ဘုရင်ကြီးနဲ့ တွေ့ချင်ကြတယ်တဲ့ ..."

"ဘာဖြစ်လို့များ ရဲတိုက်ရဲ့ရှေ့တံခါးပေါက်က မသွားကြတာလဲ"

အစေအပါးက မေးလိုက်သည်။

"သူတို့ အဲဒီနေရာက မသွားချင်ကြလို့တဲ့"

စားဖိုမှူးက ပြန်လည်ပြောသည်။ ထိုအချိန်တွင် အမျိုးသား အစေအပါးသည်လည်း မီးဖိုတံခါးရှက်အနီးသို့ ရောက်ရှိလာသည်။

"ဟီကာမိုရီနှင့် ဟက်ကာမိုရီ" သူစိမ်းနှစ်ယောက်သည်လည်း အားကုန်အင်ကုန် ပြေးလွှားနေကြဆဲဖြစ်သည်။ အမျိုးသား အစေအပါးသည်လည်း "ဟီကာမိုရီနှင့် ဟက်ကာမိုရီ" တို့နှစ်ယောက်၏ အဖြစ်ကငို မြင်တွေ့လိုက်သည်နှင့် မချုပ်မတည်းနိုင်ဖြစ်ရ၏။ "ဟား ... ဟား ... ဟား ... ဟား" ဟု အားပါးတရ ရယ်မောလိုက်သည်။ သူ၏ မူလက ထောင်မတ်နေကြသည့် ဆံပင်များသည်ပင် စတင်၍ ကောက်ကောက်ကွေးကွေး ဖြစ်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အဲဒါကိုတစ်ခါမှ မမြင်ဖူးဘူး"

အမျိုးသား အစေအပါးက ပြောသည်။

ထိုအချိန်မှာပင် ဘုရင်ကြီးသည်လည်း ၎င်းသုံးဆောင်ရန်အတွက် ဆီးသီးများ ၎င်းထံ လာရောက်ပေးပို့မည်ကို စောင့်ဆိုင်းလျက် ရှိနေသည်။ ဆီးသီးများကို လာရောက်မပေးပို့သေးသည့်အတွက် ၎င်းထံသို့ အလျှင်အမြန် လာရောက်ပေးပို့ရန် ၎င်းထံတွင် အခစား ဝင်ရောက်နေသည့် အမျိုးသမီးတစ်ဦးကို အမျိုးသား အစေအပါးထံသို့ စေလွှတ်လိုက်သည်။

အဆိုပါ အခစားဝင်နေသည့် အမျိုးသမီးသည်လည်း ပူဆွေးသောက ရှိနေရှာသည့် အမျိုးသမီးတစ်ဦးပဲဖြစ်သည်။ မျက်နှာသည့် ညှိုးနွမ်းနေသည်။ အမျိုးသမီးသည် မီးဖိုဆောင်အဝင်လမ်းသို့ ရောက်ရှိသည်နှင့် အမျိုးသား အစေအပါးသည် မီးဖိုတံခါးအနီးတွင် မတ်တတ်ရပ်နေပြီး ရယ်မောနေသည့် အသွင်အပြင်ကို တွေ့မြင်လိုက်သည်။ သူ၏ ဆံပင်များသည်လည်း ခေါင်းအထက်တွင် လိမ်လိမ်ကောက်ကောက် ဖြစ်ကုန်ကြသည်ကိုလည်း ဆက်လက်၍ တွေ့မြင်သည်။

"ဘာများ ဖြစ်နေကြလို့လဲရှင်"

အခစားဝင် အမျိုးသမီးက မေးမြန်းလိုက်သည်။

"သူတို့နှစ်ဦးက ဟီကာမိုရီနဲ့ ဟက်ကာမိုရီတို့လေ၊ သူတို့က ဘုရင်ကြီးနဲ့ တွေ့ချင်ကြလို့တဲ့၊ ဒါပေမယ့် အခု သူတို့က မီးဖိုဆောင်မှာ"

အမျိုးသား အစေအပါးက ပြောသည်။

"မီးဖိုဆောင်မှာဟုတ်လား၊ ဘာဖြစ်လို့ ရဲတိုက်ရှေ့တံခါးပေါက်ဆီကို သူတို့မသွားကြတာလဲ"



"သူတို့ မသွားချင်ကြလို့တဲ့"

အမျိုးသား အစေအပါးက ရယ်ရယ်မောမော ပြောသည်။

အခစားဝင် အမျိုးသမီးသည်လည်း မီးဖိုဆောင်သို့ ဖြည်းလေးစွာ ချဉ်းကပ်သွားသည်။ ၎င်းအနေဖြင့် ထူးခြားသော သူစိမ်းနှစ်ဦးကို ကြည့်ရှုရန်လည်း ဖြစ်သည်။ အမျိုးသမီးသည် သူစိမ်းနှစ်ဦးကို မြင်တွေ့လိုက်သည်နှင့် မချုပ်တည်းနိုင်စွာ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။ ၎င်းနောက် ခေါင်းထက်မှ ဆံပင်များ လိမ်ကောက်ကုန်သည်အထိ ရယ်ပြီးရင်း ရယ်ရင်းနေသော အမျိုးသား အစေအပါး၏ ခါးကိုဖက်ရင်း မီးဖိုဆောင်လမ်းတစ်လျှောက်တွင် ကကြခုန်ကြသည်အထိ အခစားဝင် အမျိုးသမီးနှင့် အမျိုးသား အစေအပါးတို့နှစ်ဦး အပျော်လွန်ကျူးနေမိကြသည်။

ထိုအချိန်မှာပင် ဘဏ္ဍာစိုးသည်လည်း မီးဖိုဆောင်သို့ ရှေ့ရှုလာနေ၏။ ၎င်းအနေဖြင့် ဘုရင်ကြီးသည် မည်သည့်အကြောင်းကြောင့် ဆီးသီးစားဖွယ်ကို သုံးဆောင်မှုမပြုသေးသည်နှင့် စပ်လျဉ်း၍ စစ်ဆေးကြည့်ရှုရန် အလို့ငှါ မီးဖိုဆောင်အထိ ဆင်းသက်လာရခြင်းဖြစ်သည်။

"အပြစ်မှ ခွင့်လွှတ်ပါသခင်"

အခစားဝင် အမျိုးသမီးက ဘဏ္ဍာစိုးကို တွေ့မြင်လိုက်သည်နှင့် တောင်းပန်မှုပြုသည်။ သို့ရာတွင် အမျိုးသမီးသည် ပြောပြောဆိုဆို ရယ်မောနေသည်။

"ဘာဖြစ်နေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲက မေးသည်။ ၎င်းသည်လည်း ပျော်ရွှင်စွာ ရှိနေသူတစ်ဦး မဟုတ်ပေ။ ထိုင်းမှိုင်းနေသူ၊ ညည်းတွားနေသူ၊ ဝမ်းနည်းစွာ ခံစားနေသူတစ်ဦးဖြစ်သည်။ ဘုရင်ကြီးနည်းပါး ဝမ်းနည်းပူဆွေးနေရသူဖြစ်သည်။

''သခင် ခွင့်ပြုမယ်ဆိုလျှင် ပြောပါရစေ''

အခစားဝင် အမျိုးသမီးကပြေဩသည်။

''သူစိမ်းအမျိုးသားနှစ်ယောက်ပါသခင်၊ သူတို့နာမည်တွေက ဟီကာမိုရီနဲ့ ဟက်ကာမိုရီ အသီးသီး ဖြစ်ကြပါတယ်။ အခု သူတို့နှစ်ယောက် ဘုရင်ကြီးရဲ့ မီးဖိုဆောင်တံခါးမှာ ရှိနေကြပါတယ်၊ သူတို့နှစ်ယောက်က ဘုရင်ကြီးနဲ့ တွေ့ဆုံချင်ကြပါတယ်တဲ့ သခင်''

''ရှေ့တံခါးပေါက်ကနေ ဝင်ကြပစေပေါ့၊ ရှေ့တံခါးပေါက်ကို ပြလိုက်ကြပေါ့ ...''

အကြီးအကဲက ပြောလိုက်သည်။

''သူတို့က အဲဒီက မဝင်ချင်ကြဘူးတဲ့''

အခစားဝင် အမျိုးသမီးက ပြောလိုက်သည်။

''ရှေ့တံခါးကနေပဲ ဝင်ကြရမှာပေါ့''

ဘဏ္ဍာစိုးက ခွင့်မပြုပေ။ ၎င်းနောက် ဘဏ္ဍာစိုးသည် မီးဖိုဆောင်သို့ရှေ့ရှုသော လမ်းသို့ ဆင်းသက်သွားရောက်သည်။

ထိုအချိန်တွင် သူစိမ်းနှစ်ဦးအနက် ''ဟီကာမိုရီ''သည် မီးဖိုဆောင်တံခါးရွက်၏ လက်ကိုင်အပေါ်တွင် ၎င်း၏ ဦးခေါင်းကို ငိုက်စိုက်ချလျက် ဖောက်ထိုးရပ်ပြနေသည်။ ''ဟက်ကာမိုရီ''





သည် တံခါးရွက်၏ ဘုတုံးပေါ်တွင် အလွန်လျှင်မြန်စွာ ကျွမ်းပစ်ပြနေသည်။

အဆင့်မြင့် ဘဏ္ဍာစိုးသည် သူစိမ်းနှစ်ဦး၏ ကမောက်ကမ အဖြစ်ကို တစ်မိနစ်အပြည့်အထိမျှပင် စိတ်ရှုပ်ထွေးသည့်ဟန်ဖြင့် စူးစိုက်ကြည့်ရှုလိုက်သည်။ ၎င်းနောက် ၎င်း၏ မျက်နှာပြင်ပေါ်တွင် တဖြည်းဖြည်း တစစဖြင့် အပြုံးရိပ်စတင် ယှက်သမ်းလာသည်။ နှစ်နှစ်ကာကာ ပြုံးလိုက်သည်။ ထို့နောက် ''ဟား ... ဟား ... ဟား ...''ဟူ၍ အူလှိုက်သည်းလှိုက် ရယ်ချလိုက် ပါသည်။

အဆင့်မြင့် ဘဏ္ဍာစိုးသည် ရယ်မောပြီးသော ယင်း၏ ဝတ်ရုံကို စုစည်းလိုက်ပြီးနောက် မီးဖိုဆောင် ဘေးဘက်လမ်း၊ ၎င်းနောက် လှေကားအထိ ခုန်ဆွခုန်ဆွသွားသည်။ သူသည် ဘုရင့်ထံသို့ သွားရောက်ခြင်းဖြစ်သည်။ ဘုရင်နှင့် တွေ့ဆုံရန်ဖြစ်သည်။

ဘဏ္ဍာစိုး၏ နောက်ပါးမှ အမျိုးသား အစေအပါး၊ အခစားဝင် အမျိုးသမီး၊ စားဖိုမှူး အစရှိသူများသည်လည်း လိုက်ပါသွားကြသည်။ သို့ရာတွင် မီးဖိုဆောင်တာဝန်ကျ အမျိုးသမီးသည် လိုက်ပါသွားခြင်း မပြုပေ။ ၎င်းသည် ဖိနပ်များကို တိုက်ချွတ်လျက် ကျန်ရစ်ခဲ့သည်။

''ဟီကာမိုရီ''နှင့် ''ဟက်ကာမိုရီ''တို့ နှစ်ဦးသည်လည်း မီးဖိုဆောင် တံခါးရွက်၏ လက်ကိုင်နှင့် ဘုတုံးအပေါ်တွင် ဖောက်ထိုးမှီးမျှော်နေလိုနေ၊ ကျွမ်းပစ်ပြလိုပြနှင့် ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့နှစ်ဦးသား၏ ပုံပန်းသည် မည်သည့်အရေးအရာမျှ ဖြစ်ပေါ်နေသည်ဟူ၍ မရှိ အေးအေးဆေးဆေးပင် ဖြစ်နေကြသည်။

ထိုအချိန်တွင် ဘုရင်ကြီးသည် ခန်းမဆောင်အတွင်းတွင် ရှိနေ၏။ ၎င်းသည် ၎င်းထံသို့ ဘာရောက်ဆက်သလာမည့် ဆီးသီးဟင်းလျာကို သုံးဆောင်ရန် စောင့်ဆိုင်းလျက်လည်း ရှိနေသည်။ ခန်းမဆောင်သည် အလွန်ရှည်လျားပါသည်။ အလွန်နိမ့်ပါသည်။ ယင်းအပြင် အလွန်လည်း မှောင်နေပါသည်။ ထင်းရှူးပင်များသည်လည်း ပြတင်းပေါက်များကို နီးကပ်စွာ အုပ်ဆိုင်းနေကြ၏။ ပြတင်းပေါက်များသည်လည်း ပိတ်ထားသော ပြတင်းပေါက်များ ဖြစ်ကြသည်။

ဘုရင်ကြီးသည် ရှည်လျားသော စားပွဲ၏အဆုံးတွင် ထိုင်နေပါသည်။ ၎င်း၏ဦးခေါင်းကို လက်များဖြင့် အုပ်ထားသည်။ ၎င်းအား အစေအပါးများ၊ အခစားဝင် အမျိုးသမီးများနှင့် တရားရေးရာပညာရှင်များ ခြံရံစွာ အခစားဝင်နေကြပါသည်။ သူတို့အားလုံး၏ သွင်ပြင်ဟန်ပန်သည် ကြေကွဲဝမ်းနည်းနေသည့် သွင်ပြင် ဟန်ပန်များ ဖြစ်နေကြသည်။ သူတို့အားလုံးသည် ခေါင်းငိုက်စိုက်ချထားကြသည်။ သူတို့အားလုံး၏ အကြည့်များက ခန်းမဆောင်၏ ကြမ်းခင်းပေါ်သို့ ရောက်ရှိနေသည်။ တစ်ဦးတစ်ယောက်မှလည်း စကားတစ်လုံးတစ်လေမျှပင် မပြောမဆိုကြ၊ အားလုံး နှုတ်ဆိတ်နေကြပါသည်။

ခန်းမဆောင်တံခါးသည် ရုတ်တရက်ပွင့်သွားပါသည်။ ခန်းမဆောင်သို့ အဆင့်မြင့် ဘဏ္ဍာစိုး စတင်ဝင်လာပါသည်။ ၎င်းသည် ခုန်ဆွ ခုန်ဆွဖြင့် ဝင်ရောက်လာခြင်းဖြစ်သည်။ ၎င်း



၏ နောက်ပါးမှ အခစားဝင် အမျိုးသမီး ပါရှိလာသည်။ ၎င်းသည် ကခုန်၍ ဝင်လာခြင်း ဖြစ်သည်။ အခစားဝင် အမျိုးသမီးနောက်မှ အမျိုးသား အစေအပါး ဆက်လက်၍ ခန်းမဆောင်အတွင်းသို့ ဝင်လာသည်။ ယင်း၏ဦးခေါင်းတစ်ခုလုံးတွင် ဆံပင်များ ဖွာလန်ကြဲနေကြသည်။ အမျိုးသား အစေအပါး၏ နောက်ဝယ် စားဖိုမှူး လိုက်ပါလာသည်။ စားဖိုမှူးသည် ကခုန်၍ ခန်းမဆောင်သို့ ဝင်လာခြင်းဖြစ်သည်။ ၎င်း၏လက်ထဲတွင် သစ်သားယောက်မ တစ်ချောင်း ပါရှိလာသည်။ သစ်သားယောက်မကို ဝှေ့ရမ်းလာသည်။

ဘုရင်ကြီးသည် ခန်းမဆောင်အတွင်းသို့ ဝင်ရောက်လာကြသူများကို ကြည့်ရှုလိုက်သည်။ ၎င်း၏ မျက်နှာပြင်သည် မပြုံးမရယ်ဖြစ်သည်။ ခန်းမဆောင်အတွင်း ရှိနေကြသည့်သူများသည်လည်း စောစောပိုင်းကလိုပင် မှိုင်တွေချနေကြသည်။ ခန်းမဆောင်ကြီးသည်လည်း ငြိမ်တိတ်နေပါသည်။

ဘဏ္ဍာစိုးသည် ခုန်ဆွခုန်ဆွ လုပ်မနေတော့ပေ၊ အခစားဝင် အမျိုးသမီးသည်လည်း ကခုန်လာခဲ့ရာမှ ၎င်း၏ဒူးနှစ်ဖက်နာကျင်လာသည့်အဖြစ်ကို ခံစားလာရသည်။ အမျိုးသား အစေအပါး၏ ခေါင်းထက်မှ ဆံပင်များလည်း ဖွာလန်ကြဲမနေတော့။ စားဖိုမှူးသည်လည်း ယင်းလက်ထဲမှ ယောက်မကို လွှတ်ချလိုက်သည်မှာ အသံမြည်သွားခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

"ဘယ်မှာလဲ ဆီးသီးဟင်း"

ဘုရင်ကြီးက နွမ်းနယ်စွာဖြစ်နေသည့်ဟန်ဖြင့် မေးသည်။

www.burmeseclassic.com



စားဖိုမှူးသည် ဘုရင်ကြီးအတွက် ဟင်းလျာကို သတိရှိစွာ ခန်းမဆောင်အတွင်းမှ ထွက်ခွာသွားလိုက်သည်။ အမျိုးသား အစေအပါးနှင့် အမျိုးသမီးသည်လည်း အလားတူဖြစ်သည်။ အမျိုးသမီးသည် ခန်းမဆောင်မှ ထွက်သွားပြီးသည့်နောက် ခန်းမဆောင်တံခါးကို ပိတ်သွားသည်။

ဘဏ္ဍာစိုးတစ်ဦးတည်းသာလျှင် ခန်းမဆောင်၏အလယ်တွင် ရပ်လျက်ကျန်ရစ်ခဲ့သည်။ ယင်းသည် ယင်း၏ခြေတစ်ဖက်ကို အခြားခြေတစ်ချောင်းဖြင့် ပွတ်ပွတ်သပ်သပ် ပြုနေသည်။ မည်သူတစ်ဦး တစ်ယောက်မျှ စကားအပြောအဆို မရှိကြပေ။

"ကောင်းပြီ ..."

နောက်ဆုံးတွင် ဘုရင်ကြီးက ပြောလိုက်သည်။

"ကျေးဇူးပြုပါ အရှင်မင်းကြီး"

ဘဏ္ဍာစိုးမှ စတင်၍ ပြောသည်။

"ဟီကာမိုရီနဲ့ ဟက်ကာမိုရီဆိုတဲ့ သူစိမ်းအမျိုးသားနှစ်ယောက်ဟာ အခု ဘုရင်ကြီးရဲ့ မီးဖိုဆောင်မှာ ရှိနေကြလေရဲ့။ သူတို့နှစ်ယောက်ဟာ ဘုရင်ကြီးနဲ့ တွေ့ဖို့ ဆန္ဒရှိနေကြပါတယ်"

"သူတို့ နှစ်ယောက်ကို ရှေ့တံခါးပေါက်ကနေ ဝင်လာကြဖို့ ခွင့်ပြုပေးလိုက်ပါ"

"သူတို့ အဲ့ဒီတံခါးပေါက်ကနေ ဝင်မလာချင်ကြဘူးတဲ့"

အတန်ကြာမျှ တိတ်ဆိတ် ငြိမ်သက်သွားသည်။

"ကျုပ်ရဲ့မြင်းတွေအားလုံးရယ်၊ ကျုပ်ရဲ့လူတွေအားလုံးရယ်၊ အဲ့ဒီ သူစိမ်း အမျိုးသားနှစ်ယောက်ကို ခေါ်ဆောင်လာဖို့ လွှတ်လိုက်ပါ"



ဘုရင်ကြီးက အမိန့်ပေးလိုက်သည်။ ဘဏ္ဍာစိုးသည် ဘုရင်ကြီးကို ဦးညွှတ်လိုက်သည်။

"အမိန့်တော်မြတ်အတိုင်းပါ"

ဘဏ္ဍာစိုးသည် ခန်းမဆောင်ထဲမှ ထွက်ခွါသွားသည်။ သူသည် "ဟီကာမိုရီ"နှင့်"ဟက်ကာမိုရီ"တို့နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင်လာရန် လူအင်အားနှင့် မြင်းအင်အားကို စီမံခန့်ခွဲပေးနိုင်မည့် တပ်မှူးထံသို့ ဆက်လက်၍ ထွက်ခွာသွားသည်။

ခန်းမဆောင်အတွင်းသို့ အမျိုးသား အစေအပါး ဝင်ရောက်လာသည်။ ၎င်းသည် ဆီးသီးဟင်းလျာပန်းကန်ကို ယူဆောင်လာသည်။ ၎င်း၏ ဆံပင်သည် ဖြောင့်တန်းစွာ ရှိနေသည်။ အခစားဝင် အမျိုးသမီးသည်လည်း ဆက်လက်၍ လိုက်ပါလာသည်။ သူမ၏ မျက်လုံးများအတွင်းမှာပင် ရယ်မောနေသည့် အရိပ်အရောင် ယှက်သမ်းနေသည်။

ထိုအချိန်မှာပင် မီးဖိုဆောင်အတွင်းတွင် ကျန်နေရစ်ခဲ့သော တာဝန်ကျ အမျိုးသမီးသည် ဖိနပ်များကို ဆက်လက်၍ တိုက်ချွတ်နေပါသည်။ "ဟီကာမိုရီ"နှင့်"ဟက်ကာမိုရီ"တို့နှစ်ဦးသည်လည်း မီးဖိုဆောင်တံခါးရွက်ပေါ်မှာပင် အတက်အဆင်းပြုလိုက်၊ ဂျွမ်းထိုးလိုက်၊ ဇောက်ထိုးမိုးမျှော်နေလိုက်ကြဖြင့် သူတို့အလုပ်နှင့်သူတို့ မအားမလပ်ဖြစ်နေကြပါသည်။ သူတို့နှစ်ဦးသည် ပျော်ရွှင်စွာ ရှိနေကြပါသည်။

ထိုအချိန်မှာပင် လမ်းပေါ်တွင် ဘုရင့်လူများနှင့်မြင်းများကို မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးသည် မြင်တွေ့လိုက်ရသည်။ ၎င်းသည် ၎င်းဖိနပ်တိုက်ချွတ်နေရာမှ လှမ်းမျှော်ကြည့်၍

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။ ၎င်းသည်လည်း ရွှင်ပြစွာ ရယ်မောလိုက်သည်။

ဘုရင့်မြင်းတစ်ကို တပ်မှူးတစ်ဦးက ဦးဆောင်လာခြင်းဖြစ်သည်။ ၎င်းသည် လှပသော အဖြူရောင်မြင်းတစ်ကောင်ကို စီးလာခြင်းဖြစ်သည်။

''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အနည်းအပါးမျှပင် ဂရုမပြုကြပေ၊ မီးဖိုဆောင်တံခါးရှက်ဖြင့်ပင် မြူးတူးစွာ အလုပ်ရှုပ်နေကြခြင်းဖြစ်သည်။

ဘုရင့်၏ မြင်းများနှင့် ဘုရင်၏ လူအများသည် မီးဖိုဆောင်သို့ ရှေ့ရှုလာနေကြသည်မှာ နီးကပ်သည်ထက် နီးကပ်နေကြပြီးဖြစ်သည်။ နောက်ဆုံး မီးဖိုဆောင်တံခါးအနီးသို့ ရောက်ရှိလာကြသည်။ တပ်မှူးသည် မီးဖိုတံခါးနားဆီသို့ တိုးကပ်သွားသည်။ ၎င်းနောက် ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့ နှစ်ဦးကို အရိုအသေပေးလိုက်သည်။

''အကျွန်ုပ်တို့ လာရောက်ရခြင်းမှာ သင်တို့နှစ်ယောက်စလုံးကို အရှေ့ဖက်တံခါးပေါက်ဆီသို့ အစောင့်အရှောက်များခြံရံကာ ပို့ဆောင်ပေးရန်အတွက်ပဲဖြစ်ပါတယ်''

တပ်မှူးသည် ပြောပြောဆိုဆိုဖြင့်ပင် ရှတ်တရက် ရယ်မောလိုက်မိသည်။ တပ်မှူး၏ ထူးခြားသော အပြုအမူကြောင့်ပင် ထင်ပါရဲ့ ၎င်းစီးလာသော မြင်းဖြူကြီးပင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။



''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးသည် သူတို့ဆော့ကစားနေကြသည့် အခြေအနေကို ရပ်တန့်လိုက်ကြသည်။ ၎င်းနောက် တစ်ယောက်နှင့်တစ်ယောက် ပူးကပ်စွာ ထိုင်နေလိုက်ကြသည်။ တပ်မှူးသည် ၎င်း၏လက်တစ်ဖက်ကို မြှောက်ပြလိုက်သည်။ အချက်ပြလိုက်ခြင်းလည်း ဖြစ်သည်။ ထိုတိုင်းပြည်အနေဖြင့် တစ်စုံတစ်ယောက်အား ဖမ်းဆီးရန် အကြောင်းပေါ်ပေါက်လာခဲ့ပါလျှင် ဖမ်းဆီးရေးအတွက် ဆောင်ရွက်ကြမည့်သူများသိရှိရန် ခေါင်းဆောင်မှ အချက်ပေးလိုက်ခြင်းလည်းဖြစ်သည်။

မြင်းကိုယ်စီစီးထားကြသော လူ၁၀ဦးသည် ''ဟီကာမိုရီ'' နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးအား ဖမ်းဆီးရန် ၎င်းတို့နှစ်ဦးအပါးသို့ တိုးကပ်လာကြသည်။ ဖမ်းဆီးရေးကိစ္စ ဆောင်ရွက်ရန် လူ၁၀ဦးသည် ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးအား မြင်တွေ့လိုက်ကြသည်နှင့် မချုပ်တည်းနိုင်စွာ စတင်၍ ရယ်မောလိုက်ကြလေသည်။ မြင်းလေးကောင်သည် ကျယ်လောင်စွာ ရယ်မောလိုက်ကြသည့် ရယ်သံကြောင့် မီးဖိုဆောင် အနီးအပါးတွင် ဆက်လက်၍ ရပ်တန့်နေရန် မဝံ့မရဲဖြစ်သွားကြသည်။ နောက်ဆုံးတွင် ကစဉ့်ကလျား ထွက်ပြေးသွားကြသည်။ ပထမဆုံး မြင်းတပ်တစ်တပ် ပျက်သွားခဲ့ပြီဖြစ်သည်။

''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးသည် တပ်မှူးအား မျက်စပစ်ပြလိုက်ကြသည်။ တပ်မှူးသည် ၎င်း၏လက်တစ်ဖက်ကို မြှောက်ကာ ၎င်း၏လူများအား ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးအား ဖမ်းဆီးလိုက်ကြရန် ထပ်မံ၍ အချက်

www.burmeseclassic.com



ပေးလိုက်သည်။ လူလေးယောက်သည် မြင်းကိုယ်စီစီးကာ ရောက်ရှိလာကြသည်။ ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့ နှစ်ဦးစလုံးကိုတွေ့သည်။ ၎င်းတို့နှစ်ဦးစလုံးအား လူလေးယောက်သည် အသေအချာ တွေ့မြင်ပြီးသော် မချုပ်တည်းနိုင်စွာ ရယ်မောလိုက်ကြသည်။ ရယ်သံများ တစ်ခဲနက်လွင့်ပျံ့လာသည့် အတွက်ကြောင့် မြင်းလေးကောင်သည် လန့်သွားကြသည်။ ၎င်းနောက် မြင်းလေးကောင်သည် ဝရုန်းသုန်းကား ဖြစ်သွားကြကာ ထွက်ပြေးကုန်ကြသည်။

ထိုသို့ဖြင့် မီးဖိုဆောင်သို့ ရောက်ရှိလာသမျှသော မြင်းများနှင့် လူများသည် ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးအား ဖမ်းဆီးရန် ကြိုးပမ်းမှု ပြုကြသော်ငြား၊ ရှေးနည်းအတိုင်း မြင်းများ လန့်ဖြန့်ပြေးသွားကြကာ မြင်းတပ်ပျက်သွား၏။ လူများသည်လည်း အပြေးအလွှား ဖြစ်နေကြသည်။ ယင်းတို့နှစ်ဦးအား ဖမ်းဆီးရေးမှာမူ မအောင်မမြင် ဖြစ်နေကြသည်။

သို့ရာတွင် ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးမှာမူ တစ်ဦးနှင့် တစ်ဦး ပူးကပ်စွာ ထိုင်နေမြဲ ထိုင်နေကြသည်။ တပ်မှူးအားလည်း မျက်စပစ်လို ပစ်နေကြသေးသည်။

တပ်မှူးသည် ၎င်း၏လက်ကို မြှောက်လိုက်သည်။ ထိုနိုင်ငံအနေဖြင့် ယင်းသို့နယ် လက်ကို မြှောက်ပြလိုက်ခြင်းမှာ အချက်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ဖမ်းဆီးမှု ပြုရန်အတွက်သိရှိစေရန် အချက်ပေးခြင်းဖြစ်သည်။

ဘုရင်၏လူလေးယောက်သည် မြင်းကိုယ်စီဖြင့် ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးအား ဖမ်းဆီးရန် ချဉ်းကပ်လာကြသည်။ သို့ရာတွင် အဆိုပါ လူလေးယောက်သည် ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦး၏အနီးသို့ ရောက်ရှိကြပြီး အသေအချာ မြင်တွေ့လိုက်ကြသည့်အခါတွင် ၎င်းတို့ လေးဦးစလုံး ရယ်မောလိုက်ကြသည်။ ၎င်းတို့၏ တခဲနက် ရယ်မောသံကြောင့် ၎င်းတို့စီးလာသော မြင်းတို့သည်လည်း လန့်ဖြန့်သွားကြကာ ထိန်းမနိုင်သိမ်းမရ ဖြစ်သွားကြသည်။ မြင်းတို့သည် ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦး၏ အနီးအပါးတွင် ဆက်လက်၍ မနေနိုင်ကြတော့ဘဲ တစ်ကောင်ကတစ်နေရာ၊ အခြားတစ်ကောင်က တစ်နေရာဖြင့် အကွဲကွဲ အပြားပြား ဖြစ်သွားကြသည်။ ထွက်ခွာသွားကြသည်။

''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးသားမှာမူ ထိုင်မြဲထိုင်ကြလျက် တပ်မှူးကို မျက်စပစ်ပြနေကြပြန်သည်။ တပ်မှူးသည် ယင်း၏လက်တစ်ဖက်ကို မြှောက်ပြလိုက်သည်။ အခြားဘုရင့် လူလေးဦးသည် မြင်းများဖြင့် ရောက်ရှိလာကြသည်။ ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးကို ဖမ်းဆီးရန်အတွက် ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ''ဟီကာမိုရီ''နှင့်''ဟာက်ကာမိုရီ''တို့နှစ်ဦးအား အနီးကပ် တွေ့မြင်ကြပြီးသော် မထိန်းမချုပ်နိုင်ကြဘဲ ဟာက်ဟာက်ပက်ပက် ရယ်မောလိုက်ကြသည်။ ၎င်းတို့စီးလာသော မြင်းတို့သည်လည်း ရယ်သံကြောင့် လန့်ဖြန့်သွားကြသည်။ တစ်ကောင်ကတစ်နေရာ၊ အခြားတစ်ကောင်က တစ်နေရာသို့ ခုန်ပေါက် ထွက်ပြေးသွားကြသည်။ လူလေးဦးစလုံး လူစုကွဲသွားကြသည်။

တပ်မှူးသည် ၎င်း၏လက်တစ်ဖက်ကို ထပ်မံ၍ မြှောက်လိုက်သည်။ အခြားမြင်းစီး လူလေးဦးသို့ ''ဟီကာမိုရီ''နှင့်''ဟာက်

www.burmeseclassic.com



ကာမိုရိ''တို့နှစ်ဦးကို ဖမ်းဆီးရန်အတွက် ခေါင်ရှက်ကြရန် အချက်ပေး လိုက်ခြင်းလည်းဖြစ်သည်။ လူလေးဦးတို့ မြင်းကိုယ်စီဖြင့် ဘုရင့်မီးဖိုဆောင်တံခါးအနီးသို့ ရောက်ရှိလာကြသည်။ ''ဟီကာမိုရိ''နှင့်''ဟာက်ကာမိုရိ''တို့နှစ်ဦးကို တွေ့သည်။ ရှေးနည်းအတိုင်း မြင်းစီးလူလေးဦးတို့ သဘောကျစွာ ရယ်မောလိုက်ကြသည်။ မြင်းများသည်လည်း ရယ်မောသံများကြောင့် အလန့်တကြားဖြစ်ကုန်ကြသည်။ နောက်ဆုံး မြင်းစီးလာကြသည့် သူများ မိမိတို့စီးလာသော မြင်းကို ထိန်းမရသိမ်းမရ ဖြစ်ကုန်ကြသည်။ မြင်းများကြောက်လန့်တကြား ဖြစ်ကုန်ကြသည်။ တစ်ကောင်က တစ်နေရာသို့ မျက်နှာမူကာ ပြေးလွှားသွား၊ အခြားတစ်ကောင်က တစ်နေရာသို့ မျက်နှာမူကာ ပြေးလွှားသွားကြပြင့် ဝရုန်းသုန်းကား ဖြစ်ကုန်ကြ၏။

သို့ရာတွင် ''ဟီကာမိုရိ''နှင့်''ဟာက်ကာမိုရိ''တို့နှစ်ဦးသည် ပုံပန်းမပျက် အတူယှဉ်တွဲစွာ ရှိနေကြ၏။ သူတို့နှစ်ဦးစလုံး တပ်မှူး ကို မျက်စပစ်နေကြဆဲဖြစ်သည်။

ဘုရင့် အမှုထမ်းများသည် မြင်းပေါ်မှ ပြန်လည်၍ ဆင်းရန် ကြိုးပမ်းမှုပြုကြ၏။ ၎င်းတို့သည်။ ''ဟီကာမိုရိ''နှင့်''ဟာက်ကာမိုရိ'' တို့နှစ်ဦးစလုံးထံသို့ သွားရောက်ကြကာ လက်ရဖမ်းဆီးရန် ပြင်ဆင်ကြသည်။ သို့ရာတွင် ၎င်းတို့သည် မြင်းပေါ်မှဆင်းရန် မတတ်စွမ်းနိုင် ဖြစ်နေရ၏။ မြင်းများသည် အစောပိုင်းက ရယ်မောသံများကြောင့် အကြောက်အလန့် မပြေမပျောက်ကြသေးပေ ပြေးပြေးလွှားလွှား ဖြစ်နေကြ၏။ ဘုရင့်အမှုထမ်းများသည်လည်း မြင်းပေါ်မှဆင်း၍ မရနိုင်ဖြစ်နေကြသည်။



အဆိုပါဖြစ်ရပ်တစ်ခုလုံးကို မြင်တွေ့နေရသူမှာ ဘဏ္ဍာစိုး ဖြစ်၏။ ၎င်းသည် ပြတင်းပေါက်မှကြည့်၍ကာ ဘုရင့်အမှုထမ်းများ ဖြစ်ပျက်နေကြသည့် အခြေအနေကို မြင်တွေ့လိုက်ရခြင်းဖြစ်သည်။ နောက်ဆုံးတွင် ၎င်းသည် တပ်မှူးသိရှိစေရန် အချက်ပြလိုက်သည်။ ဘုရင့်အမှုထမ်းများအားလုံး မြင်းကိုယ်စီဖြင့် ဘုရင့်မီးဖိုဆောင်အနီးအပါးမှ ပြန်လည်ထွက်ခွာသွားကြသည်။

မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးသည် ဖိနပ်ကို ဆက်လက်၍ သန့်ရှင်းရေးပြုလုပ်နေ၏။ ''ဟီကာမိုရိ''နှင့်''ဟာက်ကာမိုရိ''သူစိမ်းနှစ်ဦးတို့သည်လည်း မီးဖိုတံခါးရှက်ပေါ်သို့ ပြေးတက်လိုက် ပြေးဆင်းလိုက် ပြုနေကြသည်။ ၎င်းတို့ နှစ်ဦးစလုံးသည် အစောပိုင်းက မည်သည့်အခြေအနေမျိုးမျှ မဖြစ်ပွားသည့်နှယ် ပုံမှန်အတိုင်းရှိနေကြသည်။

ဘဏ္ဍာစိုးသည် ဘုရင်၏ ရှေ့တော်မှောက်သို့ ထပ်မံ၍ သွားရောက်သည်။

''အရှင်မင်းကြီး''

ဘဏ္ဍာစိုးက အရိုအသေပြုလိုက်သည်။

''အခြေအနေ မကောင်းပါဘူး။ အရှင်မင်းကြီးရဲ့ အမှုထမ်းတွေအားလုံး၊ မြင်းတွေအားလုံး သူစိမ်းနှစ်ယောက်ရှိနေကြတဲ့ မီးဖိုဆောင် တံခါးရှက်အနားကို မရောက်ရှိနိုင်ကြပါဘူး အရှင်မင်းကြီး''

အတန်ကြာမျှ တိတ်ဆိတ် ငြိမ်သက်သွားသည်။

''အဲ့ဒီ သူစိမ်းနှစ်ယောက်ကို ဘယ်သူက ပထမဆုံး မြင်တွေ့တာလဲ''

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီးက မေးမြန်းလိုက်သည်။

"မီးဖိုဆောင် တာဝန်ကျနေတဲ့ အမျိုးသမီးဝန်ထမ်းပါ အရှင်မင်းကြီး"

ဘဏ္ဍာစိုးက ဖြေကြားသည်။

"အဲဒီ အမျိုးသမီးကို ငါ့ဆီကိုခေါ်ခဲ့"

ဘုရင်ကြီးက အမိန့်ပေးသည်။ အချိန်အနည်းငယ်မျှ အကြာတွင် မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးဝန်ထမ်းသည် ဘုရင်ကြီး၏ မျက်မှောက်သို့ ရောက်ရှိလာသည်။ အမျိုးသမီးဝန်ထမ်း၏ ဟန်ပန်သည် လန်းဆန်းစွာရှိနေ၏။ ပြုံးပြုံးရယ်ရယ် ဖြစ်နေသည်။ ပျော်ရွှင်နေသည့်အသွင် ရှိနေ၏။

"မီးဖိုဆောင်ကိုရောက်နေတဲ့ သူစိမ်းနှစ်ယောက်က ဘယ်သူတွေလဲ"

ဘုရင်ကြီးက မေးမြန်းသည်။

"အဲဒီ သူစိမ်းနှစ်ယောက်က တကယ့်ကို ပျော်ပျော်ရွှင်ရွှင်ရှိနေကြတဲ့သူတွေပါပဲ၊ ဘာကြောင့်များလဲဆိုတော့"

မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးဝန်ထမ်းက ပြောသည်။ ဘုရင်ကြီး စဉ်းစားဟန်ပြုသည်။

"အဲဒီ သူစိမ်းနှစ်ယောက်ကို ငါ့ရဲ့ရှေ့မှောက်အရောက် ဘယ်လိုများ ခေါ်ဆောင်နိုင်မှာလဲ"

ဘုရင်ကြီးက မေးလိုက်သည်။

"ဒီရဲတိုက်ရဲ့ ပတ်လည်မှာ အုံ့ဖွဲ့နေတဲ့ ထင်းရှူးပင်အစုအဝေးကို ခုတ်လှဲလိုက်ပါ။ ဒီရဲတိုက်မှာ ပိတ်ထားတဲ့ ပြတင်းပေါက်တွေအားလုံးကို ဖွင့်လိုက်ပါ။ အဲဒါတွေအားလုံး ရှင်းလင်းဆောင်ရွက်ပြီးရင် အရှင်မင်းကြီး ရဲတိုက်ကနေ အဲဒီ လူစိမ်းနှစ်ယောက်ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရမှာပါပဲ"ဟူ၍ မီးဖိုဆောင် တာဝန်ကျ အမျိုးသမီးဝန်ထမ်းက ဘုရင်ကြီးသို့ လျှောက်ထားလိုက်သည်။



"ကျေးဇူးတင်ပါတယ်ကွယ်"

ဘုရင်ကြီးသည် ပြောပြောဆိုဆိုဖြင့် ဘဏ္ဍာစိုးဖက်သို့ လှည့်လိုက်သည်။

"ရဲတိုက်အနားမှာ ရှိနေကြတဲ့ ထင်းရှူးပင်တွေအားလုံး ခုတ်လှဲလိုက်ကြ၊ ရဲတိုက်ထဲက ပြတင်းပေါက်တွေအားလုံး ဖွင့်ထားလိုက်ကြ"

ဘုရင်ကြီးက ကျယ်လောင်စွာ ပြောဆိုလိုက်သည်။ ဘုရင်ကြီးအသံကို လူတိုင်းပင် ကြားနိုင်ပါသည်။ ဘုရင်ကြီး၏အသံသည် ရှင်းလင်းပီသလှပါသည်။ ဘဏ္ဍာစိုးသည် ဘုရင်ကြီးအား အရိုအသေပြုလိုက်၏။ ၎င်းနောက် ခန်းမဆောင်အတွင်းမှ ထွက်ခွာသွားသည်။

မကြာမီမှာပင် ရဲတိုက်ကြီး၏ဝန်းကျင်မှ သစ်ပင်ခုတ်လှဲသည့်အသံများ၊ သစ်ပင်အကိုင်းအခက်များ မြေထက်သို့ လဲပြိုကျသည့်အသံများ၊ လွှဖြင့် ဖြတ်တောက်သည့်အသံများ အစရှိသည့် အသံဗလံ အမျိုးအစားများ လွင့်ပျံ့ထွက်ပေါ်လာသည်။ အဆိုပါ အသံဗလံ အမျိုးအစားများသည် ဤအရပ် ဤဒေသအတွင်းတွင် မည်သည့်အခါမှမှ ကြားရသည့် အသံဗလံ အမျိုးအစားများ မဟုတ်ကြပေ။ တစ်မြို့လုံး၊ တစ်နိုင်ငံလုံးမှ လူများသည် ရဲတိုက်ဝန်းကျင်တွင် ထင်းရှူးပင်များ ခုတ်လှဲမယ်ရှားနေ

www.burmeseclassic.com



သည်ကို သိရှိလိုက်ကြသည်။ ၎င်းတို့သည် ပါဝင်ဆောက်ရွက်ရန် အတွက် ရဲတိုက်ဝန်းကျင်သို့ ရောက်ရှိလာကြသည်။ အကူအညီ ပေးကြသည်။ ဘုရင့်အမှုထမ်းများအနက် အချို့သည် ရဲတိုက် အတွင်း ပိတ်ထားသော ပြတင်းပေါက်များကို လိုက်လံဖွင့်လှစ်ကြ သည်။ ပြတင်းပေါက်များအားလုံး ဖွင့်လှစ်လိုက်သည့် အခါတွင် လွယ်ကူစွာ ဖွင့်၍မရနိုင်ဖြစ်ခဲ့ကြသည်။ ပြတင်းပေါက် များကို ပိတ်ထားခဲ့ကြသည်မှာ နှစ်ကာလကြာမြင့်ခဲ့သည့်အတွက် ဖြစ် သည်။ ယခု ပြန်လည်ဖွင့်လှစ်သည့်အချိန်တွင် အားစိုက်ခွန်စိုက် ဖွင့်လှစ်ကြရသည်။ ကျပ်နေကြ၍ဖြစ်သည်။

နောက်ဆုံးတွင် ရဲတိုက်ကြီး၏ ပတ်ဝန်းကျင်ရှိ ထင်းရှူး ပင်များအားလုံး ခုတ်လှဲဖယ်ရှားပြီး ဖြစ်ကြသည်။ ကာလအတန် ကြာ အုံ့ဖွဲ့မဲမှောင်နေသော ဝန်းကျင်သည်လည်း ရှင်းလင်းသွား သည်။ လင်းလင်းကျင်းကျင်း ဖြစ်သွားသည်။ ရဲတိုက်ကြီးအဝှေ့င်း ရှိ ပြတင်းပေါက်များအားလုံးကိုလည်း ပြန်လည်ဖွင့်လှစ်ပြီးဖြစ် သည်။ နေရောင်ခြည်သည်လည်း ခန်းမဆောင်အတွင်းသို့ ဖြာ ဆင်းကျလာသည်။

ဘုရင်ကြီးသည် သတ်မှတ်နေရာတွင် ထိုင်နေခဲ့ရာမှ ထ,လိုက်သည်။ ၎င်း၏ပုံပန်းသည် အိပ်မက်တစ်ခု မြင်မက်နေခဲ့ ရာမှ နိုးထ,လာခဲ့သော လူတစ်ယောက်အသွင်ကဲ့သို့ ဖြစ်နေသည်။

ရဲတိုက်အတွင်းရှိ လူများအားလုံးထံတွင် အစောပိုင်း အချိန်များက ဝမ်းနည်းပူဆွေးနေသည့် ဟန်ပန်၊ ကြေကွဲနေသည့် ပုံရိပ်၊ အကျဉ်းအကြပ် အဆို့အပိတ်တစ်ခုအတွင်း ရောက်ရှိနေ ရ၍ စိတ်မော လူမောဖြစ်နေကြရသည့် လက္ခဏာများ သိသာစွာ



ဖိစီး ဖြစ်ပေါ်နေခဲ့ကြသည်။ ယခုအခါတွင် ထိုဟန်ပန်လက္ခဏာ များ လျော့ပါးပျောက်ပျက်သွားကြပြီ ဖြစ်သည်။ လူများအားလုံး သည် ရွှင်လန်းဝမ်းမြောက်နေကြသည့် ပုံစံပေါ်လွင်နေသည်။ ဘုရင်ကြီးသည် ရဲတိုက်ဝင်ပေါက်တံခါးမကြီးဆီသို့ ဖြည်းလေးစွာ သွား၏။ ဝင်ပေါက်တံခါးမကြီးကို ဖွင့်လိုက်သည်။ ''ဟီကာမိုရီ'' နှင့်''ဟက်ကာမိုရီ''တို့နှစ်ဦးကို တွေ့မြင်လိုက်သည်။ တစ်ယောက် နှင့် တစ်ယောက် ရှေ့ဆင့်နောက်ဆင့် ရပ်နေကြသည်။

''ဘုရင်ကြီးကို အကျွန်ုပ်တို့နှစ်ဦး နောက်ဆုံးမှာ လာ ရောက် တွေ့ဆုံရပါတယ်''

''ဟီကာမိုရီ''နှင့်''ဟက်ကာမိုရီ''တို့နှစ်ဦးစလုံးက အော် ဟစ်ပြောဆိုလိုက်ကြသည်။ ၎င်းနောက် ၎င်းတို့ နှစ်ဦးစလုံး ကခုန်နေကြသည်။

ဘုရင်ကြီးသည် ၎င်းမြင်တွေ့နေကြရသည့် သူများအား လုံး ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသည့်အသွင်ကို ရိပ်စားသိရှိလိုက် သည်။ ''ဟီကာမိုရီ''များစွာနှင့်''ဟက်ကာမိုရီ''များစွာ ဟူ၍ စိတ်ထဲ ထင်မြင်လိုက်မိသည်။ တွေ့မြင်သမျှ လူများမြူးတူးနေကြ သည်။ ဘုရင်ကြီးသည် ခေါင်းကို မော့လိုက်သည်။ ၎င်းနောက် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

''ဟား ... ဟား ... ဟား ... သူတို့တစ်တွေ ပျော်နေ ကြသလိုပဲ ငါတို့ပျော်နေကြရအောင်''ဟူ၍ ဘုရင်ကြီးက ပြော လိုက်သည်။ ၎င်းနောက် ဘုရင်ကြီးသည်လည်း ကခုန်လိုက်သည်။ ရဲတိုက်အဆောက်အအုံထဲမှ ထွက်၍ မြက်ခင်းပေါ်သို့ ရောက်ရှိ သွားသည့်အထိ ဘုရင်ကြီး အကအခုန် မပျက်ပေ။ ဘုရင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



၏ နောက်ပါးမှ ဝန်ထမ်းများ၊ အစေအပါး များ အားလုံးလိုက်ပါကခုန်ကြသည်။ နောက်ဆုံး ဘဏ္ဍာစိုးမှ သည် မီးဖိုဆောင်တွင်တာဝန်ကျသည့် အမျိုးသမီးဝန်ထမ်းအထိ၊ အဆင့်အမြင့်ဆုံးမှအဆင့်အနိမ့်ဆုံးအထိ ရဲတိုက်ကြီးအတွင်းမှ လူစုံတက်စုံ ပါဝင်ပျော်ရွှင်ကခုန်ကြသည်။

ရဲတိုက်ကြီး အပြင်အပ မည်သည့်နေရာသို့ကြည့်ကြည့်"ဟီကာမိုရီ"နှင့်"ဟက်ကာမိုရီ"တို့ကဲ့သို့ ကခုန်နေကြသည့်သူများကို အနှံ့အပြားတွင် တွေ့နေရသည်။ ကြည့်လိုက်သည့်နေရာတိုင်း ကခုန်နေကြသည့်သူများ ရှိနေသည်။ သူတို့အားလုံးပျော်ရွှင်နေကြသည်။

ရဲတိုက်ကြီးထဲက အဆင့်ဆင့် ဝန်ထမ်းများ၊ အစေအပါးများအနက် အောက်ဆုံးအဆင့်မှ မီးဖိုဆောင်တာဝန်ကျ အမျိုးသမီးဝန်ထမ်း၏ အတွေးအမြင်သည် လုံးလုံးလျားလျားမှန်ကန်ခဲ့သည်။ ၎င်းသည် ဘုရင်ကြီးက သူစိမ်းနှစ်ယောက်ဖြစ်ကြသည့်"ဟီကာမိုရီ"နှင့်"ဟက်ကာမိုရီ"တို့နှင့် စပ်လျဉ်း၍ မေးမြန်းလိုက်သည်ကို ရုတ်ချည်းပင် "အဲ့ဒီ လူစိမ်းနှစ်ယောက်က တကယ့်ကို ပျော်ပျော်ရွှင်ရွှင် ရှိနေကြတဲ့ သူတွေပါပဲ"ဟူ၍ ပြောခဲ့သည်မဟုတ်ပါလား။ မှန်ပါသည် အဆိုပါ သူစိမ်းနှစ်ဦးသည် အမှန်တကယ် အပူအပင်ကင်းစွာ ပျော်ရွှင်နေကြသူများ ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးထံမှ အပျော်သည် ရဲတိုက်ကြီးတစ်ခုလုံးသို့ ကူးစက်ပြန့်နှံ့စေခဲ့ပြီဖြစ်သည်။

# အံ့ဩစရာတွေပါပဲ

တစ်ရံရောအခါက ဖြစ်သည်။ သူဆင်းရဲတစ်ယောက်ရှိခဲ့၏။ ၎င်းထံတွင် သားသုံးယောက်ရှိသည်။ သားသုံးယောက်၏ အမည်များမှာ "ပီတာ"၊ "ပေါလ်"နှင့် "ဂျက်"တို့ အသီးသီး ဖြစ်ကြသည်။ ဂျက်သည် အလိုလိုက်ခြင်းခံရ၏။ အကြောင်းမူကား ဂျက်သည် သားသုံးယောက်တွင် အငယ်ဆုံးသားတစ်ယောက် ဖြစ်နေသည့်အတွက် ဖြစ်သည်။

သူဆင်းရဲတွင် သားသုံးယောက်ရှိနေသည်မှအပ၊ ပစ္စည်းဥစ္စာငွေကြေးဟူ၍ မရှိပေ။ ယင်းကြောင့် ၎င်းသည်သားသုံးယောက်အား တစ်နေရာရာသို့ သွားရောက်၍ ငွေကြေးများ ကြိုးစားရှာဖွေကြရန်၊ အိမ်ထဲတွင် တစ်စုံတစ်ရာမျှ မရှိပါကြောင်းဖြင့် တပ်ခါတလဲလဲ ထုတ်ဖော်ပြောဆိုသည်။

www.burmeseclassic.com



သူဆင်းရဲနေထိုင်သော တဲအိမ်နှင့် အလှမ်းဝေးသော နေရာတွင် ရှင်ဘုရင်နန်းတော်ရှိသည်။ နန်းတော်တွင် ပြတင်းပေါက်များ ဖောက်လုပ်ထားသည်။ ပြတင်းပေါက်များ၏ အနီးအပါးတွင် ဝက်သစ်ချပင်တစ်ပင်သည် ပေါက်ရောက်နေ၏။ ဝက်သစ်ချပင်သည် အလွန်ကြီးမားသည်။ ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ ဝက်သစ်ချပင်ကြီး၏ အရိပ်သည် ပြတင်းပေါက်များ၏ အလင်းတန်းကို ဖုံးကွယ်နေသကဲ့သို့ ဖြစ်နေသည်။ နန်းတော်အတွင်းတွင် အလင်းရောင်နည်းပါးနေ၏။

ရှင်ဘုရင်က ဝက်သစ်ချပင်ကြီးကို ခုတ်လှဲရှင်းလင်းပေးနိုင်သူအား ဆုအဖြစ် ငွေပေါင်ပေါင်းများအပြားပေးမည် ဖြစ်ကြောင်း ပြောဆိုကြေငြာထား၏။ သို့ရာတွင် ဝက်သစ်ချပင်ကြီးကို ခုတလှဲနိုင်သူ ရှင်းလင်းနိုင်သူ တစ်ဦးတစ်ယောက်မျှ ပေါ်ထွက်မလာသေးပေ။ အကြောင်းမူကား ဝက်သစ်ချပင်ကြီး၏ အကိုင်းတစ်ကိုင်းကိုခုတ်လျှင် ထပ်မံ၍ အကိုင်းနှစ်ကိုင်း ထွက်ပေါ်ရှင်သန်လာသည်။ အလားတူစွာ ဝက်သစ်ချပင်ကြီး၏ အစိတ်အပိုင်းတစ်ခုကို ဖြတ်တောက်ပါလျှင် ထပ်မံ၍ အစိတ်အပိုင်းနှစ်ခု ထွက်ပေါ်လာပါသည်။ ထိုသို့ဖြင့် ဝက်သစ်ချပင်ကြီးအား ခုတ်လှဲနိုင်သော် ဆုငွေချီးမြှင့်ပါမည်ဟူ၍ နန်းတော်မှ ကြေငြာထားရှိသော်ငြား ဝက်သစ်ချပင်ကြီးကို မည်သူမျှ မရှင်းမလင်းနိုင်ကြပေ။ မည်သူမျှ မပေါ်ပေါက်လာကြပေ။

ယင်းအပြင် ရှင်ဘုရင်သည် ရေတွင်းတစ်တွင်းကို တူးချင်သည့် ဆန္ဒရှိနေ၏။ တူးလိုက်သည့် ရေတွင်းသည်လည်း တစ်နှစ်လုံးလုံး ရေပြည့်ရေလျှံစွာ ရှိနေစေလိုသည်။ ရှင်ဘုရင်နန်းတော်





ဝန်းကျင်တွင် နေထိုင်ကြသူများအားလုံး ရေတွင်းများစွာ ပိုင်ဆိုင်ထားရှိကြသည်။ ရှင်ဘုရင်တွင် ရေတွင်းတစ်တွင်းမျှပင်မရှိ။ ရှင်ဘုရင်က ၎င်းထံတွင် ပိုင်ဆိုင်သည့် ရေတွင်းမရှိသေးသည့် အဖြစ်ကို တွေးတောမိသည်။ ယင်းကြောင့် ရှင်ဘုရင်သည် ရှက်နေမိ၏။

သို့ဖြစ်၍ ရှင်ဘုရင်က ၎င်းအတွက် ရေတွင်းတစ်တွင်း တူးဖော်ပေးနိုင်ခဲ့သော် ထိုသို့ဆောင်ရွက်ပေးလာနိုင်သူအား ငွေကြေးနှင့် ကုန်စည်ပစ္စည်း အမျိုးအစားများအား ပေးသနားမည်ဟူ၍ ကြေငြာထား၏။ သို့ရာတွင် ရှင်ဘုရင် တောင့်တနေသည့် ရေတွင်းတစ်တွင်းကိုလည်း တူးဖော်ဆောင်ရွက်ပေးလာနိုင်သူ တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်လာနိုင်ပေ။

အကြောင်းမူကား ရှင်ဘုရင် နန်းတော် အဆောက်အအုံသည် တောင်ကုန်း တစ်ကုန်း အပေါ်တွင် တည်ရှိနေသည့်အပြင်၊ နန်းတော် အဆောက်အအုံသည်မြင့်မားနေသည့် အတွက်ကြောင့် ဖြစ်သည်။

၎င်းအပြင် ရှင်ဘုရင်အတွက်ရေတွင်းတူးရန် အားထုတ်ခဲ့ကြပြီး သူများသည် လက်မအနည်းအပါးမျှပင် တူး၍မတူးနိုင်ကြပေ။ မာကျောသော ကျောက်တုံးကျောက်သားအတားအဆီး ဖြစ်နေသည့်အတွက် ဖြစ်သည်။

ရှင်ဘုရင်သည် ယင်း၏ဆန္ဒနှင့်အညီ အခြေအနေ ဖြစ်ပေါ်မလာသည့်အတွက် စိတ်ထဲ မသာမယာဖြစ်နေသည်။ ယင်း၏ ဆန္ဒဆိုသည်မှာ ဝက်သစ်ချပင်ကြီး ရှင်းလင်းပေးရန်နှင့် ရေတွင်းတစ်တွင်း တူးပေးရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ရှင်ဘုရင်သည် ၎င်း၏နိုင်ငံ အနီးအဝေး အနှံ့အပြားသို့ သိရှိရန်ကြေငြာမှု ပြုရပြန်၏။ ရှင်ဘုရင်၏ နန်းတော် အဆောက်အအုံ ပြတင်းပေါက်များအနီး ပေါက်ရောက်နေသော ဝက်သစ်ချပင်ကြီး ခုတ်လှဲမှုပြုပေးရန်နှင့် တစ်နှစ်တာ ကာလပတ်လုံး ရေမပြတ်မလပ် ထွက်ရှိနေသော ရေတွင်းအမျိုးအစား တစ်တွင်းကို တူးဖော်ပေးရန်အတွက် ဆောင်ရွက်ပေးနိုင်သူအား သမီးတော်နှင့် လက်ထပ်ပေးမည့်အပြင်၊ နိုင်ငံတစ်ဝက်ကိုလည်း ဆက်လက်၍ပေးသနားမည် ဖြစ်ကြောင့်ဖြင့် ကြေငြာ၏။

သမီးတော်နှင့်လည်း လက်ထပ်ရဦးမည်။ နိုင်ငံတစ်ဝက် တစ်ခြမ်းကိုလည်း ပိုင်ဆိုင်အုပ်ချုပ်ခွင့် ရရှိဦးမည်ဟူသော ဆွဲဆောင်မှုအရ နိုင်ငံအတွင်းမှ အမျိုးသားများ ရှင်ဘုရင်နန်းတော်မှ ဝက်သစ်ချပင်ကြီး ခုတ်လှဲရန်နှင့် ရေတွင်းတစ်တွင်း တူးပေးရန် အလို့ငှာ ထွက်ရှိလာကြသည်။

၎င်းတို့သည် ဝက်သစ်ချပင်ကြီး ကို ကြိုးစားခုတ်ထစ်၍ ရှင်းလင်းသည်၊ မအောင်မြင်ပေ။ အလားတူ ရှင်ဘုရင်သတ်မှတ်သည့် ရေတွင်းအမျိုးအစားကိုလည်း ကြိုးစားတူးပါသည်၊ လက်လျော့လိုက်ကြရသည်။

ဝက်သစ်ချပင်ကြီးကို ရှင်းလင်းရန်ခုတ်လှဲလေ ဝက်သစ်ချပင်ကြီးသည် ပိုမို၍ ကြီးမားလာလေ ရှင်သန်လာလေ ဖြစ်၏။ ရေတွင်းတူးရန်အတွက်မူ မာကျောသော ကျောက်တုံးကျောက်သားကို ဖြိုခွဲလေ ကျောက်တုံးကျောက်သားသည် ပိုမို၍ မာကျောသည့် အခြေအနေ အသွင်အပြင် ဖြစ်ပေါ်လာသည့်ဟန်ရှိနေ၏။



တစ်နေ့တွင်ဖြစ်၏။ "ပီတာ"၊ "ပေါလ်"နှင့် "ဂျက်" တို့ ညီအစ်ကိုသုံးယောက်တို့သည် ရှင်ဘုရင် ကြေငြာထားသော ဝက်သစ်ချပင်ကြီးကို ခုတ်လှဲရန်နှင့် ရေတွင်းတစ်တွင်းတူးရန် ကိစ္စရပ်များတွင် ပါဝင်ကြိုးစား ဆောင်ရွက်ကြမည်ဟူ၍ အတွေးဝင်လာကြသည်။ သို့ဖြင့် ညီအစ်ကိုသုံးယောက်တို့က ၎င်းတို့သည် ရှင်ဘုရင်နန်းတော်သို့ သွားရောက်ကြမည်ဖြစ်ကြောင်း၊ ဝက်သစ်ချပင်ကြီးကို ခုတ်လှဲမည်ဖြစ်ကြောင်း၊ ရေတွင်းကိုလည်း တူးမည်ဖြစ်ကြောင်းဖြင့် ဖခင်ဖြစ်သူအား ဖွင့်ဟ,ပြောပြလိုက်သည်။

"ကောင်းပြီ"ဟူ၍ ဖခင်ဖြစ်သူက ချက်ချင်းပြောဆိုလိုက်သည်။ ထို့နောက် "ပီတာ"၊ "ပေါလ်"နှင့် "ဂျက်" ညီအစ်ကိုသုံးယောက်တို့သည် ၎င်းတို့၏နေအိမ်မှ နန်းတော်သို့ ရှေ့ရှုထွက်ခဲ့ကြသည်။

ညီအစ်ကိုသုံးယောက်သည် ထင်းရှူးတောတစ်တောကို ဖြတ်သန်းလာခဲ့၏။ ထင်းရှူးတောတစ်ဖက်တွင် တောင် တစ်တောင်ရှိသည်။ တောင်သည် မတ်စောက်သည်။ သူတို့သုံးယောက် စလုံး တစ်စုံတစ်ရာကို ဖြတ်တောက်နေသည့် အသံ၊ ခုတ်ထစ်နေသည့်အသံ အမျိုးအစားတို့ကို ကြားလိုက်ရသည်။ အသံသည် တောင်ပေါ်မှဖြစ်သည်။ သစ်ပင်များ အကြိုအကြားမှ လွင့်ပြန့်လာခြင်းဖြစ်သည်။

"အံ့ဩစရာပါပဲလား။ ဘာများပါလိမ့်"

ဂျက်ကပြောသည်။

"မင်းကတော့ အမြဲတမ်း၊ အံ့ဩစရာတွေနဲ့ချည်းပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုနှစ်ဦးဖြစ်သည့် "ပီတာ"နှင့် "ပေါလ်"တို့က ဂျက်ကို ချက်ချင်း ပြောဆိုလိုက်သည်။

"သစ်တုံးဖြတ်တောက်နေတဲ့ သူတစ်ယောက်ဆီကလာတဲ့ အသံပါကွာ"

"ကျွန်တော် သွားကြည့်ချင်တယ်"

ဂျက်က ပြောပြောဆိုဆို အစ်ကိုနှစ်ဦးကို ထားရစ်ထွက်ခွာလာခဲ့သည်။ အစ်ကိုနှစ်ဦးကမူ ရယ်မောစွာ ကျန်ရစ်ခဲ့၏။ သို့ရာတွင် ဂျက်ကမူ အစ်ကိုနှစ်ယောက်သည် ၎င်းအား ရယ်မောလိုက်သည်ကို ဂရုမပြုနေပေ။ ဂျက်သည် မတ်စောက်သောတောင်၏ ဘေးတစ်ဖက်သို့ တက်လိုက်သည်။ အသံထွက်ပေါ်လာရာသို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်သည်။

ဂျက်သည် ပုဆိန်တစ်လက်ကို တွေ့လိုက်၏။ ပုဆိန်ကို ကိုင်ဆောင် ခုတ်ထစ်နေသည့်သူကို မတွေ့ရပေ။ ပုဆိန်ချည်းသက်သက်ကို တွေ့မြင်လိုက်ရခြင်းဖြစ်သည်။ ပုဆိန်သည် သူ့ဘာသာသူ ထင်းရှူးပင်ကြီးတစ်ပင်၏ ပင်လုံးကို ခုတ်ထစ်နေခြင်း ဖြစ်ပါသည်။

"ကောင်းသောနေ့ပါပဲ"

ဂျက်က ပုဆိန်ကို စတင်နှုတ်ဆက်လိုက်သည်။

"ခင်ဗျားတစ်လက်ထဲ ထီးထီးတည်း ဒီမှာရှိနေတာလား။ ခုတ်ထစ်နေတာလား"

"ဟုတ်ပါတယ်။ ကျုပ်တစ်လက်ထဲပဲ ဖြတ်တောက်နေတာ ခုတ်ထစ်နေတာ အချိန်တွေ ကြာလှပါပကောလားဗျာ။ ကျုပ် ခင်ဗျားကို စောင့်မျှော်နေပါတယ်"



ပုဆိန်က ဂျက်ကိုပြောပြသည်။

"ကောင်းပြီ၊ နောက်ဆုံးတော့ ကျုပ် ဒီကိုရောက်လာရတာပါပဲ"

ဂျက်ကပြောသည်။ ၎င်းနောက် ဂျက်သည် ပုဆိန်ကို ယူလိုက်သည်။ ပုဆိန်အရိုးလက်ကိုင်ကို ဖြုတ်လိုက်သည်။ ပုဆိန်ခေါင်းနှင့် အရိုးလက်ကိုင်နှစ်ခုကို အိတ်ထဲသို့ ထည့်ထားလိုက်သည်။

၎င်းနောက် ဂျက်သည် တောင်ပေါ်မှ ပြန်လည်ဆင်းလိုက်သည်။ ဂျက်ကိုတွေ့သော် ယင်း၏အစ်ကိုနှစ်ယောက်က ထပ်မံ၍ တစ်ကြိမ် ရယ်ရယ်မောမော ပြုလိုက်သည်။

"ကောင်းပြီလေ၊ ငါတို့ ညီလေးက တောင်ဘေးဘီမှာ ဘယ်လို ရယ်စရာတွေကို တွေ့လာခဲ့သေးသလဲ"

ဟု၍ အစ်ကိုများဖြစ်ကြသည့် "ပီတာ"နှင့် "ပေါလ်"တို့က ဂျက်ကို မေးမြန်းလိုက်သည်။

"ပုဆိန်တစ်လက်ပါပဲ။ အဲဒီပုဆိန်ရဲ့အကြောင်းကို ကျွန်တော်ကြားသိခဲ့ရတာပါပဲ"

"ဂျက်က ဖြေကြားပြောဆိုလိုက်သည်။

ထို့နောက် ညီအစ်ကိုသုံးယောက်သည် ဆက်လက်၍ ခရီးနှင်ခဲ့ကြသည်။ ကျောက်သားအမိုးအကာတစ်ခုအောက်သို့ ရောက်ရှိသွားကြသည်။ ထိုနေရာတွင် တစ်စုံတစ်ယောက်သည် တစ်ခုခုကို တူးနေသည့်အသံ၊ တူးပြီးသည့် ပစ္စည်းပစ္စယများကို ရွှေ့ပြောင်းပို့ဆောင်နေသည့် အသံဗလံတို့ကို ကြားလိုက်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အခု အံ့ဩနေရပြန်ပါပြီ"

ဂျက်ကပြောသည်။

"ဟောဒီကျောက်သား အမိုးအကာရဲ့အပေါ်မှာ ဘာတွေ တူးနေတာလဲ၊ ဘာတွေတူးပြီး ရွှေ့ပြောင်းနေတဲ့အသံတွေလဲဗျာ"

"လုပ်ပြီ၊ မင်းကတော့ အမြဲပဲ အံ့ဩပြီးရင်း အံ့ဩနေတာပါပဲ"

အစ်ကိုများဖြစ်ကြသည့် "ပီတာ"နှင့် "ပေါလ်"တို့က ဆပ်မံ၍ ဂျက်ကိုပြောလိုက်သည်။

"သစ်တောက်ငှက်တစ်ကောင်ဟာ သစ်ပင်ကို သစ်ခေါင်းပေါက်လုပ်နေတဲ့အသံ ထိုးနေဆိတ်နေတဲ့အသံဗလံမျိုးကို မင်းမကြားဖူးဘူးလား"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

ဂျက်ကပြောလိုက်သည်။

"ကျွန်တော် ထင်တာကတော့၊ ဘာသံလဲဆိုတာ အမှန်တကယ် သိလိုက်ရရင် ပျော်ရွှင်စရာဖြစ်လာလိမ့်မယ် ဆိုတာပါပဲ"

ထို့သို့ဖြင့် ဂျက်သည် အစ်ကိုနှစ်ဦးကို ထားရစ်ခဲ့ကာ ကျောက်သားအမိုးအကာပေါ်သို့ တက်ရောက်လိုက်သည်။ အစ်ကိုနှစ်ဦးကမူ ဂျက်ကို ကစားစရာကဲ့သို့ သဘောသက်ဝင်ကာ ရယ်မောနေကြသည်။ သို့ရာတွင် ဂျက်သည် အစ်ကိုနှစ်ဦးကို ဂရုပြုမနေတော့ပေ။ ၎င်းသည် ကျောက်သား၊ အမိုးအကာထိပ်ပိုင်းသို့ ရည်မှန်းကာ တက်လိုက်သည်။ အမိုးအကာ တစ်ခုပြီး



တစ်ခု တက်ရသည်။ နောက်ဆုံးတွင် ဂျက်သည် ကျောက်သားအမိုးအကာ ထိပ်ပိုင်းအနီးအနားသို့ ရောက်ရှိသွားသည်။

"အလို ... တူရွင်းပြားတစ်ချောင်းပါလား။ သူ့ဘာသာသူ တူးနေဆွနေပါလား"

ဂျက်သည် ကျောက်သားအမိုးအကာ ထိပ်ပိုင်းနေရာအနီးတွင် တူရွင်းပြားတစ်ချောင်းကို တွေ့မြင်လိုက်သည်။

"ကောင်းသောနေ့တစ်နေ့ပါဗျာ"

ဂျက်က တူရွင်းပြားကို စတင်နှုတ်ဆက်သည်။

"တူရွင်းပြားရယ်၊ ခင်ဗျားဟာ ဒီနေရာမှာ တစ်နေ့ကုန်တစ်နေခမ်း ခင်ဗျားတစ်ယောက်ထီးထီးပဲ တူးနေဆွနေသလား"

"ဒါပေါ့၊ အဲ့ဒါ ငါ့အလုပ်ပဲ"

တူရွင်းပြားက ပြန်လည်ပြောဆိုသည်။

"အဲဒီလို ငါတစ်ယောက်တည်းပဲ လုပ်နေကိုင်နေတာကြာလှပါပကော၊ အဲ ... ငါက မင်းကို စောင့်မျှော်နေတယ်လေ"

"ကောင်းပါပြီ၊ အခု ကျွန်တော် ဒီနေရာကို ရောက်လာပါပြီ"

ဂျက်ကပြောသည်။ ၎င်းနောက် ဂျက်သည် တူရွင်းပြားကို ၎င်း၏အိတ်ထဲသို့ ထည့်သွင်းလိုက်သည်။ ဂျက်သည် ၎င်း၏ အစ်ကိုနှစ်ယောက်ရှိရာသို့ ပြန်သွားသည်။

"ကျောက်သားအမိုးထိပ်ပေါ်မှာ ဘယ်လို အံ့ဩစရာမျိုးကို မင်းကတွေ့ခဲ့သေးလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ပီတာ"နှင့်"ပေါလ်" အစ်ကိုနှစ်ယောက်က ဂျက်ကို မေးလိုက်ကြသည်။

"အို ... အစ်ကိုတို့ရယ်"

ဂျက်က ပြန်လည်ပြောဆိုသည်။

"တူရှင်းပြားတစ်ချောင်းထက် ပိုမိုပြီးတော့လဲ ဘာဆိုဘာမှ မရှိပါဘူး"

ထို့နောက် ညီအစ်ကိုသုံးဦး ဆက်လက်၍ ခရီးဆက်ကြသည်။ သူတို့ ချောင်းကလေးတစ်ခု အနီးအနားသို့ ရောက်ရှိလာကြသည်။ သူတို့သုံးယောက်စလုံး ရေငတ်နေကြသည်။ ခရီးရှည် လမ်းလျှောက်ခဲ့ကြရသည့်အတွက် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့ သုံးဦး ချောင်းနံဘေးတွင် ရပ်နားကြသည်။ ချောင်းရေကို သောက်သုံးကြသည်။

"ကျွန်တော် အံ့သြရမြန်ပါပြီ"

ဂျက်က ၎င်း၏အစ်ကိုနှစ်ယောက်ကို ပြောသည်။

"ဟောဒီက ချောင်းရေတွေဟာ ဘယ်နေရာကများ စီးလာကြပါလိမ့်နော်"

"မင်းရဲ့ခေါင်းထဲမှာ အဲ့ဒီ့အမေး မှန်ကန်သွားခဲ့မယ်ဆိုရင် တို့နှစ်ယောက်လဲ အံ့သြစရာဖြစ်ကြရမှာပါပဲ"

အစ်ကိုနှစ်ယောက်က ဂျက်ကိုပြောသည်။

"မင်းဟာ ရှုးသွပ်သွားဖို့ အဆင်သင့်မဖြစ်သေးဘူး ဆိုရင်လဲ မကြာခင်မှာဘဲ မင်းဟာ ရှုးသွပ်သွားပါလိမ့်မယ်၊ မင်းက အံ့သြပြီးရင်း အံ့သြနေတဲ့ အရာတွေနဲ့ပါပဲ။ အဲ့ဒီချောင်းကလေးဟာ အမှန်တကယ် ဘယ်ကနေ ရောက်လာပေါက်လာကြပါသလဲ ဟုတ်လား။ မင်းဘယ်အခါကမှ မကြားဖူးခဲ့ဘူးလား၊ ကမ္ဘာပေါ်မှာ ရေဆိုတာ စမ်းတစ်ခုကနေ စီးဆင်းလာတယ်ဆိုတာများ"

"ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော်က ဟောဒီချောင်းကလေးဟာ ဘယ်နေရာကနေ ဘယ်လိုများ ရောက်လာပေါက်လာရသလဲဆိုတာကိုတော့ တွေ့ချင်မြင်ချင်နေတဲ့ အတွေးဆိုတာကလေး ကျွန်တော့်မှာ အကြီးအကျယ် ဖြစ်နေပါတယ်။ အစ်ကိုတို့ရဲ့... "ဟူ၍ ဂျက်က ပြောလိုက်သည်။

ဂျက်က ယင်း၏ အစ်ကိုနှစ်ယောက်က မည်သို့ပင် ပြောနေဆိုနေကြစေကာမူ ၎င်းသည် ချောင်းကလေး၏နံဘေးမှ ထွက်ခွာလာခဲ့၏။ ၎င်း၏ အစီအစဉ်ကို ရပ်ဆိုင်းသွားရန် တန့်သွားရန်မှာမူ ၎င်းအား မည်သည့်အရာကမှ စွမ်းဆောင်နိုင်မည်ပင် မဟုတ်ပေ။ သူထွက်ခွာဖြစ်အောင် ထွက်ခွာလာခဲ့သည်။ ချောင်းကလေး စီးဆင်းလာရာအတိုင်း ချောင်းနံဘေးမှ ရှေ့သို့ တိုး၍ တိုး၍ သွားသည်။

ချောင်းကလေးသည်လည်း တိုး၍တိုး၍ ကျဉ်းမြောင်းလာသည့် အခြေအနေကိုလည်း ဂျက်သတိပြုမိလာသည်။ နောက်ဆုံးတွင် ဂျက်သည် ချောင်းနံဘေးအတိုင်း အလှမ်းဝေးသောနေရာသို့ ရောက်ရှိသွားခဲ့သည်။ ဂျက်သည် ထိုနေရာတွင် အရွယ်အစားအားဖြင့် အလွန်ကြီးမားသော သစ်ချသီးတစ်လုံးကို မြင်တွေ့သည်။ ယင်းသစ်ချသီးကြီးအတွင်းမှ ရေများထွက်အန်ကျနေသည့် ပုံပန်းကိုလည်း ဂျက်သည် တစ်ဆက်တည်းတွေ့ရသည်။

"ကောင်းသောနေ့ပါပဲ"

www.burmeseclassic.com

ဂျက်က သစ်ချသီးကြီးကို ပြောသည်။

"သစ်ချသီးကြီး ဒီနေရာမှာပဲ နေနေပါသလား။ အခုလိုပဲ သစ်ချသီးကြီးထဲက ရေတွေ စဉ်ဆက်မပြတ်ထွက်ကျနေတာပဲလား"

"ဟုတ်တယ်၊ ငါက ရေတွေကို ထွက်ကျစေတာပါ"

သစ်ချသီးကြီးက ဂျက်၏အမေးကို ပြန်လည်ဖြေကြားပြောဆိုသည်။

"ဒီနေရာကပဲ ငါ့ဆီက ရေတွေအချိန်အကြာကြီး ကတည်းက ထွက်နေခဲ့တာပါပဲ။ ငါကလဲ မင်းကို စောင့်နေတာပါပဲ"

"ကောင်းပြီလေ၊ ကျွန်တော်ရောက်လာပါပြီ"

ဂျက်က ပြောပြောဆိုဆို ရေညှိအစုအထွေးတစ်ခုကို ယူလိုက်သည်။ ၎င်းနောက် သစ်ချသီးကြီး၏ ရေထွက်ကျနေသော အပေါက်ကို ပိတ်ဆို့လိုက်သည်။ ရေညှိအစုအထွေးနှင့် ပိတ်ဆို့ပြီးသည့်နောက် သစ်ချသီးကြီးထဲမှ ရေများ ဆီးဆင်းမကျလာတော့ပေ။ ထို့နောက် ဂျက်သည် သစ်ချသီးကြီးကို ယူလိုက်ပြီး၊ ၎င်းထဲတွင် ပါရှိလာသော အိတ်ထဲသို့ ထည့်သွင်းလိုက်သည်။ ပြီးစီးသော ဂျက်သည် ၎င်း၏အစ်ကိုနှစ်ယောက်ရှိရာသို့ အပြေးအလွှား သွားရောက်လိုက်သည်။

"ကဲ ... ကောင်းပြီ၊ အခု ချောင်းကလေးထဲကရေတွေ ဘယ်နေရာက စတင်စီးဆင်းလာခဲ့သလဲဆိုတာ မင်းက အဲဒီနေရာ တွေ့ခဲ့ပြီးပြီလား။ အင်မတန်ကို ထူးခြားများပါးတဲ့ မြင်ကွင်းတစ်ခုပဲ ဖြစ်နေမှာပါပဲ"



အစ်ကိုနှစ်ယောက်က ဂျက်ကိုပြောသည်။

"အစ်ကိုတို့ရယ်၊ အပေါက်တစ်ပေါက်ထဲကပါပဲ၊ အဲဒီအပေါက်ထဲက ရေတွေ ထွက်ရှိနေတာပါ"

ဂျက်က ပြန်လည်ပြောဆိုသည်။ အစ်ကိုနှစ်ယောက်က ရယ်သွေးသွမ်းလိုက်သည်။ ဂျက်ကိုလည်း နောက်နောက်ပြောင်ပြောင် ပြုသည်။ သို့ရာတွင် ဂျက်သည် ယင်း၏အစ်ကိုနှစ်ဦး၏ အနောက်အပြောင် အသော်အထေ့ကို စိတ်တွင် တစိုးတစိမျှပင် မထားရှိလိုက်ပါပေ။

ညီအစ်ကိုသုံးယောက်သည် ချောင်းကလေးနံဘေးမှ ဆက်လက်၍ ခရီးဆက်ကြသည်။ အနည်းငယ်မျှ ဆက်လက်၍ ထွက်ခွာပြီးသည့်နောက်တွင် ရှင်ဘုရင်၏ နန်းတော်တည်ရှိရာသို့ ရောက်ရှိခဲ့ကြသည်။

ရှင်ဘုရင်၏ တိုင်းပြည်အတွင်း လူတိုင်းသူတိုင်းပင် နန်းတော်အဆောက်အအုံ ပြတင်းပေါက်များအနီး ပေါက်ရောက်နေသော ဝက်သစ်ချပင်ကြီးအား ခုတ်လှဲပြီး ဆက်လက်၍ ရှင်ဘုရင်သတ်မှတ်ပေးထားသော သတ်မှတ်ချက်များနှင့် ပြည့်မီသည့် ရေတွင်းတစ်တွင်းကို တူးပေးနိုင်ခဲ့ပါက ရှင်ဘုရင်၏သမီးတော်ကို ကြင်ယာအဖြစ် ရရှိမည်ဖြစ်သည့်အပြင် တိုင်းပြည်၏တစ်ဝက်ကိုလည်း သိမ်းပိုက်ရရှိမည် ဟူသည့် ကြေငြာချက်သည် ပြန့်နှံ့နေပြီးဖြစ်သည်။ လူတိုင်းသူတိုင်း သိရှိနေကြပြီးဖြစ်သည်။

ထိုသို့ဖြင့် တိုင်းပြည်အတွင်းမှ ယောကျ်ားအမြောက်အမြားသည် နန်းတော်သို့ ရောက်ရှိလာကြသည်။ ကြေငြာထားမှုသည်နှင့်အညီ ဦးစွာ ဝက်သစ်ချပင်ကြီးကို ပုဆိန်ဖြင့် ဖြိုလှဲခုတ်



www.burmeseclassic.com

www.burmeseclassic.com



ထစ်ကြသည်။ ဝက်သစ်ချပင်ကြီးသည် အလျဉ်းမလဲမကျသွားပေ၊ ယင်းအပြင် ပုဆိန်ဖြင့် တစ်ချက်ပေါက်သည့် အကြိမ်တိုင်း ရှိရင်းအကိုင်းမှ အကိုင်းနှစ်ကိုင်း၊ ရှိရင်းအစိတ်အပိုင်းမှ အစိတ်အပိုင်းနှစ်ခု ပိုမိုထွက်ရှိလာသည်။ ဝက်သစ်ချပင်ကြီးသည် ပိုမို၍ပင် ကြီးရင့်လာသည်။

ထိုအခါတွင် ရှင်ဘုရင်က မည်သူမဆို ဝက်သစ်ချပင်ကြီးကို ကြိုးစားခုတ်လှဲနိုင်ပါကြောင်း၊ သို့ရာတွင် ဝက်သစ်ချပင်ကြီးသည် ဘုံးဘုံးလဲကျမသွားခဲ့ပါလျှင် ခုတ်လှဲရာတွင် မအောင်မြင်သူအား ချောင်ကျသော လူသူကင်းမဲ့သော ကျွန်းတစ်ကျွန်းသို့ ပို့ဆောင်မည့်အပြင် ၎င်း၏ နားရွက်နှစ်ဖက်ကိုလည်း ဖြတ်တောက်ပစ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

သို့ရာတွင် "ပီတာ"နှင့် "ပေါလ်"ဟို့ ညီအစ်ကိုနှစ်ယောက်က လုံးဝ ကြောက်ရွံ့မသွားကြပေ၊ သူတို့နှစ်ဦးစလုံးက ရှေးဦးစွာ ဝက်သစ်ချပင်ကြီးကို သေချာပေါက် ဖြိုလှဲ ရှင်းလင်းမှု ပြုပေးနိုင်မည်ဟူ၍ စိတ်ချစွာ ရှိနေကြသည်။

"ပီတာ"နှင့် "ပေါလ်"တို့ ညီအစ်ကိုနှစ်ယောက်တွင် "ပီတာ"သည် အကြီးဆုံးဖြစ်သည်။ သို့ဖြင့် ဝက်သစ်ချပင်ကြီးအား ဖြိုလှဲရှင်းလင်းရာတွင် ယင်းသည် ပထမကြိုးစားသည်။ သို့ရာတွင် မအောင်မြင်ပေ၊ ၎င်းဝက်သစ်ချပင်ကြီး၏ အကိုင်းတစ်ကိုင်းကို ခုတ်ဖြတ်တိုင်း ခုတ်ဖြတ်တိုင်း ထိုနေရာတွင် အကိုင်းနှစ်ကိုင်း ထပ်မံ၍ပေါက်ရောက်လာသည်။

၎င်းအကြောင်းကြောင့် ရှင်ဘုရင်၏ ဝန်ထမ်းများသည် "ပီတာ"ကို ဖမ်းဆီးလိုက်ကြသည်။ ၎င်း၏နားရွက်နှစ်ဖက်ကို





ဖြတ်လိုက်သည်။ ထို့နောက် ချောင်ကျသော၊ လူသူကင်းမဲ့သော ကျွန်းတစ်ကျွန်းသို့ ပို့ဆောင်လိုက်ကြသည်။

ယခု အလှည့်သည် "ပေါလ်"၏ အလှည့်ဖြစ်သည်။ "ပေါလ်"သည် ဝက်သစ်ချပင်ကြီးကို ကြိုးစား၍ခုတ်လှဲသည်။ သို့ရာတွင် "ပေါလ်"သည်လည်း မအောင်မြင်ခဲ့ပေ။ "ပေါလ်"သည် ပုဆိန်ဖြင့် ခုတ်လှဲရန်ကြိုးစားသည့် အကြိမ်တိုင်း ရှင်ဘုရင်နှင့် ဝန်ထမ်း အစေအပါးများသည် ဝက်သစ်ချပင်ကြီး မူလအရွယ်အစားထက် ပိုမိုရှင်သန် ကြီးထွားလာသည့်အဖြစ်ကို တွေ့မြင်ကြသည်။ ထို့ကြောင့် ရှင်ဘုရင်၏ ဝန်ထမ်းများက "ပေါလ်"ကို ဖမ်းဆီးလိုက်သည်။ နားရွက်နှစ်ဖက်ကို ဖြတ်သည်။ ချောင်ကျသော လူသူနေထိုင်ရန် ကင်းမဲ့သော ကျွန်းတစ်ကျွန်းသို့ ပို့လိုက်ကြသည်။

ယခုအကြိမ်သည် ညီအငယ်ဆုံး ဂျက်သည် ဝက်သစ်ချပင်ကြီးအား ခုတ်လှဲရမည့်အကြိမ်ဖြစ်သည်။

"မောင်မင်းကတော့ သိုးသားပေါင်ဖို့အတွက် သတ်ဖို့ အမှတ်အသားပြုခံထားရတဲ့ သိုးတစ်ကောင်နဲ့ တူမနေပါပကောလား။ မောင်မင်းရဲ့နားရွက်ကို ချက်ချင်းဖြတ်တောက်လိုက်ဖို့တောင် အဆင်သင့်ဖြစ်နေကြပြီးပြီပဲ"ဟူ၍ ရှင်ဘုရင်က "ဂျက်"ကို ပြောသည်။

"ကျွန်တော်မျိုး ပထမ ကြိုးစားကြည့်ပါ့မယ်"

ဂျက်က ပြောပြောဆိုဆို ၎င်းအိတ်ထဲမှ ပေါက်ဆိန်ကို ထုတ်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝက်သစ်ချပင်ကြီးကို အသေးရောက်အောင် ခုတ်လှဲလိုက်တော့"

ဂျက်သည် ပေါက်ဆိန်ကို ပြောလိုက်သည်။ ပေါက်ဆိန်သည် ဝက်သစ်ချပင်ကြီးကို ခုတ်လှဲလိုက်သည်။ ဝက်သစ်ချပင်ကြီး၏ သစ်ကိုင်းသစ်ခက် သစ်ရွက်အပိုင်းအစများသည် လွင့်စင် ထွက်သွားကြသည်။ ခုတ်လှဲသည့် အချိန်သည် မကြာမြင့်လှပေ။ ဝက်သစ်ချပင်ကြီး ဘုံးဘုံးလဲကျသွားသည်။

ထို့နောက် ဂျက်သည် အိတ်ထဲမှ တူရွင်းပြားကို ထုတ်ယူလိုက်သည်။

"တူးလိုက်စမ်းပါ" ဟူ၍ ဂျက်က တူရွင်းပြားကို ပြောသည်။

တူရွင်းပြားသည် မြေကြီးကို စတင်၍တူးသည်။ မြေကြီးအမှုန်အမွှား ကျောက်သား အပိုင်းအစများ လွင့်စင်သွားကြသည်။ မကြာမီမှာပင် ရေတွင်းတစ်တွင်းတူး၍ ပြီးစီးသွားသည်။ ရေတွင်း၏ အရွယ်အစားသည် ကြီးသည်။ နက်သည်။

ထို့နောက် ဂျက်သည် အိတ်ထဲမှ သစ်ချသီးကြီးကို ထုတ်ယူလိုက်သည်။ ရေတွင်း၏ ထောင့်တစ်နေရာတွင် သစ်ချသီးကြီးကို တင်ထားလိုက်သည်။ သစ်ချသီးကြီး၏ ရေထွက်ကျနေသော အပေါက်ကို ဆို့ပိတ်ထားခဲ့သော ရေညှိအစုအထွေးကို ဂျက်သည် ဖယ်ရှားလိုက်သည်။

"ရေတွေ သွန်ကျ သွန်ကျ"

ဂျက်က ပြောလိုက်သည်။ သစ်ချသီးကြီးထဲမှ ရေများ ရေတွင်းထဲသို့ စီးကျသွားသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ရေတွင်းအတွင်းတွင် ရေများပြည့်လျှံသွားသည်။

နောက်ဆုံးတွင် ဂျက်သည် ရှင်ဘုရင်၏နန်းတော် အဆောက်အအုံကို အုပ်မိုးထားခဲ့သော ဝက်သစ်ချပင်ကြီးကို အပြီးအစီး ဖြိုလှဲချနိုင်ခဲ့၏။ နန်းတော် အဝန်းအဝိုင်းအတွင်းမှာပင် ရေတွင်းတစ်တွင်းကိုလည်း တူးနိုင်ခဲ့ပြီးဖြစ်သည်။

ရှင်ဘုရင် ကြေငြာထားရှိခဲ့သည်နှင့်အညီ ဂျက်သည် ရှင်ဘုရင်၏သမီးတော်နှင့် လက်ထပ်နိုင်ခဲ့၏။ တိုင်းပြည်တစ်ဝက်ကိုလည်း ပိုင်ဆိုင်ရရှိခဲ့သည်။

ဂျက်၏ အစ်ကိုနှစ်ယောက်ဖြစ်ကြသော "ပီတာ" နှင့် "ပေါလ်" တို့သည် ယင်းတို့၏ နားရွက်များ ဆုံးရှုံးသွားခဲ့ကြသည်မှာ ယင်းတို့နှစ်ဦးအတွက် ကုသိုလ်ကံ ကောင်းမွန်သည်ဟူ၍ပင် ဆိုရမည်ဖြစ်သည်။ သို့မဟုတ်ပါက "ဂျက်" နှင့် စပ်လျဉ်း၍ လူတိုင်းက ပြောဆိုနေသောစကားကို "ပီတာ" နှင့် "ပေါလ်" တို့နှစ်ဦး ကြားနေကြရဦးမည် ဖြစ်သည်။

"ဂျက်က အံ့သြစရာတွေပါပဲရယ်လို့ ပြောခဲ့တာတွေဟာ တကယ့် တကယ်တော့ ဂျက်ရဲ့စိတ်ထဲမှာတော့ အလွန်အကျူးကြီး အံ့သြစရာဖြစ်မှာမှ မဟုတ်တာပါပဲ ..." ဟူ၍။



www.burmeseclassic.com

www.burmeseclassic.com

# နတ်သမီးနာရီ

နတ်သမီးအပေါင်းတို့၏ "ဒန်ဒီလီအွန်"ပန်းနှင့်စပ်လျဉ်းသည့် လျှို့ဝှက်ချက်ကို မိမိသိရှိလိုက်ရပြီးဖြစ်ကြောင်းဖြင့် "ပက်ဒီအို'၁ရင်"က ဖွင့်ဟပြောပြလိုက်သည့်အခါတွင် ကြားသိလိုက်ကြရသည့် သူအပေါင်းတို့က ယုံကြည်မှုမရှိကြချေ။

အကြောင်းကား "ပက်ဒီ"သည် ၈–နှစ်အရွယ်မျှသာ ရှိသေးသည့် လူကလေးတစ်ဦး ဖြစ်နေသည့်အတွက်ဖြစ်၏။ "ပက်ဒီ"သည် အရွယ်အားဖြင့် ငယ်လွန်းသေး၏။ ယင်းအပြင် ၎င်းသည် အရာရာကို စူးစမ်းလိုသည့်သဘော၊ သိရှိနေချင်သည့် စိတ်တို့ ရှိနေသည်။ သူတစ်ပါးအပေါ် နောက်နောက်ပြောင်ပြောင် ပြုတတ်သည့် အလေ့သည်လည်း အများအားဖြင့် ဖြစ်ပေါ်နေ

တတ်ပါသည်။ ရှစ်နှစ်ဟူသည့် အရွယ်သည်လည်း ငယ်လွန်းသည့် အရွယ်ပင် မဟုတ်ပါလား။

ညတစ်ညဖြစ်ပါသည်။ အချိန်အားဖြင့် သန်းခေါင်ကျော် ဖြစ်၏။ ပက်ဒီသည် အိပ်မောကျလျက်ရှိနေခဲ့ရာမှ ရုတ်တရက် နိုးသွားသည်။ သူ၏ အချစ်တော် ကြောင်သုံးကောင်သည် သူ၏ ခြေရင်းတွင် အိပ်ပျော်လျက်ရှိနေကြသည်ကိုလည်း ပက်ဒီ တွေ့မြင်ရသည်။

ပက်ဒီ၏ အိပ်ယာခေါင်းရင်းတွင် ပြတင်းပေါက်ရှိသည်။ ပက်ဒီသည် ပြတင်းပေါက်အပြင်သို့ လှမ်းမျှော်ကြည့်သည်။ ကောင်းကင်တွင် လမင်းကို တွေ့ရ၏။ လမင်းသည် ထိန်ထိန်သာနေပါသည်။

မြက်ခင်းပြင်ကို ဖြတ်ကျော်တိုက်ခတ်လာသော လေ၏ အတွေ့အထိကို ပက်ဒီ ခံစားရသည်။ မြက်ခင်းပြင်များသည် ပက်ဒီ၏နေအိမ်အနီးတွင် ရှိနေပါသည်။ အရာရာသည် ငြိမ်သက်အေးချမ်းစွာ ရှိနေပါသည်။ သာသာယာယာ ဖြစ်နေပါသည်။

ပက်ဒီသည် ရုတ်တရက်အသံများ လွင့်ပျံ့လာသည်ကို ကြားလိုက်ရသည်။ အသံသည် မြက်ခင်းပြင်များမှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ပထမတွင် ပက်ဒီသည် အသံကို ဖြည်းညှင်းစွာ ကြားရသည်။ ရှည်မြင့်နေသော မြက်များအကြားမှ တိုးထွက်လာခဲ့သည့် အသံဖြစ်သည်။ အသံသည် ပီပီသသဖြစ်လာသည်။ ပက်ဒီ သဲကွဲစွာ ကြားရ၏။ မြက်ခင်းပြင်များမှပင် တိုးထွက်လာသည့်အသံ ဖြစ်ပါသည်။ အသံသည် ရယ်မောနေသည့်အသံ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာများပါလိမ့်"

ပက်ဒီက တစ်ယောက်တည်းပြောနေသည်။ ၎င်း၏အသံသည် ကျယ်လောင်သွားသည်။ ကြောင်သုံးကောင်သည်လည်း အသံများပြုကြ၏။ ခေါင်းများ ထောင်လာကြသည်။ မြတင်းပေါက်အနားသို့ တိုးကပ်သွားကြသည်။

"မင်းတို့ သီချင်းသံကြားလို့လား"

ပက်ဒီက ကြောင်သုံးကောင်ကို မေးလိုက်သည်။ သူမေးလိုက်သည်မှာ သေချာပေါက်သိရှိရန်ဖြစ်သည်။ ကြောင်သုံးကောင်သည် ၎င်းတို့၏ ဦးခေါင်းများကို ခါရမ်းလိုက်ကြသည်။

ပက်ဒီသည် လှေကားမှ ခြေဖျားထောက်၍ ဆင်းလာသည်။ ၎င်း၏အဖေ၊ အမေ၊ အစ်ကို၊ အစ်မများ ၎င်း၏ခြေသံကြောင့် နိုးသွားကြမည်ကို စိုးရိမ်သည်။ လှေကားမှ သတိထားဆင်းလိုက်သည်။ ၎င်းသည် အိမ်ရှေ့တံခါးမ,သို့ ရောက်ရှိသည်။ အိမ်မွေးခွေးတစ်ကောင် ရှိနေသည်။ ပက်ဒီသည် ခွေး၏ဦးခေါင်းကို ပွတ်သပ်လိုက်သည်။ ၎င်းနောက် ခွေး၏ နား,နားသို့ ကပ်၍ လေသံတိုးတိုးဖြင့်

"ကယ်လီ ... ထစမ်း ..."ဟူ၍ ပြောလိုက်သည်။

အိမ်မွေးခွေး ကယ်လီသည် ခုန်ပေါက်လိုက်သည်။ သို့သော် အသံ မထွက်ပေါ်ပေ။ ကယ်လီသည် သခင်ဖြစ်သူ ပက်ဒီကိုစယ်နောက်ပြောင်မှု ပြုတတ်သည့် အလေ့ကို ချစ်နေသည်။ ထို့နောက် ပက်ဒီ၊ ကယ်လီနှင့် ကြောင်ကလေးသုံးကောင်တို့သည် မြက်ခင်းပြင်သို့ရှေ့ရှုကာ အပြေးအလွှား သွားကြသည်။



မြက်ခင်းပြင်တွင် ပုံမှန်နှင့်အညီ အခြားပန်းအမျိုးအစားများနှင့်အတူ "ဒန်ဒီလီအွန်"ပန်းများသည်လည်း ဝေဆာစွာပွင့်လန်းနေကြသည်။ (ဒန်ဒီလီအွန်ပန်းသည် ပေါများစွာတွေ့ရသည့် ပန်းအမျိုးအစားဖြစ်သည်။ ပန်းပွင့်၏ အဆင်းအရောင်သည် အဝါဖြစ်သည်။ အရွက်များ၏ အစွန်အဖျားသည် ခွေးသွားစိတ်များကဲ့သို့ အစိတ်စိတ်ဖြစ်ပေါ်နေသည်။)

သို့ရာတွင် ပက်ဒီ၊ ကယ်လီနှင့် ကြောင်ကလေးသုံးကောင်တို့သည် မြက်ခြင်းပြင်ကို တွေ့မြင်လိုက်သည်နှင့် အံ့အားတသင့်ဖြစ်ကုန်ကြသည်။ အကြောင်းမူကား မြက်ခင်းပြင်တွင် တွေ့မြင်နေကျ အခြားအမျိုးအစား ပန်းများနှင့် "ဒန်ဒီလီအွန်"ပန်းများအပြင် နတ်သမီးများကိုလည်း အများအပြား တွေ့မြင်လိုက်ကြရသည့် အတွက်ကြောင့်ဖြစ်သည်။ နတ်သမီးများသည် မြက်ခင်းပြင်ပေါ်တွင် ကခုန်နေကြ၏။ ပက်ဒီသည် ကခုန်နေကြသည့် နတ်သမီးများအကြား သီဆိုတီးမှုတ်နေကြသည့် နတ်သမီးအစုအဝေးကိုလည်း တွေ့ရသည်။ ယင်းနတ်သမီးများသည် ပုလွေအတိုအရှည်များကို မှုတ်နေကြသည်။ ဒရမ်တစ်ခုကိုလည်း တီးနေသည်။

ပက်ဒီ၊ ကယ်လီနှင့် ကြောင်ကလေးသုံးကောင် တို့သည် မြက်ခင်းပြင်တွင် ထိုင်လိုက်ကြသည်။ နတ်သမီးများ ဆက်လက်၍ ကခုန်နေကြသည်ကို စူးစိုက်ကြည့်ရှုနေမိကြသည်။

ထိုအခိုက် ခရမ်းရောင်ဖျော့ ပန်းများပွင့်ဝေနေသော ချုံပုတ်တစ်ခု၏ နောက်ကွယ်မှ မှင်စာတစ်ကောင်သည် ရုတ်တရက် ခုန်ပေါက်ထွက်ရှိလာသည်ကို ပက်ဒီ တွေ့မြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ပက်ဒီ ခေါင်းညိတ်ပြလိုက်သည်။ ကယ်လီနှင့် ကြောင်ကလေး သုံးကောင်တို့သည်လည်း အလားတူဖြစ်ကြသည်။

သို့ရာတွင် မှင်စာသည် "ဒန်ဒီလီအွန်"ပန်းပင်တစ်ပင်မှသည် တစ်ပင်သို့ စတင်၍ ကူးပြောင်းပြေးလွှားသွားသည်။ မှင်စာသည် ပြေးရင်းလွှားရင်းဖြင့်ပင် "ဒန်ဒီလီအွန်"ပန်းပင် တစ်ပင်ပြီးတစ်ပင်ကို တို့တို့ထိထိ ပြုလုပ်သွားသည်။ "ဒန်ဒီလီအွန်" ပန်းပွင့်များမှ အဖြူရောင် အစေ့အမှုန်အမွှားများသည် မြက်ခင်းပြင် နေရာအနှံ့အပြားသို့ လွင့်ပျံ့သွားပါသည်။

နတ်သမီးများသည် ပန်းပွင့်များမှ အစေ့အမှုန်အမွှားများ အနီးပတ်ဝန်းကျင်တွင် လွင့်ပျံ့နေသည့် အခြေအနေကို တွေ့မြင်လိုက်ကြသည်။ ထိုသို့ တွေ့မြင်လိုက်သည်နှင့် တပြိုင်နက် နတ်သမီးများသည် မြက်ခင်းပြင်မှ လျှင်မြန်စွာ အပြေးအလွှား ထွက်ခွာသွားကြသည်။ အချိန်အနည်းငယ် အတောအတွင်းမှာပင် မြက်ခင်းပြင်တွင် နတ်သမီးများ မြန်ဆန်စွာ ပျောက်ကွယ်သွားကြကုန်သည်။ မှင်စာကမူ မြက်ခင်းပြင်တွင် ကျန်ရစ်နေဆဲဖြစ်သည်။

"မထွက်သွားပါနဲ့အုံး ... "

ပက်ဒီက မှင်စာကို အော်ဟစ်ပြောဆိုလိုက်သည်။ အိမ်မွေးခွေး ကယ်လီသည် မှင်စာကိုဟောင်သည်။ ကြောင်ကလေး သုံးကောင်သည်လည်း မှင်စာကို တညောင်ညောင်ဖြင့် အသံပြုသည်။

"ကျွန်တော်နဲ့ ကျွန်တော့်တိရစ္ဆာန်သုံးကောင်စလုံး၊ ခင်ဗျားကို ရန်မပြုပါဘူး။ ထိခိုက်နာကျင်အောင် မလုပ်ပါဘူးဗျာ"



ပက်ဒီသည် မှင်စာကို ထပ်မံတားမြစ်လိုက်ပြန်သည်။ သို့ရာတွင် မှင်စာသည် ယင်း၏လက်ချောင်းဖြင့် ပါးစပ်ကို ပိတ်ထားလိုက်သည့်ဟန် တိုးတိတ်စွာ ရှိနေစေချင်သည့်အသွင် ဖော်ပြလိုက်သည်။

"တိတ်တိတ်နေကြပါ လူကလေးရယ်"

မှင်စာက ပက်ဒီကြားရုံမျှ တိုးတိုးတိတ်တိတ် ပြောလိုက်သည်။

"လူကလေး မသိလေရော့သလား၊ နတ်သမီးတွေဟာ လူတွေက သူတို့ကို မြင်တွေ့လိုက်တာနဲ့ သူတို့တစ်တွေမှာရှိနေတဲ့ စွမ်းရည်တွေ တန်ခိုးတွေဟာ ပျောက်ကျဆုံးရှုံးသွားကြတယ်ဆိုတာလေ၊ အဲဒါကြောင့် လူတွေရောက်ရှိလာပြီဆိုတာသိအောင် ငါက "ဒန်ဒီလီအွန်"ပန်းပင်က ပန်းပွင့်တွေကို လေနဲ့မှုတ်ထုတ်ပြ၊ တို့ထိပြနဲ့ နတ်သမီးတွေ သိရှိအောင် သတိပေးရ အချက်ပေးရတယ်လေ"

"ကျွန်တော် ဝမ်းနည်းပါတယ်ခင်ဗျာ"

ပက်ဒီက ပြောလိုက်သည်။ မျက်ရည်လည်း ကျလာသည်။ သူသည် တစ်ဖက်သားကို မကြာခဏ နောက်နောက်ပြောင်ပြောင်ပြုခဲ့၏။ သို့ရာတွင် ပက်ဒီသည် တစ်ဖက်သားသို့ မည်သည့်အခါမှာမှ ထိခိုက်စေရန်၊ အနာအကျင်ဖြစ်စေရန် မပြုမလုပ်ခဲ့ပါပေ။

မှင်စာသည် ပက်ဒီတစ်ယောက် တစ်ဖက်သားကို သနားကြင်နာမှု ထားရှိတတ်သည့် လူကလေးတစ်ယောက်ဖြစ်ကြောင်း သိရှိလိုက်ပါသည်။ သို့ဖြင့် မှင်စာသည် ပက်ဒီကို ယင်း၏

www.burmeseclassic.com

(မှင်စာနှင့် နတ်သမီးများ) လျှို့ဝှက်ချက်ကို ဖွင့်ဟပြောဆိုလိုက်ရန် ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

"လူကလေးတွေ့လား ..."

မှင်စာက "ဒန်ဒီလီအွန်"ပန်းပွင့်အစေ့များကို ညွှန်ပြလိုက်သည်။

"နတ်သမီးတွေဟာ ဒန်ဒီလီအွန်ပန်းပွင့် အစေ့တွေကို မှုတ်ထုတ်လိုက်ရင် ဘယ်အချိန် ဘယ်နှစ်နာရီ ရှိနေပြီလဲဆိုတာ သိရှိကြပါတယ်။ ပန်းပွင့်တွေဆီက အစေ့တွေ အနီးပတ်ဝန်းကျင်မှာ ရွေ့လျားလွင့်ပျံ့နေတာကို သူတို့တစ်တွေ မြင်တွေ့လိုက်ပြီဆိုရင် သူတို့တစ်တွေ သူတို့နေရာဆီကို အမြန်ဆုံး ပြန်ကြရတော့မယ်ဆိုတာ သိရှိလိုက်ကြပြီ"

နောက်တစ်နေ့ မနက်သို့ ကူးပြောင်း ရောက်ရှိခဲ့၏။ ပက်ဒီသည် လူတိုင်းသူတိုင်းကို ၎င်းသည် နတ်သမီးများကို တွေ့မြင်ခဲ့ပါကြောင်း၊ နတ်သမီးများ၏ လျှို့ဝှက်ချက်ကိုလည်း သိရှိရပြီးဖြစ်ကြောင်းဖြင့် ဖွင့်ဟပြောပြလိုက်သည်။ သို့ရာတွင် လူပေါင်းများစွာသည် ပက်ဒီ၏ပြောစကားကို ယုံကြည်မှုမရှိကြပေ။

သို့ရာတွင် ပက်ဒီ၏ပြောစကားကို ယုံကြည်ကြသည့်သူများလည်း ရှိပါ၏။ ၎င်းတို့မှာ ကလေးများနှင့် တိရစ္ဆာန်များပင်ဖြစ်ကြသည်။ ၎င်းတို့တစ်တွေသည် ပက်ဒီတစ်ယောက် နတ်သမီးများကို တွေ့မြင်ခဲ့ရသည်ဟူ၍ ပြောဆိုမှုကိုလည်း ယုံကြည်ကြသည်။ နတ်သမီးများ၏ လျှို့ဝှက်ချက်ကို ပက်ဒီတစ်ယောက် သိရှိခဲ့သည်ကိုလည်း ယုံကြည်ကြသည်။



ယင်းကြောင့် ယနေ့တွင် အချို့သော "အိုင်းရစ်(Irish) လူမျိုး ကလေးသူငယ်များသည် "ဒန်ဒီလီအွန်"ပန်းပွင့်အခါများကို တွေ့မြင်ကြသည့်အခါတိုင်း၊ ပန်းပွင့်မှ အစေ့အမွှန်အမွှားများ လွင့်စင်သွားစေသည့်အထိ လေဖြင့် မှုတ်ထုတ်မှုပြုတတ်ကြသည်။ ထိုသို့ဖြင့် ဘယ်နှစ်နာရီထိုးနေပြီဟူ၍ အချိန်ကိုလည်း သူတို့တစ်တွေ ဆက်လက်၍ ပြောဆိုကြပါသည်။

❀ ❀ ❀

www.burmeseclassic.com

# ကြောင်နှင့်ကြွက်

တစ်ရံရောအခါက မှင်စာတစ်ကောင်သည် ပါတီပွဲတစ်ပွဲကို ခမ်းနားစွာ ကျင်းပပေးခဲ့သည်။ ၎င်းက ၎င်း၏ပါတီပွဲသို့ တက်ရောက်ကြပါရန် အားလုံးကို ဖိတ်ကြားသည်။ ဖိတ်ကြားခံရသည့်သူများတွင် ကြောင်တစ်ကောင်သည်လည်း ပါဝင်သည်။

သို့ရာတွင် ပါတီပွဲကျင်းပနေသည့်အချိန်တွင် ကြောင်သည်ပါတီပွဲသို့ တက်ရောက်လာကြသည့် ၎င်း၏သူငယ်ချင်းအပေါင်းအဖော်များအားလုံးနှင့် အချိန်ကုန်ဆုံးသွားခဲ့သည်။ ပါတီပွဲမှ အပြန်တွင် ကြောင်သည် ဆာလောင်နေ၏။

၎င်းအနေဖြင့် အခွင့်အလမ်းကောင်း ဖြစ်သွားစေခဲ့သည်မှာ ကြောင်အိမ်တစ်လုံးအနီးမှ ဖြတ်သန်းသွားခဲ့မိခြင်းပင်ဖြစ်သည်။ ကြောင်အိမ်ထဲတွင် သိမ်းဆည်းထားရှိသည့် အစားအစာများထဲမှ မွှေးကြိုင်သည့် အနံ့အသက် လွင့်ပျံ့ ထွက်ပေါ်လာသည်။ အနံ့အသက် မွှေးကြိုင်စွာ လွင့်ပျံ့လာသည့်အတွက် ကြောင်အိမ်အတွင်းတွင် ရှိနေသော အစားအစာများသည် အရသာအားဖြင့် ကောင်းမွန်နေမှာပါပဲဟူ၍ တွေးလိုက်မိသည်။ ကြောင်အိမ်အတွင်းရှိ အစားအစာများကို ၎င်းသည် စားချင်သည့်စိတ်ဖြစ်နေ၏။

ကြောင်သည် ကြောင်အိမ်တံခါးကို ကုတ်ခြစ်နေ၏။ တစ်ကြိမ်ပြီးတစ်ကြိမ် ဆက်လက် ကုတ်ခြစ်နေခြင်းဖြစ်သည်။ ကြောင်အိမ်တံခါးသည် လှုပ်ခါနေ၏။ နောက်ဆုံးတွင် ကြောင်အိမ်တံခါးသည် ပွင့်ထွက်သွားသည်။ ကြောင်အိမ်အတွင်းတွင် အရွယ်အစားကြီးမားသော ကြွက်တစ်ကောင်အား အကောင်လိုက် ပြုတ်၍ထည့် သွင်းထားသည်ကို တွေ့မြင်လိုက်သည်။

ကြောင်အနေဖြင့် ၎င်းအသက်ရှင်ခဲ့သည့် အချိန်တစ်လျှောက်တွင် ကြွက်ပြုတ်၏အသားကို မစားခဲ့ဘူးပေ။ ၎င်းသည် ကြွက်သားပြုတ်ကို တွေ့မြင်လိုက်မိသည်နှင့်ပင် အလွန်ဆာလောင်လာ၏။

"အနံ့ရတဲ့အတိုင်း အရသာ အမှန်တကယ်ရှိမှာပါပဲ"ဟူ၍ ကြောင်သည် တွေးတောလိုက်မိသည်။ တွေးတောမိရင်းပင် အနီးအပါးတွင် တစ်စုံတစ်ယောက်များ ရှိနေလေမလားဟူ၍ ကွက်ကြည့်ကွက်ကြည့် လုပ်လိုက်သည်။

"တော်ပါသေးရဲ့ အနီးအနားမှာ ဘယ်သူမှ မရှိဘူး"

ကြောင်က ကျေနပ်စွာ ပြောလိုက်သည်။

"ကြွက်သားပြုတ်ဟာ ဘယ်လောက်များ အရသာရှိနေလိုက်မလဲဆိုတာ ငါ နည်းနည်းလောက်တော့ မြည်းစမ်းစားကြည့်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြောင်သည် ပြောပြောဆိုဆို ကြက်သားပြုတ်အသား အနည်းငယ်ဖဲ့ယူစားလိုက်သည်။

"အရသာရှိလိုက်တာ"

ကြောင်သည် ကြက်သားပြုတ်၏အရသာကို **နှစ်သက်**သွားသည်။ ၎င်းသည် ကြက်သားပြုတ်တစ်ခုလုံးကို **ကိုက်ချီ၍** ထွက်ပြေးသွားသည်။

ထိုအချိန်မှာပင် ကြွက်သည် ကြောင်အိမ်ဆီသို့ရှေ့ရှုကာ ဖြည်းညှင်းစွာ လာနေသည်။ တစ်ဆက်တည်းမှာပင် ကြွက်သည် ကြောင်အိမ်တံခါးကို ဖွင့်လှစ်လိုက်သည်ကို တွေ့မြင်သည်။ ကြွက်သည်လည်း ကြောင်အိမ်အတွင်းတွင် ထည့်သွင်းထားရှိသော ကြက်သားပြုတ်အကောင်လုံးကိုလည်း တွေ့မြင်သည်။ ၎င်းသည်လည်း ကြက်သားပြုတ်ကို စားချင်ပါသည်။ သို့ရာတွင် ကြွက်သည် စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။ အကြောင်းမှုကား ကြောင်သည် ကြက်သားပြုတ်အကောင်လုံးကို ကိုက်ချီထွက်ပြေးသွားသည်ကို မြင်တွေ့လိုက်ရသည့်အတွက် ဖြစ်သည်။

ထိုအခိုက်အတန့်မှာပင် ပါတီပွဲပေးသူမှင်စာသည် ကြောင်အိမ်အနီးသို့ ရောက်ရှိလာသည်။ ကြောင်အိမ်အတွင်း ထည့်သွင်းထားခဲ့သည့် ကြက်သားပြုတ်ကောင်လုံးသည် ကြောင်အိမ်အတွင်း၌ မရှိတော့ပေ။

"ငါ့ ကြက်သားပြုတ် ကြောင်အိမ်ထဲမှာ ထည့်ထားတာ ဘယ်သူယူသွားသလဲ၊ မင်းသိသလား"

မှင်စာသည် ကြောင်အိမ်အနီးတွင် ရပ်နေသူတစ်ဦးကို မေးလိုက်သည်။



"ဟင့်အင်း ... ကျွန်တော် မသိဘူး ..."

မှင်စာသည် တွေ့ရှိသည့်သူများကို တစ်ယောက်ပြီးတစ်ယောက် မေးသည်။ ကြောင်အိမ်ထဲတွင် ထည့်သွင်းခဲ့သည့် ကြက်သားပြုတ်ကို မည်သူက ယူသွားခဲ့သည်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ မပြောနိုင်ပေ။

သို့သော် မှင်စာသည် စိတ်လျှော့လက်လျှော့မရှိပေ။ ထပ်မံ၍ တွေ့မြင်သည့်သူတိုင်းကို တစ်ယောက်ပြီးတစ်ယောက် မေးပြန်သည်။

"မတွေ့မိပါလား ..."

"ကြက်သားပြုတ် ဘယ်သူယူသွားမှန်း မသိပါဘူး"

"တကယ်ပဲ မမြင်မိပါဘူး"

"မတွေ့ဘူး ..."

"ကြောင်အိမ်ထဲမှာ ထည့်ထားတယ်ဆို၊ ဘယ်သိပါ့မလဲ"

မှင်စာသည် တွေ့သည့်သူတိုင်းကို မေးမြန်းသည်။ ရရှိလာသည့် အဖြေများကား ဆင်တူယိုးမှားများ ဖြစ်ကြသည်။ ကြောင်အိမ်ထဲမှ ပျောက်ဆုံးသွားသည့် ကြက်သားပြုတ်ကောင်လုံးကို ယူဆောင်သွားသည့်သူကို မသိပါ၊ မမြင်ပါဟူသော အဖြေများသာလျှင် ဖြစ်ကြသည်။

သို့ဖြင့် မှင်စာသည် ၎င်းတွေ့မြင်မိသည့်သူတိုင်းကို မေးမြန်းခဲ့၏။ နောက်ဆုံးတွင် ကြွက်တစ်ကောင်ကို တွေ့မြင်လိုက်သည်။ မှင်စာသည် ကြွက်ကို မမေးမြန်းရသေးပေ။

"ဟေ့ ... ကြွက်၊ ငါ ကြက်တစ်ကောင်လုံးကို ပြုတ်ထားပြီး ကြောင်အိမ်ထဲမှာ ထည့်ထားခဲ့တယ်၊ အခု ငါ့ကြောင်အိမ်

www.burmeseclassic.com



ကို ဖွင့်ကြည့်တော့ ငါထားထားတဲ့ ကြက်သားပြုတ်မရှိတော့ဘူး ကွ၊ အဲဒါ ကြောင်အိမ်ထဲက ကြက်သားပြုတ် ဘယ်သူယူသွားသလဲ မင်းသိသလား၊ မင်းတွေ့လား''

မှင်စာက ကြွက်ကို မေးသည်။

''ကျုပ်တွေ့တယ် ...''

ကြွက်က တိကျစွာ ပြန်ပြောသည်။

''ကြောင်တစ်ကောင်ပဲ၊ သူက ကြောင်အိမ်ကိုဖွင့်တယ်။ ကြက်သားပြုတ်ကို ကြောင်အိမ်ထဲက ယူလိုက်တယ်ဗျာ၊ ပြီးတော့ ကြက်သားပြုတ်ကို ယူပြီး ထွက်ပြေးသွားတယ်''

''ဘယ်ဘက်ကို ထွက်ပြေးသွားလဲ''

မှင်စာ စိတ်ဆိုးသွားသည်။ သူသည် ကြွက်ကို ဆက်လက်၍ မေးသည်။

''အဲဒီလမ်းအတိုင်းပဲ၊ ပြောင်းခင်းဘက်ကိုပေါ့''

ကြွက်က ပြောပြောဆိုဆို လက်ညှိုးထိုးပြလိုက်သည်။

မှင်စာက ကြွက်ကို ဆက်လက်၍ မမေးမြန်းတော့ပေ၊ ကြောင်နောက်သို့ အမီလိုက်ရန် တဟုန်တည်း ထွက်ပြေးသွားသည်။

ထိုအချိန်တွင် ကြောင်သည်လည်း အလှမ်းဝေးသည့် နေရာသို့ ရောက်ရှိနေသည်။ ၎င်းက လုံခြုံသည့် အကွာအဝေး တစ်နေရာသို့ ရောက်ရှိနေပေပြီ ဟူ၍ တွေးလိုက်သည်။ ကိုက်ချီလာခဲ့သော ကြက်သားပြုတ်ကို မြေပေါ်သို့ချလိုက်သည်။ အရသာရှိရှိ စားလိုက်မည်ဟူ၍ ပြင်ဆင်လိုက်သည်။



မကြာမြင့်လိုက်ပါပေ။ ကြောင်သည် ၎င်းကိုက်ချီလာခဲ့သော ကြက်သားပြုတ်အကောင်လုံးကို မြေပေါ်သို့ လွှတ်ချလိုက်သည့်အချိန်မှာပင် တိုက်ဆိုင်စွာ မှင်စာသည် ၎င်းထံသို့ ရှေ့ရှုကာ အမြန်ဆုံး အပြေးလိုက်လာနေသည်ကို ကြောင်က တွေ့မြင်လိုက်ရသည်။

ကြောင်သည် မြေပေါ်သို့ ချထားလိုက်သော ကြက်သားပြုတ်အကောင်လုံးကို ထပ်မံ၍ကိုက်ချီလိုက်သည်။ ၎င်းနောက်ဝါးမြိုစားသောက်လိုက်ရန် ကြိုးစားသည်။ တစ်ကောင်လုံးကို ဝါးမျိုရမည်ဖြစ်နေ၍လည်း ကြောင်သည် ရုတ်တရက် မစွမ်းဆောင်နိုင်ပါပေ။ ၎င်း၏လည်ချောင်းအတွင်း၌ တစ်တစ်ဆို့ဆို့ ဖြစ်နေသည်။

''ဟော့ ... သူခိုး၊ ငါ့ ကြက်သားပြုတ်ပြန်ပေး၊ ငါ့ ကြက်သားပြုတ်ပြန်ပေး''

မှင်စာသည် အော်ဟစ်၍ ပြေးလာသည်။ ကြောင်၏အနီးသို့ ရောက်ရှိလာသည်။

ကြောင်က ''ညောင်'' ဟူ၍ အသံပြုသည်။ သူသည် မှင်စာကို ရုတ်တရက် မည်သည်ကိုမျှ ပြန်လည်၍ မပြောမဆိုနိုင်ပါပေ။ သူ၏လည်ချောင်းတွင် ကြက်သားပြုတ်အကောင်လုံးသည် တစ်ဆို့နေသည့်အတွက်ကြောင့်လည်းဖြစ်သည်။ မှင်စာသည် ကြောင်၏ခေါင်းကိုကိုင်၍ သွက်လက်စွာ လှုပ်ခါသည်။ ကြက်သားပြုတ်တစ်ကောင်လုံး လည်ချောင်းထဲမှ ပြန်လည်၍ အန်ကျလာစေရန်အတွက်ဖြစ်သည်။ ကြောင်သည် မည်သည့်စကားမျှ ပြန်လည် မပြောမဆိုနိုင်ပါပေ။ အသံသာလျှင်ပြုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညောင်"

မူလက ကြောင်သည် ပြေပြစ်သော အသံကို ပြုနိုင်ပါသည်။ သို့ရာတွင် ကြက်သားပြုတ်တစ်ကောင်လုံးကို မဆန့်မပြဲ မြိုချ ထားသည့်အတွက် အသံသည်လည်း ပျက်နေသည်။ ၎င်း၏လည်ချောင်းအတွင်း တစ်ဆို့နေပြီး လည်ချောင်းကိုလည်း ထိခိုက် နာကျင်စေသည့်အတွက်ကြောင့်လည်း ဖြစ်သည်။ ထိုအချိန်မှ အစပြု၍ ကြောင်သည် မည်သည်ကိုမျှ ချဲ့ထွင် မပြောမဆိုနိုင်တော့ပေ။

"ညောင် ... ညောင် ..."ဟူသည့်အသံကိုသာလျှင် ထွက်မှုရန် ကြိုးစားပန်းစား ပြုနေရသည်။

"ညောင်"

မှင်စာအနေဖြင့် ၎င်းပိုင်ဆိုင်ထားသည့် ကြက်သားပြုတ်တစ်ကောင်လုံးကို ကြောင်၏ လည်ချောင်းအတွင်းမှ ပြန်လည်၍ ထွက်ရှိလာစေရန်အတွက် ပြုသော်ငြား မစွမ်းနိုင်ပါပေ။ ကြောင်သည်လည်း ၎င်းကို ခွန်းတုံ့ပြန်စကား မပြောမဆိုနိုင်တော့ပါပေ။

ယင်းကြောင့် မှင်စာသည် ကြောင်အပေါ် စိတ်ဆိုးလာမိသည်။ ၎င်းသည် ကြောင်ကို ရိုက်ပုတ်လိုက်သည်။ တစ်ကြိမ်တည်း တစ်ခါတည်း ရိုက်ပုတ်လိုက်ခြင်း မဟုတ်ပေ။ မှင်စာသည် ကြောင်ကို ထပ်ခါထပ်ခါ ရိုက်ပုတ်နေခြင်းဖြစ်သည်။ မှင်စာသည် ကြောင်ကိုရိုက်ပုတ်ရင်း ၎င်း၏လက်ချက်ကြောင့် ကြောင်သည် သေဆုံးသွားခဲ့ပေပြီဟူ၍ အထင်ရောက်သည်။



ထိုအကြောင်းကြောင့် ကြောင်ကို လမ်းဘေးတစ်နေရာတွင် ပစ်ထားခဲ့၏။ ၎င်းသည် ၎င်းနေအိမ်သို့ပြန်သည်။ အမှန်တကယ်အားဖြင့် ကြောင်သည် မသေဆုံးသေးပေ။ မှင်စာက တစ်ကြိမ်ပြီးတစ်ကြိမ် ရိုက်ပုတ်ထားသည့်အတွက် ဒဏ်ရာဒဏ်ချက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။

"ငါ အမှန်တကယ် သေဆုံးသွားပြီရယ်လို့ ယုံကြည်သွားကြရင်လဲ အကောင်းဆုံးပါပဲ"ဟူ၍လည်း ကြောင်က တွေးတောလာမိသည်။ ထို့ကြောင့် ၎င်းသည် လမ်းဘေးလေးတစ်နေရာမှာပင် အချိန်ကြာမြင့်စွာ ငြိမ်ငြိမ်သက်သက် နေနေသည်။

မှင်စာတည်ခင်းသောပါတီပွဲသို့ တက်ရောက်စားသောက်ကြပြီး ပါတီပွဲမှ ပြန်လာကြသော အခြားသော တိရစ္ဆာန်များသည်၊ လမ်းဘေးတစ်နေရာသို့အရောက်တွင် ငြိမ်သက်စွာရှိနေသော ကြောင်ကိုတွေ့မြင်ကြသည်။ ပါတီပွဲပြန် တိရစ္ဆာန်များသည် ကြောင်ကို တွေ့မြင်လိုက်သည်နှင့် "ကြောင်ဟောကြောင်၊ သူခိုးကြောင်"ဟူ၍လည်း ရယ်သွမ်းသွေးကြသည်။ ပြောဆိုကြသည်။

အဆိုပါအခြေအနေများကြောင့်လည်း ထိုအချိန်မှအစပြု၍ ကြောင်ဟူသော တိရစ္ဆာန်အမျိုးအစားသည် တစ်စုံတစ်ယောက်ကို မြင်တွေ့လိုက်သည်နှင့် တပြိုင်နက် ၎င်း၏ဦးခေါင်းကို ငိုက်စိုက်ချပြီး အလျှင်အမြန် ထွက်ပြေးသွားသည့် အမူအကျင့်ဖြစ်ပေါ်လာခဲ့သည် ဟူ၍ ဆိုသည်။

ယင်းအပြင် ထိုအချိန်အခါမှ စတင်၍ ကြောင်သည် ကြွက်ကို မုန်းတီးလာခဲ့သည်။ ကြွက်ကိုတွေ့လျှင် သတ်ဖြတ်ပစ်

www.burmeseclassic.com



ငါး ကြွက်၏ လှုပ်ရှားသည့် အရိပ်အခြည်ကိုမှန်းဆမိသည်နှင့် ကြွက်ကို စောင့်ဆိုင်းချောင်းမြောင်းသည်။ ကြွက်ကိုမိနိုင်သည့် အခွင့်အလမ်းတစ်ရပ် ဖြစ်ပေါ်လာလျှင် 'အလစ်မပေးတော့ပေ။ မှန်းတီးသည့်အတွက်ဖြစ်သည်။ အကြောင်းမူကား ကြွက်သားပြုတ် တစ်ကောင်လုံးကို ကြောင်အိမ်ထဲမှ ယူဆောင်သွားခဲ့သည့် အခြေအနေနှင့် စပ်လျဉ်း၍ မှင်စာကို ထုတ်ဖော်ပြောဆိုခဲ့သည့်သူမှာ ကြွက်ဖြစ်သည့်အတွက်ကြောင့် ဖြစ်သည်။

ᯤ ᯤ ᯤ

BURMESE CLASSIC .com

# မြင့်မောက်သောတောင် သေးကွေးသောရှဉ့်

နေ့တစ်နေ့တွင်ဖြစ်သည်။ ထိုနေ့တွင် နေရောင်သည် တိမ်သားတိမ်တိုက် အထူအပါးများကြားမှ ထိုးဖောက်လာဟန်တူသည်။ နေရောင်သည် အရမ်းကာရော လင်းလက်တောက်ပမနေပေ။ သို့ရာတွင် ထိုနေ့သည် ပွင့်လင်းသာယာသည့်နေ့တစ်နေ့ဖြစ်သည်။ လေသည်ဖြည်းညှင်းစွာ ဝေ့ရမ်းတိုက်ခတ်နေသည်။

ထို့ကြောင့်ပင် ရှဉ့်ကလေးတစ်ကောင်သည် ၎င်းအနေရာ အရပ်မှ တစ်နေရာသို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်ဟန်တူသည်။ ခြေဆန့်လက်ဆန့် ခရီးထွက်လာခြင်းလည်း ဖြစ်နိုင်ပါသည်။ သာယာနေသော နေ့တွင် ရှဉ့်ကလေးသည်လည်း စိတ်လွတ်ကိုယ်လွတ် ရွှင်ပြုနေသည့်အသွင်လည်း ပေါ်ပေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှဉ့်ကလေး ထွက်ခွာလာခဲ့သည်မှာ ခရီးအနည်းငယ်မျှ ပေါက်ရောက်လာသည်။ ၎င်းအနေနှင့် စိမ်းနေသော ဝန်းကျင်အသစ်ကို မိန်းမောစွာ လျှောက်လှမ်းလာခဲ့ရာမှ မသိမသာ ခရီးကွင်လာခြင်းလည်းဖြစ်ပါသည်။

ရှဉ့်ကလေးသည် လမ်းခုလယ်သောတစ်ဘက်တွင် တောင်တစ်တောင်ကို ဘွားကနဲ တွေ့မြင်လိုက်ရသည်။ တောင်သည် မြင့်မောက်နေပါသည်။ အထုအထည် ကြီးမားနေသည့်ပုံပန်းကို ရှဉ့်ကလေး ထင်ရှားစွာ တွေ့မြင်ရသည်။ တောင်၏အနောက်ဖက်တွင် တိမ်တိုက်များကို တွေ့ရသည်။ နောက်ခံတိမ်တိုက်များကြောင့် တောင်၏ပုံသဏ္ဌာန်သည် ကြွကြွရွရွ ဖြစ်ပေါ်နေသည်။ တောင်သည်လည်း မာနတံခွန်ထူနေသည့်အသွင် အလိုလိုဖြစ်လျက်ရှိနေ၏။

''အင်း ... ကြီးလိုက် မြင့်လိုက်တဲ့တောင်၊ ဒီနားတစ်ဝိုက်မှာ သူ့ကို ယှဉ်စရာတောင်တွေလဲမရှိတော့ အန္တတောမှာ လူချော်ဖြစ်နေပါပကောလား''

ရှဉ့်ကလေးသည် မြင့်မောက်နေသော တောင်၏ဘေးတစ်ဖက်မှ ဖြတ်သွားရင်း သူ့ဘာသာသူ တီးတိုးပြောနေလိုက်သည်။ သို့ရာတွင် ရှဉ့်ကလေး၏ အပြောအဆိုကို တောင်သည် ကြားဖြစ်အောင် ကြားလိုက်သည်။ ငြိမ်းညှင်းစွာ တိုက်ခတ်နေသောလေသည် ရှဉ့်ကလေး၏တီးတိုးစကားကိုပင် တောင်ထံသို့ ပို့ဆောင်ပေးလိုက်လေသလားမသိ။

''ဘာ ...''

ရှဉ့်ကလေး၏စကားကြောင့် တောင်သည် ရှုံ့မဲ့ရှုံ့ရဲ ဖြစ်လာသည်။ ဒေါသတောင်တစ်လုံးအသွင် ပြောင်းလဲလာခဲ့၏။



ရှဉ့်ကလေးသည် လျှောက်လှမ်းနေရာမှ ခြေလှမ်းတုံ့ကနဲ ရပ်ဆိုင်းသွားသည်။ ရှဉ့်ကလေးသည် မြင့်မောက်နေသောတောင်ကို စူးစိုက်စွာ ကြည့်လိုက်သည်။ တောင်သည်လည်း ရှဉ့်ကလေးကို မထီမဲ့မြင်သည့်ဟန်ဖြင့် ပြန်ကြည့်လိုက်သည်။ ဟုတ်ပ၊ သူ့လို မြင့်မောက်နေသော တောင်တစ်လုံးက ရှဉ့်ကလေး ပိစိကွေးကို ဘောက်မဲ့ကြောင့် အလေးဂရုပြုနေရဦးမှာတုံး လာလာချည်သေး။

''လက်တစ်ဆုပ်တောင် မရှိလှပါဘူးကွာ''

တောင်က မခံချင်စွာ ပြောသည်။ ရှဉ့်ကလေး တွေဝေသွားသည်။

''ဟာ ... ငါ့ကို တိုက်ရိုက်ပြောချလိုက်တာပဲ''

ရှဉ့်ကလေးသည် ဘေးတစ်ဖက်တစ်ချက်သို့ မျက်စေ့ကစားကြည့်ရင်း စိတ်ထဲမှာပင် ပြောလိုက်သည်။ ပတ်ဝန်းကျင်သည် ပြန့်ပြူးသော မြေပြင်ဖြစ်သည်။ သူနှင့် တောင်မှတစ်ပါး အခြားမည်သူမျှမရှိ။ ကုဏ္ဍိုပြင်သို့ လှမ်းမျှော်ပြောဆိုလိုက်သည်။ မဟုတ်ပေ။ သည်တော့ ရှဉ့်ကလေးက တောင်သည် သူ့ကို တိုက်ရိုက်ရည်ညွှန်းလိုက်ပေပြီ ဟူ၍ နားလည်လိုက်သည်။

''လက်တစ်ဆုပ်တောင် မရှိလှပါဘူးကွာ''

တောင်၏ ရင့်သီးသောစကားသည် သူ့နားထဲတွင် ပဲ့တင်ထပ်သွားသည်။ ရှဉ့်ကလေး ရှေ့ဆက်မသွားနိုင်တော့ပေ။ သူသည် တောင်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်သည်။

''လက်တစ်ဆုပ် ဟုတ်လား ... ဟား ... ဟား ... ဟား''

www.burmeseclassic.com

www.burmeseclassic.com



ရှဉ့်ကလေးသည် သဘောကျစွာ ရယ်မောလိုက်သည်။ တောင်၏ ဝင့်ဝါသည့် စကားကိုလည်း ယိုးမယ်ဖွဲ့မနေဟူသည့် သဘော၊ ပေါ့ပေါ့တန်တန်ပြုလိုက်ခြင်းလည်း ဖြစ်သည်။ သည်မှာပင် ရှဉ့်ကလေးနှင့် တောင်၏ရန်ပွဲသည် စတင်ခဲ့သည်ဟူ၍ ဆိုရမည်ဖြစ်သည်။

"တော်တော် ဟိတ်ဟန်ကြီးတဲ့ မြင့်မောက်တဲ့ တောင် တစ်လုံးပါပဲလား"

ရှဉ့်ကလေးက မထိတထိပြောသည်။

"ဟုတ်တယ်။ မင်းဟာ အလွန်ကြီးမားတဲ့ တောင် တစ်လုံးဖြစ်တယ် ဆိုတာကိုတော့ ငါက သံသယ မရှိပါဘူးကွာ၊ ... ကြီးတော့ ကြီးပေါ့ အချိန်တော့ စီးပါစေ"

"ဟုတ်လိုက်လေ"

တောင်သည် ရှဉ့်ကလေး၏စကားကို သဘောကျသွားသည့်အသွင်လည်း ဖြစ်သည်။

"ကြီးလည်း ကြီးတယ်ကွ၊ အချိန်လည်းစီးတယ်ကွ"

တောင်က မာထန်စွာ ပြောလိုက်သည်။ ရှဉ့်ကလေးက တောင်ကို ပြန်လှန်ချေပရန်စကားကို အပြေးအလွှား စဉ်းစားလိုက်သည်။

"အေး ... ငါကတော့ ရှဉ့်ငယ်လေးပေါ့ကွာ၊ ရှဉ့်ကလေးပေါ့ မင်းအမြင့်နဲ့ဆို မလောက်လေး မလောက်စား လက်တစ်ဆုပ်စာပေါ့နော်"

ရှဉ့်ကလေးက ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။



"တောင်ရယ် မင်းကလဲ ကြီးမြင့်တော့ ကြီးမြင့်တဲ့ အလျောက် ငါကလဲ သေးကွေးလဲ သေးကွေးတဲ့အလျောက်ပေါ့ ကွာ၊ စွမ်းရည်စွမ်းစရှိနေကြတာချည်းပဲ၊ အေး ..."

ရှဉ့်ကလေးက ရုတ်တရက် စကားမဆက်သေးဘဲ စဉ်းစားဟန်ပြုနေသည်။ ပြီးမှ ...

"ဒါပေမယ့် ဒီကမ္ဘာမြေပေါ်မှာ လုပ်ငန်းဆောင်တာတို့ အဆင့်အတန်းတို့၊ အကျိုးသက်ရောက်ဖွယ် ဖြစ်စေတာတို့၊ ရာသီဥတုအခြေအနေဆိုတာတွေဟာလဲ တောင်ရယ် မင်းလည်း မင်းအလျောက် ငါလဲ ငါအလျောက် ပါဝင်နေတာချည်းပါပဲ။ အဲဒီလိုနဲ့ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွားတာပဲ မဟုတ်လား။ မင်းရောငါရော အရှက်ရစရာတို့ နာမည်ပျက်စရာတို့ ဖြစ်ခဲ့ကြ တာမှ မဟုတ်တာ ..."

ဟူ၍ ဆက်လက်ပြောဆိုသည်။

တောင်သည် ရုတ်တရက် နှုတ်လှန်ထိုးပြောစရာ စကားကို တုန့်ပြန်ရန် စဉ်းစား၍ မရရှိသေးသည်လား၊ ရှဉ့်ကလေး၏ သာသာနှင့် နာနာဖြစ်ဖွယ်ရာသည့်အသွင်ကိုဆောင်သော စကားလုံးများအကြား မိန်းမောတွေဝေသွားနေသည်လား မသိရပါပေ၊ တောင်သည် နှုတ်ဆိတ်ငြိမ်သက်သွားပါသည်။

"တောင်ရယ် ... မင်းဟာ ငါ့နေရာမှာ ဝင်ခံစားကြည့်စမ်းပါ။ အေး ... ဟုတ်တယ်၊ ငါကလဲ မင်းက ဝင့်ဝင့် ကြွားကြွားနဲ့ မြင့်မောက်နေသလို ငါက မဝင့်ကြွားနိုင်ပါဘူး။ မြင့်မောက်နေဖို့လဲ ငါက မတတ်စွမ်းနိုင်ပါဘူး။ ဒါပေမယ့် မင်းကလဲ

www.burmeseclassic.com



ငါဟာ သေးကွေးတဲ့ရှဉ့်ကလေးတစ်ကောင် ဖြစ်နေသလို မင်းက လဲ ငါ့လိုလိုက်ပြီး မသေးကွေးနိုင်ပါဘူး မဟုတ်လား ...''

ရှဉ့်ကလေးက မေးပြော ပြောလိုက်သည်။ မြင့်မောက် နေသော တောင်သည် ဟိတ်ဟန်အသွင် ထယ်ဝါနေသောငြား သေးကွေးသော ရှဉ့်ကလေး၏ စကားအလျဉ်ဝယ် မိန်းမောတွေ ဝေနေသည့် အခြေအနေက များနေသည်။

''ဒါပေမယ့် မြင့်မောက်နေတဲ့တောင်ကြီးရယ်၊ မင်းတတ် စွမ်းနိုင်တာကိုလဲ မင်းက ထိထိမိမိ လုပ်ပေးနိုင်တယ်ဆိုတာကိုလဲ ငါက မငြင်းလိုပါဘူး၊ အလွန်လှပတဲ့ လမ်းကလေးတစ်လမ်း လောက်တော့ မင်းက ဖေါက်ပေးနိုင်တယ်၊ လုပ်ပေးနိုင်ပါတယ် လေ၊ သွားဖို့လမ်းတစ်လမ်းတော့ ဖြစ်စေတာပေါ့နော်၊ ဒါပေ မယ့် ...''

ရှဉ့်ကလေးသည် ရုတ်တရက် စကားကိုဖြတ်လိုက်သည် မြင့်မောက်နေသော တောင်ကိုလည်း စူးစိုက်ကြည့်နေလိုက်သည်။ တောင်သည်လည်း ရှဉ့်ကလေးကို စူးစမ်းသည့်ဟန်ဖြင့် ပြန်ကြည့် နေလိုက်သည်။ ဘာမျှတော့ မပြောပေ၊ ပြောပြီးပါပကော၊ မြင့် မောက်နေသည့် တောင်သည် သေးကွေးသော ရှဉ့်ကလေး၏ စကားအလျဉ်ဝယ် မိန်းမောတွေဝေနေသည့် အခြေအနေက များနေသည်လို့။

ကိုယ်စီကိုယ်င အရည်အချင်း အစွမ်းအစ ရှိနေကြသည့် သူများဖြစ်ကြသည်။ သို့သော် တစ်ဦးနှင့် တစ်ဦး အရည်အချင်း အစွမ်းအစ ခြားနားကွာဟမှု ရှိပါသည်။ သဘာဝဖြစ်ပါသည်။



''မြင့်မောက်နေတဲ့တောင်ကြီးရယ်၊ မင်းက သစ်တော ကြီးတွေကို မင်းရဲ့ကျောကုန်းထက်ပေါ်မှာ သယ်ဆောင် ထမ်းပိုး ထားနိုင်ပေမယ့် အဲ့ဒါကို ငါဆိုတဲ့ ရှဉ့်ကလေးက မင်းကိုတုပပြီး ငါ့ရဲ့ ကျောကုန်းပေါ်မှာ သစ်တောကြီးတွေကို သယ်ဆောင် ထမ်းပိုးမထားနိုင်တာကတော့ အမှန်ပါပဲကွာ''

ရှဉ့်ကလေးက သူ့စကားကို ဆက်ပြောမည်ပြုပြီးမှ ရပ် ထားလိုက်ပြီး မြင့်မောက်နေသော တောင်ကို အကဲခတ်သည့် ဟန်ဖြင့် ကြည့်ပြီးမှ သူ့စကားကို ပြန်လည်ဆက်သည်။

''အဲ့ဒီလိုပါပဲ မြင့်မောက်နေတဲ့တောင်ကြီးရယ်၊ အခွံမာ ကျောတဲ့ အသီးတစ်လုံးကိုလဲ ငါက ကွဲသွားအောင် အလွယ် ကလေး ခွဲစိတ်လိုက်နိုင်ပေမယ့်လို့ မင်းဟာ အင်နဲ့အား ထုနဲ့ ထည်နဲ့ ဖြစ်တည်နေတာမှန်ပေမယ့် အခွံမာကျောတဲ့ အသီးတစ် လုံးကို ငါ့ကိုတုပပြီး ကွဲသွားအောင် အလွယ်ကလေးနဲ့ မင်း မခွဲစိတ်နိုင်သေးပါဘူးကွယ်''

ရှဉ့်ကလေးသည် ပြောပြောဆိုဆိုဖြင့် သူ့ခရီးကိုသူ ဆက် သွားသည်။ မြင့်မောက်နေသော တောင်ကြီးသည် သူ့မြင်ကွင်းမှ ဖြည်းဖြည်းချင်း အလှမ်းဝေးသွားသော ရှဉ့်ကလေးကို တွေးတွေး ဆဆဖြင့် ငေးမောကြည့်ရင်း ကျန်ရစ်သည်။

မောင်မော

www.burmeseclassic.com